ရှေးဟောင်းမြင့်မြတ်ခန္ဓာမှစတင်၍
(ကျွင်းရှောင်ယောက်)

မူရင်း စာစဉ်အမည် ; Scoring the Sacred Body of the Ancients from the Get-go

မူရင်း စာရေးသူ ; God j

ဘာသာပြန် ; နိုင်လင်းအောင်

အခန်း ( ၂၈၆ ) မင်းမတတ်နိုင်ရင် ဒီနတ်ဘုရားသားတော်က မင်းဆန္ဒအတိုင်း ဖြစ်စေမယ်။

ယင်းက ဧကရာဇ်လက်နက်ဖြင့် ကြက်တစ်ကောင်ကို သတ်ဖြတ်ခြင်း ဖြစ်သည်။

ယေဘူယျအားဖြင့် ပြောရလျှင် ၎င်းက အင်မော်တယ် အင်အားစုတစ်ခု၏ အမွေအနှစ်ဖြစ်ပြီး ၎င်းတို့ကို

အသုံးပြုရန် မလွယ်ကူပေ။

၎င်းကို အင်မော်တယ်စစ်ပွဲ၊ သေခြင်းရှင်ခြင်း
သို့မဟုတ် အင်ေမာ်တယ် အင်အားစုတစ်ခု၏
ကံကြမ္မာနှင့် ပတ်သက်နေ၍ မဟုတ်ပါက၊
အသုံးပြုကြခဲလှသည်။

မဟုတ်လျှင်လည်း မည်သူက ကေရာဇ်လက်နက်ကို
သွားလေရာ တကောက်ကောက်
သယ်သွားနေလိမ့်ပါမည်နည်း။

ဤအကြောင်းကြောင့်ပင် ကေရာဇ်လက်နက်များက
ကမ္ဘာပေါ်တွင် မရှိသလောက်ရှားနေခြင်း ဖြစ်သည်။

ကျင့်ကြံသူ အများစုဆိုလျှင် ၎င်းတို့၏
တစ်သက်လုံးမှာပင် ကေရာဇ်လက်နက်ကို

မမြင်ဖူးကြပါချေ။

ယခုမူ၊ အင်အားစုများစွာနှင့်
များပြားလှသောသတ္တဝါများရှေ့တွင်
ကျွင်းရှောင်ယောက်က ပန်ကေရာဇ်ဓားကို
တိုက်ရိုက်ထုတ်ဖော်လာခဲ့ပြီ ဖြစ်သည်။

အရေးကြီးဆုံးကတော့ ဤကေရာဇ်လက်နက်သည်
ကျွင်းမိသားစုနှင့် မသက်ဆိုင်ဘဲ
ကျွင်းရှောင်ယောက်ကိုယ်ပိုင် ဖြစ်နေခြင်းပင်
ဖြစ်တော့သည်။

ယင်းက အလွန်ကြောက်စရာကောင်းသည်။

ဘိုးဘေးနဂါးသိုက်တွင်
ကေရာဇ်လက်နက်များရှိသော်လည်း

ဤအဆင့်တိုက်ပွဲတွင် မင်းသမီးလုံကျိကို ပေးသုံးရန် မဖြစ်နိုင်ပေ။

ကွာဟချက်က ကြီးလွန်းသည်။

"ဒါက ငါ့ဘဝမှာ ပထမဦးဆုံးအကြိမ် ကေရာဇ်လက်နက်ကို တွေ့ဖူးတာပဲ၊ အလကားနေ အလကား မှတ်တမ်းတင်ထားဦးမှ"

သာမာန်အင်အားစုများ၏ ပါရမီရှင်များလည်း စိတ်လှုပ်ရှားစွာဖြင့် အလင်းနှင့်အရိပ်ကျောက်ကို ထုတ်ယူကာ အဝေးမှ တိုက်ပွဲမြင်ကွင်းကို မှတ်တမ်းတင်လိုက်ကြသည်။

ဤအပြုအမူမျိုးက ရယ်စရာလို့ ထင်ရသော်လည်း မည်သူမျှ လှောင်ပြောင်ခြင်း မပြုပေ။

အကြောင်းမှာ ယနေ့ခေတ် လူငယ်အများစုက ဧကရာဇ်လက်နက်များကို မမြင်ဖူးကြသောကြောင့် ဖြစ်သည်။

မျိုးဆက်ဟောင်းများပင် ၎င်းတို့ကို သိပ်မတွေ့ရပေ။

နောက်ဆုံးတွင် အင်မော်တယ်နယ်မြေကြီး၌ အင်မော်တယ်တိုက်ပွဲများ မဖြစ်ပွားခဲ့သည်မှာ ကြာမြင့်သွားခဲ့ပြီ ဖြစ်သည်။

ထို့ကြောင့် မည်သူမျှ ဘာမှ မပြောကြတော့ပေ။

ဘိုးဘွားနဂါးသိုက်ရှိ သတ္တဝါများလည်း ဒေါသတကြီးဖြင့် အော်ဟစ်ကြိမ်းမောင်းမိလုနီး ဖြစ်နေသည်။

မျိုးဆက်သစ်လူငယ်တွေရဲ့ တိုက်ပွဲမှာ မင်းက ကေရာဇ်လက်နက်ကိုတောင် ထုတ်သုံးနေတယ်လား။

ဤခံစားချက်မျိုးဟာ သုံးနှစ်သားလေးနှစ်ယောက် သစ်သားဓားများနှင့် တိုက်ခိုက်နေရာမှ တစ်ယောက်က ဓားအစစ်ကို ရုတ်တရက် ထုတ်လာသကဲ့သို့ပင် ဖြစ်သည်။

"ဝမ်"

လူအုပ်ကြီးက တုန်လှုပ်ခြောက်ခြားနေချိန်တွင်...

ပန်ကေရာဇ်ဓားမှ ကြောက်မက်ဖွယ်ကောင်းသော ဓားအလင်းတစ်ခုကို တောက်ပလာစေသည်။

နဂါးသဏ္ဍာန် ဘလက်ဂိုလ်းဓားကလည်း
ကောင်းကင်သို့ ဖြတ်သန်းသွား၏။

ဤဓားသည် ကေရာဇ်လက်နက် ထုဆစ်ရန်အတွက်
မြင့်မြတ်ပစ္စည်းများဖြင့် ပြုလုပ်ထားခဲ့ခြင်း ဖြစ်သည်။

သို့သော်လည်း ကေရာဇ်လက်နက်နှင့်
ကေရာဇ်တစ်ပိုင်းကြား၌ပင် ကွာချက်ကြီးတစ်ခုရှိပြီး
၎င်းတို့က တူညီသောကမ္ဘာမှ မဟုတ်ပါ။

ကျွင်းရှောင်ယောက်၏ လက်ရှိအင်အားအရ
ပန်ကေရာဇ်ဓား၏ စွမ်းအားကို အမှန်တကယ်
အသုံးချရန်ကား သဘာဝအတိုင်း မဖြစ်နိုင်ပေ။

သို့ရာတွင် အင်အား၏
တစ်သောင်းပုံတစ်ပုံသာရှိလျှင်ပင်

အခြားပါရမီရှင်များ
ခံနိုင်ရည်ရှိသောအရာမဟုတ်လေတာ သိသာသည်။

"ချွမ်"

နဂါးသဏ္ဌာန် ဘလက်ဂိုလ်းဓားက ပန်ကေရာဇ်ဓားကို
မထိသေးဘဲ ပန်ကေရာဇ်ဓား၏
တောက်ပသောဓားအလင်းနှင့် တိုက်မိရုံဖြင့်ပင်
ချက်ချင်း လွင့်ထွက်သွားခဲ့သည်။

ဓားပေါ်တွင် အက်ကြောင်းတစ်ခုရှိနေပြီး
ဓားတစ်ခုလုံးတွင်လည်း အက်ကွဲကြောင်းများစွာ
ရှိနေပုံရသည်။

"ပြန်လာခဲ့စမ်း"

မင်းသမီးလုံကျိ မျက်နှာပျက်သွား၏။

နဂါးသဏ္ဍာန်ဘလက်ဂိုလ်းဓားသည် သူမ၏
ကိုယ်ပိုင်လက်နက်ဖြစ်သည်။

သူသာ အနာဂတ်တွင် ကောင်းစွာ လေ့ကျင့်ပေးခဲ့ပါက
သူမနှင့်အတူ ကြီးပြင်းလာကာ ကေရာဇ်တစ်ပိုင်း
သို့မဟုတ် ကေရာဇ်လက်နက်တစ်ခုပင်
ဖြစ်လာနိုင်လိမ့်မည်။

ထို့ကြောင့် နဂါးသဏ္ဍာန် ဘလက်ဂိုလ်းဓား
ပျက်ဆီးခြင်းကို မြင်ရခြင်းမှာ မင်းသမီးလုံကျို၏
နှလုံးသားကို နာကျင်သွားစေခဲ့သည်။

ဤမြင်ကွင်းကြောင့် ကျွင်းမိသားစုမှ လူများကတော့
ပျော်မဆုံးပေါင် ဖြစ်နေသည်။

ယခင်က မင်းသမီးလုံကျိသည် ဤစားဖြင့်
ကျွင်းလုံခန်းအား နာကျင်စေခဲ့သည်။

မဟုတ်ပါက ကျွင်းလုံခန်းဟာ လွယ်လွယ်ဖြင့်
ရှုံးနိမ့်သွားမည် မဟုတ်ပေ။

ယခုလည်း မင်းသမီးလုံကျိက ကျွင်းရှောင်ယောက်ကို
ကိုင်တွယ်ရန် တူညီသောလှည့်ကွက်ကို
အသုံးပြုလိုပြန်သည်။

ရလဒ်အနေဖြင့် ကြက်ကို ခိုးယူခြင်းမှ
ဆန်ဆုံးရှုံးမဖြစ်ဘဲ ၎င်း၏ နဂါးသဏ္ဍာန်
ဘလက်ဂိုလ်းဓားသည်ပင် ပျက်ဆီးသွားခဲ့ရပေပြီ။

နဂါးသဏ္ဍာန် ဘလက်ဂိုလ်းဓားက
မင်းသမီးလုံကျိထံသို့ ပြန်ရောက်သွားခဲ့သည်။

သို့သော်လည်း ဓားက အရှိန်ပြင်းပြင်းဖြင့် ပြန်လွင့်လာခြင်းဖြစ်ရာ မင်းသမီး လုံကျိကို တစ်ဖန်တုန်ခါသွားစေခဲ့သည်။ တချိန်တည်းမှာပင် သူမ၏လည်ချောင်းထဲသို့ ချိုမြိန်သော အထိအတွေ့တစ်ခု စိမ့်တက်လာ၍ အတင်း မျိုသိပ်ရလေသည်။

မင်းသမီးလုံကျိ၏ အနည်းငယ် ရှက်ရွံ့နေရသော အသွင်အပြင်ကို ကြည့်ကာ လိုက်ပါလာသူ အားလုံး သက်ပြင်းချကုန်ကြသည်။

ယင်းက ဘယ်လို တိုက်ပွဲမလဲ။

ယင်းက တိုက်ပွဲလုံးဝမဟုတ်ပါ။

"ကျွင်းရှောင်ယောက်၊ မင်း လွန်လွန်းသွားပြီ။ ဒါက မျိုးဆက်သစ်တွေရဲ့ တိုက်ပွဲတစ်ခုပဲ၊ ဒါပေမယ့် မင်းက ဧကရာဇ်လက်နက်တောင် ထုတ်သုံးဝံ့တယ်လား"

ဘိုးဘွားနဂါးသိုက်မှ သတ္တဝါများဟာ စတင် ဟိန်းဟောက်လိုက်ကြသည်။

ဧကရာဇ်လက်နက်ကြောင့်သာမဟုတ်လျှင် မင်းသမီးလုံကျိုက ထိုသို့ ဖိနှိပ်ခံရမှာ မဟုတ်ပေ။

"ဟုတ်တယ်ကွ၊ ဧကရာဇ်လက်နက်အားကိုးနဲ့ မာန်ထောင်နေတာ၊ ဘာအရည်အချင်းရှိမှာလဲ"

ဖီးနစ်ဝိညာဉ်တောင်တန်းနှင့် ချီလင်ရှေးဟောင်းဂူရှိ သတ္တဝါများကလည်း အော်ဟစ်လိုက်ကြသည်။

ဂုဏ်သိက္ခာနှင့် အားလုံးဆုံးရှုံးမှု...

ဘိုးဘွားနဂါးသိုက်မှ မင်းသမီးလုံကျို၏ ရှုံးနိမ့်မှုက ရှေးဟောင်းတော်ဝင်မိသားစုအားလုံးအတွက် ရှက်စရာဖြစ်လိမ့်မည်။

အခြေအမြစ်မရှိသော စွပ်စွဲမှုများကြားတွင် ကျွင်းရှောင်ယောက်က ယခင်အတိုင်း ငြိမ်သက်နေဆဲပင်။

ရှေးဟောင်းရေတွင်းကြီးကဲ့သို့ လှိုင်းလုံးများမရှိဘဲ မည်သူကမျှ မချိုးဖျက်နိုင်ပေ။

"အိုး၊ ဒီနတ်ဘုရားရဲ့သားတော်ကို ကေရာဇ်လက်နက်သုံးခွင့်မရှိဘူးလို့ မင်းသမီးလုံကျိုက ဘာဖြစ်လို့ မပြောတာလဲ"

ကျွင်းရှောင်ယောက်၏ တည်ငြိမ်သော စကားသံက အားလုံးကို တိတ်ဆိတ်သွားစေခဲ့သည်။

ဟုတ်ပေသည်။

မင်းသမီးလုံကျိသည် ကေရာဇ်လက်နက်များကို အသုံးပြုခွင့်မရှိပါဟု ကျွင်းရှောင်ယောက်အား မပြောခဲ့ပါ။

သို့သော်...

ဘယ်သူကများ ကေရာဇ်လက်နက်ကို အလွယ်တကူ ထုတ်သုံးနိုင်လို့လဲ။

မင်းသမီးလုံကျိလည်း ထိုစကားကိုကြားသောအခါ ဒေါသဖြစ်၍ သွေးအန်လုနီးပင်။

ကျွင်းရှောင်ယောက်၏ မရိုးဖြောင့်သော စကားများသည် ရှေးဟောင်းတော်ဝင်မိသားစုအား တိတ်ဆိတ်စေပြီး မင်းသမီးလုံကျိကိုလည်း ပြင်းထန်စွာ ပါးဖြတ်ရိုက်ခဲ့သည်။

သူမနှင့်အတူ ကေရာဇ်လက်နက်များကို မည်သို့ သယ်ယူလာနိုင်ကြမည်နည်း။

ကျွင်းရှောင်ယောက်၏ ငြင်းဆိုသံကို ကြားသောအခါ အနီးနားရှိလူများလည်း သက်ပြင်းချလိုက်ကြသည်။

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က စကားများများ မပြောတတ်ပေမယ့်

သူပြောလာတဲ့အခါမှာလည်း ရန်သူကို
ဒေါသထွက်လွန်းပြီး အတွင်းဒဏ်ရာ
ရစေနိုင်လိမ့်မယ်"

"ဟုတ်တယ်၊ ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က
ဘယ်သူ့ရဲ့ ရန်စမှုကိုမှ မကြောက်ဘူး"

ယခုအချိန်တွင် ပန်ကေရာဇ်ဓားကိုကိုင်ပြီး
လေထဲတွင်ရပ်နေသော ကျွင်းရှောင်ယောက်က
ဓားဘုရင်ကဲ့သို့ ထူးထူးခြားခြား ဖြစ်နေသည်။

မင်းသမီးလုံကျိုလည်း ပန်ကေရာဇ်ဓားကို
ကြောက်နေသောကြောင့် အလောသုံးဆယ်
မပြုဝံ့တော့ပါ။

ကျွင်းရှောင်ယောက်က ပန်ကေရာဇ်ဓားကို

လွတ်လွတ်လပ်လပ် ထုတ်သုံးဝံ့ခြင်းက မည်သူမျှ သူ့ထံမှ မလုယူဝံ့ကြောင်း ယုံကြည်သောကြောင့်ပင် ဖြစ်သည်။

နောက်ခံမရှိသော ပါရမီရှင်တစ်ယောက်က ဧကရာဇ်လက်နက်ကို လူမြင်ကွင်းတွင် ချပြပါက သေချင်၍သာ ဖြစ်လိမ့်မည်။

သို့ရာတွင် ကျွင်းရှောင်ယောက်ကတော့ လွတ်လွတ်လပ်လပ်ရှိလှသည်။

"မင်းမတတ်နိုင်ရင်လည်း ပွင့်ပွင့်လင်းလင်းပြောပါ၊ ဒီနတ်ဘုရားသားတော်က အပြစ်မဆိုဘူး"
ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါး ပြုံးလိုက်သည်။

ဤအပြုံးက မင်းသမီးလုံကျို၏ မိမိကိုယ်ကို

လေးစားမှုကို နက်နက်ရှိုင်းရှိုင်း လှုံ့ဆော်ပေးလေသည်။

ငြင်းချင်သည်၊ သူမ ငြင်းဆန်ချင်မိသည်။

သို့သော် ဧကရာဇ်လက်နက်၏စွမ်းအားကို
ခံစားလိုက်ရပြီးဖြစ်သောကြောင့်
ဤစိတ်သဘောအတိုင်း မပြုဝံ့တော့ပါ။

မင်းသမီးလုံကျို၏ ဘဝတွင် ဤမျှလောက်
အရှက်ရမှုကို တခါမျှ မခံစားဖူးပေ။

သူမသည် ဂုဏ်သိက္ခာရှိသော ရှေးဧကရာဇ်မှ
ဆင်းသက်လာသူဖြစ်ပြီး ဘိုးဘွားနဂါးသိုက်၏
ရှေးဟောင်းလူထူးဆန်းဖြစ်သည်။

အချိန်အတော်ကြာပြီးနောက် မင်းသမီးလုံကျိဟာ လက်သီးကို တင်းတင်းကြပ်ကြပ်ဆုတ်ထားပြီး အံကိုကြိတ်ကာ ပြောလိုက်သည်။

"ကေရာဇ်လက်နက်သာမရှိရင် ဒီမင်းသမီးက နင့်ကို ဘယ်တော့မှကြောက်မှာမဟုတ်ဘူး"

ဤစကားက မင်းသမီးလုံကျိဟာ ကေရာဇ်လက်နက်ဖြင့် မယှဉ်ဝံ့ကြောင်း တိတ်တဆိတ် ဝန်ခံလိုက်ခြင်းပင်။

"အိုး... မင်းမကစားနိုင်လည်း ကိစ္စမရှိပါဘူး၊ ဒီနတ်ဘုရားသားတော်က မင်းကို ဖြည့်ဆည်းပေးနိုင်တယ်..."

"ဘာပဲဖြစ်ဖြစ် ကြက်တစ်ကောင်ကို ပုဆိန်နဲ့ သတ်စရာမလိုဘူးလေ"

ကျွင်းရှောင်ယောက်က ဂရုမစိုက်မှုများ
ပြည့်နှက်နေသောလေသံဖြင့် ပြစ်တင်ရှုံ့ချကာ
ပြောလိုက်သည်။

သူ၏ စကားအဓိပ္ပာယ်အရ မင်းသမီးလုံကျိကို
ကိုင်တွယ်ရန် ကေရာဇ်လက်နက်အား
အသုံးပြုရန်မလိုပေ။

မင်းသမီးလုံကျိလည်း အဆုတ်များ
ပေါက်ကွဲတော့မည့်ကဲ့သို့ ခံစားရပြီး လှပသော
မျက်နှာလေးကလည်း နီရဲလာခဲ့သည်။

သူမသည် ကျွင်းရှောင်ယောက်ကို အမုန်တကယ်
အရေခွံဆုတ်ချင်နေပြီ ဖြစ်သည်။

"ရှောင်ယောက်..."

ကျွင်းရှောင်ယောက်က ပန်ကေရာဇ်ဓားကို
ပြန်သိမ်းမည်အား မြင်ရသောအခါ
ကျွင်းမိသားစုဝင်များ အနည်းငယ်
စိုးရိမ်သွားကြသည်။

ကျွင်းရှောင်ယောက်သာ ပေါ့ပေါ့ပါ့ပါး ရှိလှသည်။

အမှန်တော့ သူဟာ ကေရာဇ်လက်နက်ကို
အသုံးမပြုတတ်သော ငတုံးမဟုတ်ပါ။

ကေရာဇ်လမ်း သို့မဟုတ်
အခြားသေခြင်းရှင်ခြင်းတိုက်ပွဲများတွင်ဆိုလျှင်
ကျွင်းရှောင်ယောက်အနေဖြင့် သဘာဝအတိုင်း
အသုံးပြုမည် ဖြစ်သည်။

ကျွင်းရှောင်ယောက်၏ အမြင်မှာတော့ တရားမျှတသည့် တိုက်ပွဲဆိုတာ ရယ်စရာ ဖြစ်သည်။

နောက်ဆုံးတွင် ရယ်မောနိုင်သူက ဘုရင် မဟုတ်ပါလား။

သို့သော်လည်း ယခုအချိန်က မတူပါ။

ဤသည်က သာမန် ယှဉ်ပြိုင်ပွဲ ဖြစ်သည်။

ကျွင်းရှောင်ယောက်က ဧကရာဇ်လက်နက်ကို အသုံးပြုလျှင် မင်းသမီးလုံကျိကို အလွယ်တကူ ဖိနှိပ်နိုင်သည်။

သို့ရာတွင် ယင်းက ဧကရာဇ်လက်နက်ကြောင့်ဟု

လူအများကထင်ပြီး ကျွင်းရှောင်ယောက်နှင့်
ဘာမျှမဆိုင်ပေ။

ကျွင်းရှောင်ယောက်အနေဖြင့် ကျွင်းမိသားစုကို
ကျော်ကြားမျက်နှာမပျက်စေလိုလျှင်
မင်းသမီးလုံကျိုအား သူ့အစွမ်းအစဖြင့်
ဖိနှိပ်ထားရမည်ဖြစ်သည်။

ဤအချက်ကြောင့်သာ ကျွင်းရှောင်ယောက်က
ပန်ကေရာဇ်ဓားကို သိမ်းဆည်းရန် ရွေးချယ်လိုက်ခြင်း
ဖြစ်ချေသည်။

မဟုတ်ပါက အခြားတစ်ကြိမ်တွင်
ကျွင်းရှောင်ယောက်က မင်းသမီးလုံကျိုကို
ကေရာဇ်လက်နက်ဖြင့် တိုက်ရိုက်သတ်ဖြတ်ခြင်းပင်
ဖြစ်နိုင်သည်။

---------

အပိုင်း ( ၂၈၇ ) ကျွင်းရှောင်ယောက်၏ လက်သီး၊ လမ်းကြောင်းခြောက်သွယ် ဆမ်ဆာရာလက်သီး၏ အင်အား၊ မင်းသမီးလုံကျို ဒဏ်ရာရသွားခြင်း။

"ဝိုး၊ ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က တကယ်ပဲ ပန်ကေရာဇ်ဓားကို သိမ်းလိုက်တာလား"

"နောက်နေတာလား၊ တကယ်လို့ ကေရာဇ်လက်နက်ကို ဆက်သုံးနေရင် ဒီတိုက်ပွဲက စိတ်လှုပ်ရှားစရာ မရှိတော့ဘူးလေ"

"တကယ်တော့ ဒါက ကောင်းပါတယ်။ ကျွင်းမိသားစုက နတ်ဘုရားသားတော်ရဲ့

တကယ့်ခွန်အားကို သိရနိုင်တာပေါ့၊ မဟုတ်ရင်
ကေရာဇ်လက်နက်ကိုပဲ မြင်ရလိမ့်မယ်"

ကျွင်းရှောင်ယောက်က ကေရာဇ်လက်နက်ကို
အမှန်တကယ် ဖယ်ရှားလိုက်ကြောင်း မြင်ရသောအခါ
အားလုံးက တီးတိုး ပြောဆိုလိုက်ကြသည်။

ကေရာဇ်လက်နက်က တဖြည်းဖြည်း
ပျောက်ကွယ်သွားပြီး နောက်ဆုံးမှသာ
မင်းသမီးလုံကျိလည်း သက်ပြင်းချလိုက်မိသည်။

အကယ်၍ ကျွင်းရှောင်ယောက်က ပန်ကေရာဇ်ဓားနှင့်
လိုက်ခုတ်နေလျှင် သူမ ခုခံနိုင်မှာ မဟုတ်ပါ။

ကေရာဇ်လက်နက်၏ ခြိမ်းခြောက်မှုမရှိသောအခါ
မင်းသမီးလုံကျိ၏ အရှိန်အဝါများက

ပြန်လည်မြင့်တက်လာသည်။ သူမ တကိုယ်လုံးမှာလည်း ကြောက်လန့်မှု၊ ဒေါသများဖြင့် ပြည့်နှက်နေပြီး အရှိန်အဝါများပင် အေးစက်နေပြီ။

"မင်းသမီးလုံကျို ဒေါသထွက်နေပြီ၊ စိတ်ဝင်စားစရာပဲ"

"ရှေးဟောင်းလူထူးဆန်းတစ်ယောက် ဒေါသဖြစ်သွားခဲ့ပြီ၊ ဒါကို ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော် ဘယ်လို ကိုင်တွယ်မလဲဆိုတာ ကြည့်ရအောင်"

မင်းသမီးလုံကျို၏ အပြာရောင် ပိုးထည်က လေနှင့်အတူ လှုပ်ရှားနေပြီး နဂါးဦးချိုနှစ်ချောင်းကလည်း တောက်ပသောအလင်းများ ထွက်ပေါ်လာသည်။

ယခုအချိန်တွင် မင်းသမီးလုံကျို
အလွန်ဒေါသထွက်နေကြောင်း
သိသာထင်ရှားလှပေသည်။

ကျွင်းရှောင်ယောက်က သူ့စကားကို ပြန်ပြောင်းပြီး
ပန်ကေရာဇ်ဓားကို ထုတ်ယူမည်ကိုတော့ သူမ
မကြောက်ပါ။

ကျွင်းရှောင်ယောက်က ကျွင်းမိသားစုကို
အရှက်ကွဲအောင် မလုပ်ချင်ဘူးဆိုလျှင်
လူအများကြီးရှေ့တွင် ကတိတည်မှာ သေချာသည်။

သို့ရာတွင် တကယ်တော့ မင်းသမီးလုံကျိုက
ရှုံးနိမ့်ပြီးချေပြီ။

ကျွင်းရှောင်ယောက်က သူမကို
တိုက်ရိုက်ချေမှုန်းနိုင်သည်။

"ရှေးကေရာဇ်သွေး"

မင်းသမီးလုံကျိုက အေးစက်စက်ဖြင့်
အော်ဟစ်လိုက်ရာ သူမ၏ တကိုယ်လုံးတွင် ချီနှင့်
သွေးများက မီးတောင်ကဲ့သို့
ပေါက်ကွဲထွက်ပေါ်လာသည်။

နောက်ဆုံးတွင် မင်းသမီးလုံကျိုက သူမ၏
ရှေးကေရာဇ်သွေးမျိုးဆက်ကို အပြည့်အဝ
လှုံ့ဆော်ခဲ့ပေပြီ။

သူမ၏ အနောက်တွင် မီတာတစ်သောင်းရှိသော
မိုးပြာနဂါးကြီးတစ်ကောင် ထွက်ပေါ်လာသည်။
နဂါးကြီး၏ ခန္ဓာကိုယ်က တောင်တန်းကြီးကဲ့သို့

ဟင်းလင်းပြင်ထဲတွင် ပုန်းကွယ်နေပုံရလေသည်။

ထိုအရှိန်အဝါက အံ့မခန်း ပြင်းထန်လှသည်။

ရှေးဟောင်းတော်ဝင်မိသားစုတွင်
ကြီးမားသောအားသာချက်က သွေးမျိုးဆက်
အမွေခံစွမ်းအား ဖြစ်သည်။

ဤအမွေခံစွမ်းအားက အလွန်အစွမ်းထက်ပြီး
သွေးမျိုးဆက်ဖြင့်
အနာဂတ်မျိုးဆက်သစ်များအတွက်
ကြီးမားသောကောင်းချီးများကို
ယူဆောင်ပေးနိုင်သည်။

ချက်ချင်းပင် မင်းသမီးလုံကျို၏ အရှိန်အဝါက
တဟုန်ထိုး တက်လာသည်။ သူ့ထံမှ

နတ်မီးတောက်နယ်ပယ် စွမ်းအားကိုပင် ဝေဝါးဝါး
ခံစားရ၏။

တစ်ချိန်တည်းမှာပင် သူမ၏ ခန္ဓာကိုယ်အပြင်ပန်း၌
အပြာနုရောင် ချပ်ဝတ်တန်ဆာတစ်ခု
ထွက်လာပုံရသည်။

၎င်းက သွေးမျိုးဆက် စွမ်းအား၏ ခုခံကာကွယ်ခြင်း
သင်္ကေတလည်း ဖြစ်သည်။

မင်းသမီးလုံကျိုက တခဏအတွင်းမှာပင်
လှပတင့်တယ်သော နန်းတွင်းဝတ်စုံကို
ဝတ်ဆင်ထားသော မိန်းမလှတစ်ဦး အဖြစ်မှ...
ပျော့ပျောင်းသော ချပ်ဝတ်တန်ဆာဖြင့်
သူရဲကောင်းဆန်သော နတ်ဘုရားမအဖြစ်သို့
ပြောင်းလဲသွားခဲ့သည်။

ပြင်းထန်သောအရှိန်အဝါနှင့်
မင်းသမီးလုံကျိုကိုကြည့်ကာ လူအများအပြား
သက်ပြင်းချလိုက်မိကြသည်။

ရှေးဟောင်းလူထူးဆန်းဆိုသည့်အတိုင်း ဂုတ်ဖဲများက
အဆုံးမရှိပေ။

အကယ်၍ ကျွင်းရှောင်ယောက်သာ
ကေရာဇ်လက်နက်ကို အသုံးမပြုခဲ့ပါက
ဤပွဲ၏ရလဒ်သည် အမှန်တကယ် မှန်းဆ၍မရပေ။

"ကျွင်းရှောင်ယောက်၊ ထပ်စမ်းကြည့်လိုက်စမ်း"
မင်းသမီးလုံကျိုက အော်ဟစ်လိုက်သည်။

"အဝတ်အစားပြောင်းတာက မင်းကို ဒီလောက်ထိ ယုံကြည်မှုပေးတာလား"

"ဒီနတ်ဘုရားသားတော်က စိတ်ပျက်အားငယ်တယ်ဆိုတာကို မင်းသိအောင် ပြောပြပါစေ"

ကျွင်းရှောင်ယောက်၏ မျက်လုံးများက အေးစက်သွားခဲ့သည်။

မင်းသမီးလုံကျိုက အလွန်တရာ လှပသော်လည်း သူ့ခြေလက်များကို ထိန်းချုပ်ထားမည် မဟုတ်ပေ။

တုန်ထျန်းနယ်ပယ် ကြီးမားသော ပြီးပြည့်စုံမှု အရှိန်အဝါများက ပေါက်ကွဲထွက်ပေါ်လာသည်။

အနိုင်းမဲ့နတ်ဆင်ခွန်အားကလည်း

ပေါက်ကွဲထွက်လာခဲ့၏။

သူ့လက်များမှလည်း အဆုံးမဲ့
အင်မော်တယ်အလင်းများ ထွက်ပေါ်လာတော့သည်။

ယင်းက ထာဝရအင်မော်တယ်အရိုးမှ
ထွက်ပေါ်လာသော အလင်းဖြစ်သည်။

အင်အားသုံးခု၏ ပေါင်းစည်းမှုအောက်တွင်
ကျွင်းရှောင်ယောက်၏  လက်သီးချက်သည်
အံ့သြစရာ ဖြစ်လာသည်။

"ဝုန်း"
ကျွင်းရှောင်ယောက်က မင်းသမီးလုံကျိုနှင့်
ထိပ်တိုက်ရင်ဆိုင်ပြီး လက်သီးနှင့်လက်ဝါးကို

တွေ့ဆုံစေလိုက်သည်။

"ဝုန်း"

မိုးခြိမ်းသံကဲ့သို့ ကြောက်မက်ဖွယ်ကောင်းသော ပေါက်ကွဲသံတစ်ခုသည် လူအားလုံး၏နားထဲတွင် ထွက်ပေါ်လာခဲ့၏။

ထိုသို့သော ပြင်းထန်သော တိုက်မိမှုတွင် မင်းသမီးလုံကျိုက အမှန်တကယ် တုန်ခါသွားရပြန်တော့သည်။

ကျွင်းရှောင်ယောက်က အမှန်ပင် ထိန်းချုပ်မထားဘဲ လွတ်လပ်မှု၏အတောင်ပံများကို ထုတ်ဖော်ကာ လျင်မြန်စွာဖြင့် လက်သီးများကို ဆက်တိုက် ထုတ်ဖော်လိုက်သည်။

လက်သီးတစ်ချက်စီတွင် ဂျင်သောင်းချီစွမ်းအားကို
သယ်ဆောင်ထားပြီး
ထာဝရအင်မော်တယ်အရိုးကလည်း
ထောက်ပံ့ထားသည်။

ဤတိုက်ခိုက်မှုက လူတစ်ဦးကို မဆိုထားနှင့်၊
ကြယ်တစ်စင်းကိုပင် ချေမှုန်းပစ်နိုင်ပေလိမ့်မည်။

နောက်ဆုံးတွင် မင်းသမီးလုံကျိ၏ မျက်နှာပေါ်၌
အံ့သြသော အကြည့်များ ဖြစ်ပေါ်လာသည်။

သူမက ရှေးဧကရာဇ် သွေးမျိုးဆက်စွမ်းအားကို
ထုတ်ထားသော်လည်း ရုပ်ခန္ဓာစွမ်းအားတွင်
ကျွင်းရှောင်ယောက်ထက် မသာလွန်ပေ။

ဤအခိုက်တွင် သူမစိတ်ထဲ ခွန်အားမရှိသလို

ခံစားလာရသည်။

ကျွင်းရှောင်ယောက် သူ့လက်ကို မြှောက်ပြီး ဆုပ်ကိုင်လိုက်ရာ စွမ်းအင်များက မြင့်မြတ်သော ရွှေလုံအဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။

၎င်းက အမှောင်နတ်ဘုရားလုံ၏ ဆင့်ကဲပုံစံ၊ ကောင်းကင်နတ်ဘုရားလုံ ဖြစ်သည်။

ကျွင်းရှောင်ယောက်က ကောင်းကင်နတ်ဘုရားလုံကို လက်တစ်ဖက်တည်းဖြင့် ပစ်ချလိုက်ရာ ကြောက်မက်ဖွယ် စွမ်းအားက ဟင်းလင်းပြင်ကိုပင် ထိုးဖောက်ဝင်ရောက်လုနီးပါး ဖြစ်သွားစေခဲ့သည်။

မင်းသမီးလုံကျိုက တံဆိပ်တစ်ခုကို ကမန်းကတန်း ရေးဆွဲလိုက်သော်လည်း ကောင်းကင်နတ်ဘုရားလုံမှ

သယ်ဆောင်လာသည့် ကြီးမားသောအင်အားကို
တွန်းလှန်ရန် ခက်ခဲနေဆဲပင်။

"ဖူး"

လှံချက်ကို ရင်ဆိုင်ပြီးနောက် တုဖက်မဲ့သော
မင်းသမီးလုံကျိသည် နောက်ဆုံးတွင် သွေးတစ်ပွက်ကို
အန်ထုတ်လိုက်ရပြီ ဖြစ်သည်။

"မင်းသမီးလုံကျိ ဒဏ်ရာရပြီး သွေးအန်သွားခဲ့ပြီဟေ့"

လူအများက ကျယ်လောင်စွာ
အော်ဟစ်လိုက်ကြသည်။

ရှေးဟောင်းတော်ဝင်မိသားစုမှ သတ္တဝါများလည်း
မယုံနိုင်ကြတော့ပေ။

ယခုအခါ မင်းသမီးလုံကျိက
ရှေးဟောင်းတော်ဝင်မိသားစုများမှ ပါရမီရှင်များ၏
ခေါင်းဆောင်တစ်ဦးကဲ့သို့ပင် ဖြစ်သည်။

သို့ရာတွင် နောက်ဆုံးမှာတော့
ကျွင်းရှောင်ယောက်ကြောင့် ဒဏ်ရာရသွားခဲ့ပေပြီ။

ကျွင်းရှောင်ယောက်၏ အောင်ပွဲက
စတင်စီးမျောလာခဲ့ပြီ ဖြစ်သည်။

လက်နက်တစ်သောင်း မုန့်တိုင်းသိုင်း၊ ကေရာဇ်၏
တံဆိပ်တော်၊ မိုးနှင့်မြေ၏ မီးပြင်းဖို၊
အင်မော်တယ်သတ်ဓားသိုင်း...

သိုင်းပညာအမျိုးမျိုး၏ စွမ်းအားများကို

ကျွင်းရှောင်ယောက်က ထုတ်ဖော်ခဲ့ပြီး
၎င်းတို့ကိုကျွမ်းကျင်မှုကလည်း အထွတ်အထိပ်သို့
ရောက်ရှိသွားခဲ့ပြီ ဖြစ်သည်။

နောက်ဆုံးတွင် ကျွင်းရှောင်ယောက်က
သိုင်းပညာခြောက်မျိုးလုံးကို ထိန်းချုပ်ရန်
မှော်စွမ်းအားခြောက်ခုကိုပင် အသုံးပြုခဲ့သည်။

လမ်းကြောင်းခြောက်သွယ် ဆမ်ဆာရာလက်သီး၏
မူလလက်သီးသိုင်းမှာ  အလွန်နက်နဲသိမ်မွေ့သည်။
ကျွင်းရှောင်ယောက်ပင်လျှင် ၎င်းကို
အချိန်တိုင်းနားလည်နေရဆဲပင် ရှိသေးသည်။

၎င်းတို့တွင် ပြောင်းလဲမှုတစ်ခုစီ ရှိ၏။  ဆိုလိုသည်မှာ
သိုင်းပညာ ခြောက်မျိုး စွမ်းအားများက
လမ်းကြောင်းခြောက်သွယ် ဆမ်ဆာရာများတွင်

ပေါင်းစပ်ထားနိုင်သည်။

ဤလက်သီးသိုင်းက စွမ်းအားခြောက်မျိုးသည် ပြန်လည်ဝင်စားခြင်း လက်သီးခြောက်ချက်နှင့် ညီမျှပြီး ၎င်းတို့ကိုလည်း တစ်ချိန်တည်းတွင် ထုတ်ဖော်နိုင်သည်။

ဤစွမ်းအားမျိုးက တကယ်ကို ရိုးရိုးလေး တွေးကြည့်၍ မရတော့ပေ။

"ကောင်းကင်နတ်ဘုရားလှံ၊ လက်နက်တစ်သောင်း မုန်တိုင်းသိုင်း၊ ဧကရာဇ်၏ တံဆိပ်တော်၊ အင်မော်တယ်သတ်ဓား၊ မူလတာအိုအုပ်ချုပ်သူဓား၊ ကောင်းကင်ဖမ်း နဂါးလက်ဝါး"

ကျွင်းရှောင်ယောက်က စွမ်းအားခြောက်မျိုးကို တပြိုင်နက်တည်း ထုတ်ဖော်လိုက်သည်။

ဆမ်ဆာရာလမ်းခြောက်ခုက စွမ်းရည်တစ်မျိုး ဖြစ်ချေသည်။

ထို့ပြင် လမ်းကြောင်းခြောက်သွယ် ဆမ်ဆာရာလက်သီး စွမ်းအားကိုယ်တိုင်လည်း ရှိသည်။

ဤလက်သီးကြောင့် ဟင်းလင်းပြင်က တုန်ခါကာ ပတ်ဝန်းကျင်ရှိ အကြီးအကဲများ ဖန်တီးထားသည့် ဟင်းလင်းပြင်အကာအရံများသည်ပင် အက်ကွဲပြီး မရေမတွက်နိုင်သော အပျက်အစီးအပိုင်းအစများအဖြစ်သို့ ပြောင်းလဲသွားရသည်။

လမ်းကြောင်းခြောက်သွယ် ဆမ်ဆာရာလက်သီး၏ စွမ်းအားကို ကျွင်းရှောင်ယောက်က အမှန်တကယ်

ရှာဖွေတွေ့ရှိခဲ့ပေပြီ။

ဤလက်သီးချက်က ကောင်းကင်ကို ဖြိုခွဲနိုင်ပြီး သက်ရှိသတ္တဝါအားလုံးကို သေခြင်းသံသရာထဲသို့ ဆွဲသွင်းနိုင်သည်။

"အရမ်းသန်မာတယ်၊ ဒါက ဘယ်လောက်ေတာင် ကြောက်စရာကောင်းတဲ့ လက်သီးသိုင်းပါလိမ့်။ ဒါက တခြားနတ်ဘုရားစွမ်းရည်တွေကိုတောင် တကယ်ကြီး ထိန်းချုပ်နိုင်ပါလား"

အချို့ပါရမီရှင်များလည်း တုန်လှုပ်ချောက်ချားသွားကြသည်။

ဤမျှသန်မာသော လက်သီးသိုင်းကို သူတို့ တစ်ခါမှ မကြားဖူးခဲ့သလို မြင်လည်း မမြင်ဖူးခဲ့ပေ။

“ဒီလက်သီးသိုင်း...”

ဝမ့်ချွမ်စ မျက်လုံးများက အလွန်စိတ်လှုပ်ရှားပြီး တောက်ပလာသည်။

ဤလက်သီးသိုင်းက သူ၏ ဆမ်ဆာရာမြင့်မြတ်ခန္ဓာနှင့် အလွန်လိုက်ဖက်သည်ဟုလည်း ခံစားရပေသည်။

ယင်းက သူ့အတွက်ရည်ရွယ်ပြီး ဖန်တီးထားသကဲ့သို့ပင် ဖြစ်သည်။

'ငါ ကောင်းကောင်း ကြိုးစားရမယ်၊ ပြီးတော့ သခင်လေးက အနာဂတ်မှာ ဒီလက်သီးသိုင်းကို ပေးအပ်နိုင်မယ်လို့ မျှော်လင့်ရတာပဲ'

ဝမ့်ချွမ်ဟာ ပို၍ပင် စိတ်ပိုင်းဖြတ်လိုက်မိသည်။

ဤလက်သီးသိုင်း တစ်ခုတည်းဖြင့်ပင်
ကျွင်းရှောင်ယောက်အား စိတ်ရင်းမှန်ဖြင့်
အရှုံးပေးခဲ့ပေပြီ။

ကျွင်းရှောင်ယောက်၏ ကြောက်မက်ဖွယ်ရာ
လက်သီးချက်က မင်းသမီးလုံကျို၏ နှလုံးသားကို
ကြောက်ရွံ့မှုများအား ခံစားလာရစေသည်။

ကျွင်းရှောင်ယောက်၏ လှုပ်ရှားမှုက
ပြင်းထန်လွန်းသဖြင့် ဖြေရှင်းရန် မရှိတော့ပေ။

"ရှေးကေရာဇ်ရဲ့အမျက်ဒေါသ"

မင်းသမီးလုံကျိုက ရှေးကေရာဇ်မင်းသွေးမျိုးဆက်ကို
ပြင်းထန်စွာတွန်းထုတ်လိုက်သည်။ သူ့နောက်ကွယ်ရှိ
မိုးပြာနဂါးပုံရိပ်ကလည်း

ကောင်းကင်ကိုတုန်လှုပ်စေသော ဟိန်းဟောက်သံကို
ထုတ်လွှတ်လိုက်၏။

နှစ်ဖက် တွေ့ဆုံသောအခါ…

အလွန်တောက်ပသော အလင်းများ
ထွက်ပေါ်လာသည်။

ကြောက်မက်ဖွယ်ရာ တုန်ခါမှု လှိုင်းလုံးများက
အရပ်ရပ်သို့ လွင့်ပျံသွားကာ ကျင့်ကြံသူ
အတော်များများကို လွင့်ပျံသွားစေခဲ့၏။

ထိုသို့ ပြင်းထန်သော တိုက်ခိုက်မှုတွင်…
မင်းသမီးလုံကျိ၏ ချပ်ဝတ်ပျော့က ကွဲအက်သွား၍
အက်ကွဲကြောင်းများဖြင့် ပြည့်နှက်သွားတော့သည်။

သူမ၏ ပါးစပ်မှ သွေးနှင့် ကွဲအက်နေသော
အတွင်းအင်္ဂါများ ရောနှောကာ အန်ကျလာသည်။

သူမက အမြောက်ဆန်ကဲ့သို့ တောင်တစ်လုံးကို
ထိုးကျသွား၏။

ကျွင်းရှောင်ယောက်ကတော့ ဘေထဲတွင် မတုန်မလှုပ်
မတ်တပ်ရပ်နေခဲ့ဆဲပင်။ ချင်ထျန်း
ဘိုးဘေးနဂါးချပ်ဝတ်က သူ့ကိုယ်ပေါ်တွင်
ထွက်ပေါ်ပြီး  နောက်ဆက်တွဲ ဆိုးကျိုးများကို
ပိတ်ဆို့ထားခဲ့သည်။

ယခုဆိုလျှင် ကျွင်းရှောင်ယောက်၏ လက်သီးက
နိုင်သွားသလား၊ ကျရှုံးသလားဆိုတာ
သိရှိကြပြီးလောက်ပေပြီ။

---------

အခန်း ( ၂၈၈ ) မင်းသမီးလုံကျိ၏ ဝှက်ဖဲ၊
ရှေးကေရာဇ်၏ ပြောင်းပြန်အကြေးခွံကို
အင်မော်တယ်မျိုးစေ့အဖြစ် အသုံးပြုသည်။

ဤအခိုက်တွင်  တောင်တန်းတစ်ခုလုံး
တိတ်ဆိတ်ငြိမ်သက်နေသည်။

ပေါက်ကွဲမှုမှ ဖြစ်ပေါ်လာသော လှိုင်းလုံးများသာ
လှုပ်ခတ်လျက် ရှိပေသည်။

ကျွင်းရှောင်ယောက်၏ လက်သီးချက်က
ပြင်းထန်လွန်းရာ လူတိုင်းကို ထိတ်လန့်စေခဲ့၏။

ကျွင်းရှောင်ယောက်၏ ထိုလက်သီးသိုင်းက
သိုင်းပညာ ခြောက်မျိုးအား တစ်ပြိုင်နက်တည်း
ထုတ်ဖော်နိုင်စွမ်းပေးမည်ဟု မည်သူက
ထင်ထားခဲ့မည်နည်း။

ဤမူလသိုင်းပညာကိုပါ ထပ်ပေါင်းလိုက်လျှင်
ကျွင်းရှောင်ယောက်က တစ်ချိန်တည်းမှာပင်
သိုင်းပညာ ခုနစ်မျိုးကို ပေါက်ကွဲလိုက်ခြင်း ဖြစ်သည်။

ဤတိုက်ခိုက်မှုမျိုးကို ဘယ်သူကိုင်တွယ်နိုင်မှာလဲ။

တစ်ဖက်မှာတော့ မင်းသမီးလုံကျိ၏ခန္ဓာက
ပြိုကျနေသည့် တောင်ထိပ်ကြားတွင်
နစ်မြုပ်နေခဲ့သည်။

ယခင်အခြေအနေအရ မင်းသမီးလုံကျိုသည် သေချာပေါက် အသက်ရှင်နေသေးသော်လည်း အခြေအနေမှာ အလွန်ရှက်စရာကောင်းမည်မှန်း သိသာနေခဲ့ပြီ။

"တော်ဝင်မင်းသမီး"

မင်းသမီးလုံကျို၏ ကာကွယ်သူ နဂါးမိုလ်ချုပ်လေးယောက်၏ မျက်နှာအမူအရာက တစ်ပြိုင်နက်တည်းတွင် သိသိသာသာပြောင်းလဲသွားကြသည်။ ထို့ကြောင့် သူတို့က ဝင်ကြည့်ချင်သော်လည်း ကျွင်းမိသားစု၏ အကြီးအကဲများက လက်မခံခဲ့ပေ။

"တိုက်ပွဲက မပြီးသေးဘူးနော်၊ မင်းတို့ ဘိုးဘွားနဂါးသိုက်က ရှုံးနိမ့်သွားပြီလား"

ထိုစကားကြောင့် နဂါးမိုလ်ချုပ်လေးယောက်ဟာ
မျက်နှာများ သုန်မှုန်သွားသော်လည်း အဆုံးမှာတော့
ဝင်မစွက်ဖက်နိုင်ခဲ့ပေ။

ရှောင်ချန်းမှာတော့ တကိုယ်လုံး တုန်ယင်နေပြီး
သတိပြန်မဝင်နိုင်တော့ပါ။

ယခင်က မင်းသမီးလုံကျိကို သူ့အတွက်
လက်စားချေပေးရန် တစ်ခုတည်းသော
မျှော်လင့်ချက်အဖြစ် ထားခဲ့သည်။

သို့ရာတွင်၊ ယခုကော...

မင်းသမီးလုံကျိ ကိုယ်တိုင်ပင် ကျွင်းရှောင်ယောက်၏
ခွေးတစ်ကောင်ကဲ့သို့ အရိုက်ခံနေရချေပြီ။

"ဘယ်လိုဖြစ်နိုင်မှာလဲ၊ သူ… သူက တကယ်ကို ပြိုင်ဘက်ကင်းတာလား"

ရှောင်ချန်းလည်း တုန်တုန်ယင်ယင်ဖြင့် ရေရွတ်လိုက်သည်။

မြင်ကွင်းတစ်ခုလုံးလည်း တိတ်ဆိတ်သွားသည်။

"ပြီးသွားပြီထင်တယ်၊ ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က ဒီလောက် အစွမ်းထက်မယ်လို့ မမျှော်လင့်ထားဘူး"

"ဟုတ်တယ်၊ ဒီလက်သီးက ငါလို နတ်မီးတောက်နယ်ပယ် ကျင့်ကြံသူကိုတောင် ကြက်သီးမွေးညင်း ထလာစေခဲ့တယ်"

"ဘိုးဘွားနဂါးသိုက်တော့ အရှက်ကွဲတာပဲဟေ့။ သူတို့ရဲ့ ရှေးဟောင်းလူထူးဆန်းက ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်ကိုတောင် အနိုင်ယူလို့ မရဘူး။ ဒီလိုဆိုမှတော့ ကျွင်းမိသားစုကြီးကို ဘယ်လိုဆက်ပြီး ယှဉ်ပြိုင်ဦးမှာလဲ"

"မဟုတ်သေးဘူး၊ ဘိုးဘွားနဂါးသိုက်ရဲ့ လုံအိုထျန်းက ထွက်မလာသေးဘူး မဟုတ်လား"

"လုံအိုထျန်းက သန်မာရင်တောင် မင်းသမီးလုံကျိန့် တန်းတူလောက်ပဲ ရှိထားဦးမှာ မဟုတ်လား။ ဒါဆိုရင် သူက ဘာများ ထူးလာဦးမှာလဲ"

ပတ်ဝန်းကျင်တွင် အသံများ ထွက်ပေါ်လာသည်။

ဘိုးဘွားနဂါးသိုက်ရှိ သတ္တဝါများကတော့
ငိုကြွေးမြည်တမ်းနေရသော မောင်းမမိသံများကဲ့သို့
မျက်နှာများ မသာမယာ ဖြစ်နေတော့သည်။

ကျွင်းမိသားစုရှိ လူငယ်များစွာကတော့
အလွန်စိတ်လှုပ်ရှားကာ အော်ဟစ်လိုက်ကြသည်။

သို့သော်လည်း ကျွင်းလုံခန်းနှင့် အခြားစီကွမ်များ၏
မျက်နှာများကတော့ ပြောင်းလဲမှု သိပ်မရှိပါ။

"ရှေးဟောင်းလူထူးဆန်းဆိုတာ ဒီလောက်
မရိုးရှင်းဘူး"
ကျွင်းလုံခန်းက ခပ်တိုးတိုး ရေရွတ်လိုက်သည်။

သူက မင်းသမီးလုံကျိန့်နှင့် ထိပ်တိုက်ရင်ဆိုင်ခဲ့ဖူးသူ
ဖြစ်သောကြောင့် တစ်ဖက်လူအကြောင်းကို အသိဆုံး

ဖြစ်သည်။

သူခန့်မှန်းထားသည့်အတိုင်း...

အဆုံးသတ်ချိန်ရောက်ပြီဟု လူတိုင်းက
ထင်မှတ်နေချိန်တွင်...

ပြိုကျနေသော တောင်ကြားမှ နဂါးစွမ်းအင်များ
ရုတ်တရက် ထွက်ပေါ်လာသည်။

ကျောက်တုံးများ လေထဲသို့ လွင့်စဉ်သွားကာ
ဖုန်မှုန့်များကလည်း တထောင်းထောင်းထသွား၏။

မင်းသမီးလုံကျိုက လေထဲသို့ တစ်ဖန်
ခုန်တက်သွားခဲ့သည်။

သို့သော်လည်း သူမ ခန္ဓာကိုယ်ပေါ်ရှိ ပျော့ပျောင်းသောချပ်ဝတ်က ကွဲအက်သွား၏။ ထို့ပြင် နန်းတွင်းဝတ်စုံကလည်း နေရာအနှံ့တွင် စုတ်ပြဲသွား၍ နှင်းဖြူကဲ့သို့ အသားရေကို သွေးများနှင့်အတူ မြင်လာရတော့သည်။

နှင်းဖြူကဲ့သို့ အသားရေက နီစွေးသော သွေးများနှင့် ဆန့်ကျင်ဘက်ဖြစ်ကာ ဖြူဝင်း တောက်ပနေသည်။

မင်းသမီးလုံကျို၏ အပြာရောင်ပိုးကတော့ ဖုန်မှုန့်များပင် စွန်းထင်းနေပေပြီ။

သူမ၏ နှင်းဖြူ မေးစေ့မှာလည်း သွေးများဖြင့် စွန်းထင်းနေပြီး အလွန်ရှက်စဖွယ်ဖြစ်နေပုံရသည်။

ပရိသတ်များလည်း မင်းသမီးလုံကျိကိုကြည့်ကာ
ဘာမျှ မပြောနိုင်တော့ပေ။

လျှို့ဝှက်ဆန်းကြယ်ပြီး မြင့်မြတ်သည့်
မင်းသမီးလုံကျိနှင့် ယခုကဲ့သို့
ရှက်ရွံ့နေရသောအသွင်ကို မည်သို့မျှ ဆက်စပ်ကြည့်၍
မရတော့ပါချေ။

ကျွင်းရှောင်ယောက်၏ လက်သီးချက်ကြောင့်
မင်းသမီးလုံကျိမှာ ပလ္လင်ပေါ်မှ ပြုတ်ကျသွားခဲ့ပြီ
ဖြစ်သည်။

သူမက နတ်သမီးဖြစ်လျှင်ပင်
သေမျိုးသောလောကသို့ ကျရောက်သောအခါ
နတ်သမီးမဟုတ်တော့ပါချေ။

"ကျွင်းရှောင်ယောက်..."

မင်းသမီးလုံကျိ၏ တကိုယ်လုံးက တုန်ယင်နေပြီး လှပသော မျက်လုံးများတွင်လည်း မကြုံစဖူး ဒေါသများဖြင့် ပြည့်နှက်နေသည်။

ယနေ့ ဖြစ်ပျက်ခဲ့သည်များ သူ့ဘဝတွင် မေ့မရသော အစွန်းအထင်းတစ်ခု ဖြစ်လာပေလိမ့်မည်။

ကျွင်းရှောင်ယောက်က သူမ၏ အတွင်းစိတ်မိစ္ဆာကြီး ဖြစ်လာပြီး ရှေ့ဆက်မည့်လမ်းတွင် အတားအဆီးများ ဖြစ်လာတော့မှာ မလွဲပေ။

"ဟုတ်တယ်၊ ဒါက ငါးသလဲတိုးမလေးတစ်ဦးမှာ ရှိနေသင့်တဲ့ ပုံစံပဲ၊ ဒီပုံစံနဲ့ လိုက်လျောညီထွေဖြစ်အောင် မြေကြီးထဲမှာ ပုန်းအောင်းနေရမယ်"

ကျွင်းရှောင်ယောက်က လက်နှစ်ဖက်ကို နောက်ပစ်ပြီး မာနကြီးကာ ထူးခြားမှုမရှိသောလေသံဖြင့် ပြောလိုက်သည်။

မင်းသမီးလုံကျိုက ဖုန်မှုန့်များနှင့် ညစ်နွမ်းနေသည်။

ရှေးဘုရင်မတွေ၊ ရှေးဟောင်းလူထူးဆန်း၊ မင်းသမီးလုံကျိုနှင့် ပတ်သက်သော ဒဏ္ဍာရီအားလုံး ပျက်ဆီးသွားပေပြီ။

ကျွင်းရှောင်ယောက်က လူတိုင်းကို အသိပေးခဲ့သည်။

ပြိုင်ဘက်ကင်းသော ပြိုင်ဘက်မရှိပေ၊ သူနှင့်တွေ့လျှင် အလိုအလျောက် အညံ့ခံသွားရမှာတောင် ကြောက်ရသည်။

ဤအခိုက်တွင် သူတို့ပတ်ဝန်းကျင်ရှိ ခေတ်ပြိုင်ပါရမီရှင်အားလုံး စိတ်ထဲ တုန်ယင်သွားသလို ခံစားလိုက်ရသည်။

နောက်ဆုံးတော့ ၎င်းတို့နှလုံးသားကို ဖိနှိပ်ထားသည့် ကျောက်တုံးကြီးအား ဖယ်ထုတ်ခဲ့ပေပြီ။

ပါရမီရှင်တချို့ဆိုလျှင် ကျွင်းရှောင်ယောက်ကို ကျေးဇူးတင်ဟန်ဖြင့် ကြည့်လိုက်သည်။

ဒါက... ငါတို့ လူသားမျိုးနွယ်ရဲ့ ပါရမီရှင်ပဲ။

"ကျွင်းရှောင်ယောက်၊ ဒီမင်းသမီးကို ရှုံးသွားပြီလို့ ထင်နေတာလား။ မဟုတ်ဘူး... ဒီမင်းသမီးက

မရှိုးသေးဘူး"

မင်းသမီးလုံကျို၏ အပြာရောင် ပိုးသားက တဖျပ်ဖျပ်လွင့်နေပြီး ဖုန်မှုန့်များလည်း ကွာကျလာသည်။

"ဒါက ရှုးသွပ်သွားတာလား"

ကျွင်းရှောင်ယောက်က ခေါင်းကို အနည်းငယ် ခါယမ်းလိုက်သည်။

သူက မင်းသမီးလုံကျိုကို ရှုးသွပ်စေရန် မရည်ရွယ်ပေ။

နောက်ဆုံးတွင် သူမက အသုံးပြုမှုတန်ဖိုးရှိနေဆဲဖြစ်ပြီး အနာဂတ်မှာ လုံအိုထျန်းနှင့် ဆက်ဆံရာ၌ အလျှော့အတင်းလုပ်သည့် ဖဲချပ်တစ်ခု ဖြစ်ကောင်းဖြစ်နိုင်သည်။

ယင်းက ရှောင်ချန်းကိုအနိုင်ယူဖို့ ဂူမင်ယွဲ့ကို သုံးခဲ့သလိုပင်။

"နဂါးကေရာဇ်ကုဒ်၊ မိုးပြာနဂါးပြန်လည်ဝင်စားခြင်း"

မင်းသမီးလုံကျိုက အစိပမိကျမ်းကို ထပ်မံထုတ်ဖော်လိုက်သည်။

သူမ၏ ပတ်ဝန်းကျင်တွင် အပြာရောင်နဂါးများဝိုင်းရံပြီး ပြင်းထန်သော အငွေ့အသက်များလည်း ထွက်ပေါ်လာခဲ့၏။

မင်းသမီးလုံကျို၏ ဒဏ်ရာရနေသော ခန္ဓာကိုယ်က သာမန်မျက်စိဖြင့် မြင်နိုင်သော အရှိန်အဟုန်ဖြင့် သက်သာလာကာ အသက်ရှူသံများလည်း ပြန်လည် တည်ငြိမ်လာတော့သည်။

"အဆင်ပြေသေးတာလား"

ဤမြင်ကွင်းကို မြင်ရသူတိုင်း အံ့သြသွားကြသည်။

ဤမင်းသမီးလုံကျိက သူ၏ ဝှက်ဖဲများကို မသုံးရသေးတာလား။

"ဒီလိုလား"

ဒါကိုမြင်တော့ ကျွင်းရှောင်ယောက်က မင်းသမီးလုံကျိကို အခွင့်အရေးနည်းနည်းလေးမှ မပေးဘဲ တိုက်ရိုက်တိုက်ခိုက်လိုက်သည်။

သို့ရာတွင် ထိုအချိန်မှာ မင်းသမီးလုံကျိက ကျွင်းရှောင်ယောက်ကို စကားတစ်ခွန်း မေးလိုက်၏။

"ဒီမင်းသမီးရဲ့ အင်မော်တယ်မျိုးစေ့ကို သိလား"

"ဟမ်"

ကျွင်းရှောင်ယောက်၏ မျက်လုံးများက သံသယအရိပ်အမြွက်ကို လှစ်ပြလာသည်။

"အခု ဒီမင်းသမီးက နင့်ကို ပြောပြမယ်"

မင်းသမီးလုံကျိ၏ ခန္ဓာကိုယ်က စွမ်းအင်များဖြင့် ပြည့်နှက်လာသည်။

သူမ၏ ဒန်တျန်မှာလည်း အလင်းရောင်တချို့ ထွက်ပေါ်လာပုံရပေသည်။

၎င်းက မိုးပြာရောင် အကြေးခွံ၊ နဂါးအကြေးခွံကဲ့သို့ ရွှေအပြာရောင် အကြေးခွံ ဖြစ်သည်။

ဤအကြေးခွံ၏ ထွက်ပေါ်လာခြင်းနှင့်အတူ
မင်းသမီးလုံကျို၏ အရှိန်အဝါများက
တဟုန်ထိုးတက်လာပြီး မရေမတွက်နိုင်သော
မိုးပြာနဂါးပုံရိပ်များလည်း
ပြန်လည်ပျောက်ကွယ်သွားတော့သည်။

"မင်းသမီးလုံကျိုရဲ့ အင်မော်တယ်မျိုးစေ့က
တကယ်ကို အကြေးခွံတစ်ခုပဲလား"

တိုက်ပွဲကို စောင့်ကြည့်နေသည့် ကျင့်ကြံသူအားလုံး
မင်းသမီးလုံကျို၏ ခန္ဓာကိုယ်မှ နဂါးအကြေးခွံကို
မြင်ခဲ့ရသည်။

"မဟုတ်သေးဘူး၊ ဒါက ပြောင်းပြန်အကြေးခွံပဲ"
အင်အားစုကြီးတစ်ခု၏ အကြီးအကဲတစ်ဦးက
စူးရှသောမျက်လုံးများဖြင့် ကြည့်လိုက်သည်။

နဂါးများတွင် ပြောင်းပြန်အကြေးခွံရှိပြီး ၎င်းတို့ကို ထိသောအခါ ဒေါသအမျက် ချောင်းချောင်းထွက်ကြသည်။

ပြောင်းပြန်အကြေးခွံသည် နဂါးမျိုးနွယ်၏ အဖိုးတန်ဆုံး အမြုတေဟုပင် ဆိုနိုင်ကြပေသည်။

"ဒါက မင်းရဲ့အင်မော်တယ်မျိုးစေ့လား"

ကျွင်းရှောင်ယောက်လည်း နားလည်သွားခဲ့သည်။

"ဟုတ်တယ်၊ ဒီမင်းသမီးရဲ့ အင်မော်တယ်မျိုးစေ့က ရှေးကေရာဇ်ရဲ့ ပြောင်းပြန်အကြေးခွံပဲ"

မင်းသမီးလုံကျိုက ပြောပြီးသည်နှင့် ကြောက်မက်ဖွယ်ကောင်းသော အရှိန်အဝါတစ်ခု

ထွက်ပေါ်လာသည်။

ဟင်းလင်းပြင်က ကွဲအက်ကာ
မိုးပြာနဂါးကြီးတစ်ကောင်လည်း ထွက်လာပုံရ၏။

ရှေးခေတ်ကေရာဇ်၏
ကြောက်မက်ဖွယ်ဖိအားကလည်း ပျံ့နှံ့သွားရာ
လူတိုင်းလည်း မျက်နှာအမူအရာများ သိသိသာသာ
ပြောင်းလဲသွားတော့သည်။

"ဒါ… ဒါက ရှေးကေရာဇ် မိုးပြာနဂါးပဲလား"

သက်ကြီးဝါကြီး ကျင့်ကြံသူတချို့က
တုန်ယင်သောလေသံဖြင့် ပြောဆိုလိုက်ကြသည်။

ဝှင်းတို့မပြောနှင့်၊ ဤဖိအားအောက်တွင်
သူတော်စင်များပင် အနည်းငယ် ကြောက်နေသကဲ့သို့

ခံစားရ၏။

ဘိုးဘွားနဂါးသိုက်မှာတော့ လူတိုင်း တုန်ခါသွားကာ
ဘုရင်ကြွလာခြင်းကို ကြိုဆိုသကဲ့သို့
ဒူးတစ်ဖက်ထောက်ကာ နဂါးဟိန်းသံများ
ထွက်ပေါ်လာတော့သည်။

မင်းသမီးလုံကျိုက သူမ၏
အင်မော်တယ်မျိုးစေ့အဖြစ် ရှေးကေရာဇ်၏
ပြောင်းပြန်အကြေးခွံကို အသုံးပြုကာ
ရှေးကေရာဇ်၏အရှိန်အဝါအား ဆင့်ခေါ်ခဲ့ပေပြီ။

ဤကြောက်မက်ဖွယ် ဖိအားနှင့် အဟန့်အတား
စွမ်းအားသည် ကျွင်းရှောင်ယောက်၏
ကေရာဇ်လက်နက် ဖိအားထက် များစွာ
အားမနည်းတော့ပေ။

ယခု ဒါကို ကျွင်းရှောင်ယောက်က မည်သို့ ဖြေရှင်းသွားမှာလဲ။

--------

အခန်း ( ၂၈၉ ) မင်းသမီးလုံကျိက တက်စီးဖို့ ထိုက်တန်တယ်၊ မြင့်မြတ်ခန္ဓာ၏ ဒုတိယအာရုံ၊ မသေမျိုး အင်မော်တယ်ဘုရင် လင်းကျိုးထျန်း။

မင်းသမီးလုံကျိ၏ ဝုက်ဖဲအမှန်က မည်သူမျှ စိတ်ကူးမယဉ်နိုင်သောအရာ ဖြစ်နေမည်ကိုပင် ကြောက်ရသည်။

ရှေးကေရာဇ်၏ ပြောင်းပြန်အကြေးခွံ။

ရှေးဟောင်းတော်ဝင်မိသားစု၏
ရှေးခေတ်ကေရာဇ်သည် လူသားမျိုးနွယ်၏
မဟာကေရာဇ်ကြီး တည်ရှိမှုနှင့်
နှိုင်းယှဉ်နိုင်စွမ်းရှိသည်။

ရှေးကေရာဇ်၏ ပြောင်းပြန်အကြေးခွံသည်
အလွန်ရှားပါးပြီး အဖိုးတန်သည်။ ၎င်းကို
ရှေးကေရာဇ်၏ အမျိုးမျိုးသော စွမ်းရည်များနှင့်
တာအိုအပိုင်းအစများဖြင့် ပုံဖော်ထားပေသည်။

မင်းသမီးလုံကျိုက ရှေးခေတ်ကေရာဇ်၏
ပြောင်းပြန်အကြေးခွံကို
အင်မော်တယ်မျိုးစေ့တစ်ခုအဖြစ်
ပြောင်းလဲစေသည်ဟု မည်သူမျှ ထင်မထားခဲ့ပေ။

ယခုတော့ မင်းသမီးလုံကျိသည် ယခင်က အဘယ်ကြောင့် ဤမျှမြင့်မားသော ရည်မှန်းချက်များ ရှိခဲ့သည်ကို အားလုံးနားလည်ကြပြီ ဖြစ်သည်။ သူမက ကေရာဇ်လမ်းကို အလျားလိုက် တွန်းထုတ်လိုသည်ဟုပင် ပြောခဲ့၏။

ဤကဲ့သို့သော ကြောက်မက်ဖွယ် နောက်ခံမျိုးအရ မင်းသမီးလုံကျိကိုသာ အချိန်အလောက်ပေးပါက သူမ၏စကားအတိုင်း အမှန်တကယ် ပြုမူနိုင်လောက်သည်။

အပြင်လူများ မဆိုထားနှင့်၊ ဘိုးဘွားနဂါးသိုက်မှ သတ္တဝါများပင် ဇဝေဇဝါဖြစ်သွားကြလေသည်။

မင်းသမီးလုံကျိက ဤဝှက်ဖဲကို ဖုံးကွယ်ထားဆဲဖြစ်မည်ဟု ထင်မထားခဲ့ပေ။

မင်းသမီးလုံကျို၏ နောက်လိုက်လေးဦးဖြစ်သော နဂါးမိုလ်ချုပ်လေးဦးသာလျှင် ပြုံးချိုသောမျက်နှာဖြင့် ရှိနေခဲ့ကြသည်။

"ကျွင်းမိသားစုရဲ့ ကောင်စုတ်လေး၊ မင်းသမီးလုံကျိုကို ဒေါသထွက်စေခဲ့ရင် ဘယ်လိုဖြစ်မယ်ဆိုတာ သိရတော့မယ်"

နဂါးပြာမိုလ်ချုပ်က လှောင်ပြောင်ပြောဆိုလိုက်သည်။

"ဟုတ်တယ်၊ တော်ဝင် မင်းသမီးက ရှေးကေရာဇ်ရဲ့ အကြေးခွံကို ထုတ်ဖော်လိုက်ပြီမို့ ဒီတိုက်ပွဲက ပြီးပါပြီ"

ချီလုံမိုလ်ချုပ်ကလည်း ပြုံးလိုက်လေသည်။

ယခုအခါ ကျွင်းရှောင်ယောက် အန္တရာယ်ရှိလာပြီ

ဖြစ်သည်။

မိုးပြာနဂါး ဈေးကောင်း၏ အရှိန်အဝါက အလွန်ကြောက်စရာကောင်းပေရာ ဟင်းလင်းပြင်ကိုပင် တုန်ခါလာစေခဲ့သည်။

"ကျွင်းမိသားစုရဲ့နတ်ဘုရားသားတော် အခုအန္တရာယ်ရှိနေပြီ၊ မင်းသမီးလုံကျိုက ဒီဝှက်ဖဲကို ဖုံးကွယ်ထားဦးမယ်လို့ ထင်မထားခဲ့ဘူး"

"ဟုတ်တယ်၊ မင်းသမီးလုံကျိုက သိပ်ပြီး လျှို့ဝှက်ဆန်းကျယ်လွန်းတယ်။ ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်သာ ပန်ကောင်ဇာကို မထုတ်ဖော်ဘူးဆိုရင် ဈေးကောင်းရဲ့ အရှိန်အဝါကို ခုခံနိုင်ဖို့ မလွယ်ဘူး"

"ဒါပေမဲ့ ပန်ကေရာဇ်ဓားကို ထုတ်ဖော်လိုက်ရင် သူ့ကတိကို ဖျက်မိမှာ မဟုတ်ဘူးလား"

"အင်း၊ ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က မောက်မာလွန်းတော့ သူ့ကိုယ်သူ ချောက်ချသလို ဖြစ်သွားခဲ့ပြီ"

အားလုံး သက်ပြင်းချလိုက်သည်။

မူလက ပြုံးရွှင်နေသော ကျွင်းမိသားစုဝင်များလည်း မျက်နှာများ တည်ကြည် လေးနက်လာကြသည်။

ကျွင်းရှောင်ယောက်အတွက် ရောက်လာသူအားလုံး ချေဖျား၊ လက်ဖျား အေးစက်လာခဲ့ကြချေပြီ။

ကျွင်းရှောင်ယောက်၏ အမူအရာကတော့ တခြားသူများထက် ပိုတည်ငြိမ်သည်။

သူက စူးစမ်းလိုစိတ်ဖြင့် ရှေးကေရာဇ်၏ ပုံရိပ်ကို ကြည့်လိုက်လေသည်။

"မဆိုးပါဘူး"

ကျွင်းရှောင်ယောက်က ရုတ်တရက် ပြုံးလိုက်သည်။

"ကျွင်းရှောင်ယောက်၊ နင့်ရဲ့ ကြောက်ရွံ့နေတဲ့ အတွင်းစိတ်ကို အပြုံးနဲ့ ဖုံးကွယ်ဖို့ ကြိုးစားနေတာလား"

ယခုအချိန်တွင် မင်းသမီးလုံကျိုက သူမ၏ ယခင်အရှိန်အဝါများကို ပြန်လည်ရရှိလာခဲ့ပြီ ဖြစ်သည်။

ဤဝှက်ဖဲကို ထုတ်ဖော်ပြီးနောက် ကျွင်းရှောင်ယောက်နှင့်ရင်ဆိုင်ရန် ယုံကြည်မှုများ ပြန်လည်ရရှိလာခဲ့ပြီ။

ကျွင်းရှောင်ယောက်က ပန်ကေရာဇ်ဓားကို အသုံးမပြုလျှင် သူမကိုရင်ဆိုင်ရန်က ကောင်းကင်ကိုတက်လှမ်းသည်ထက် ပိုခက်ပေလိမ့်မည်။

"ဒီနတ်ဘုရားသားတော်က တွေးနေတာ၊ နောက်ဆုံးတော့ မင်းက ငါ့ရဲ့ စီးတော်ဖြစ်ဖို့ အရည်အချင်းပြည့်မီပြီ။ မဟုတ်ရင် မင်းရဲ့ အရင် အရည်အချင်းနဲ့ ခွန်အားအရ ရိက္ခာဖြစ်ဖို့ပဲ ထိုက်တန်တယ်"

ကျွင်းရှောင်ယောက်၏ စကားသံထွက်လာသည်နှင့် တပြိုင်နက် အားလုံး တိတ်ဆိတ်သွားခဲ့သည်။

လူများစွာလည်း အံ့ဩသွားကာ ကျွင်းရှောင်ယောက် ဘာကိုဆိုလိုသည်မှန်း ခဏချင်း နားမလည်နိုင်တော့ပေ။

မင်းသမီးလုံကျိုက စီးတော်လား။

ရိက္ခာအတွက်သာလား။

ယခု ပြောလာသူက ကျွင်းရှောင်ယောက်မဟုတ်၍သာ မဟုတ်လျှင် အားလုံးက လှောင်ပြောင်မိမှာ သေချာသည်။

သို့သော်လည်း ယခုအခါ မည်သူမျှ
ပျက်ရယ်မပြုဝံ့တော့ပေ။

"ဘာပြောတယ်၊ နင်က ဒီမင်းသမီးကို စီးချင်တာလား"

မင်းသမီးလုံကျို ခဏတာ
အသိစိတ်ပျောက်သွားသည်။

ခေတ်များတစ်လျှောက် သူမကို ထိုသို့ ပြောဆိုဝံ့သူ
တစ်ဦးမျှ မရှိခဲ့ပေ။

သို့ရာတွင် ကျွင်းရှောင်ယောက်ကတော့ သူမကို
စီးရန်ပင် ပြောဆိုနေသည်။

"ဟုတ်တယ်၊ မင်း ငါးသလဲတိုးမလေးက ငါ့စီးဖို့
ထိုက်တန်တယ်"

ကျွင်းရှောင်ယောက်က လျစ်လျူရှုစွာ
ပြောလိုက်သည်။

ယင်းက လူတိုင်းကို တစ်ခုခုလွဲနေသည်ဟု
ခံစားရစေသော်လည်း ဘာမှ မပြောနိုင်တော့ပေ။

"ဒါက တစ်ခုခုကို စီးဖို့လား၊ ဒါမှမဟုတ်
တက်စီးဖို့သက်သက်ပဲလား"

ကျင့်ကြံသူတစ်ဦးက ထူးခြားစွာ ပြောလိုက်သည်။

"ဒါက တစ်ခုခုစီးဖို့ မဖြစ်သင့်ဘူး၊ မင်းသမီးကို
တက်စီးဖို့၊ ဟုတ်တယ်... မင်းသမီးကို တက်စီးဖို့ပဲ"

နောက်ထပ် အမျိုးသား ကျင့်ကြံသူတစ်ဦးကလည်း
ပြောလိုက်လေသည်။

မည်သို့ဆိုစေ မင်းသမီးလုံကျို၏ ဂုဏ်သိက္ခာက
အောက်ဆုံးထိ ထိုးကျသွားခဲ့ပြီ ဖြစ်သည်။

"သေချင်နေတာပဲ"

မင်းသမီးလုံကျို လုံးဝ ဒေါသထွက်သွားသည်။

သူက ရှေးကေရာဇ်၏ ပြောင်းပြန်အကြေးခွံ
အင်မော်တယ်မျိုးစေ့ စွမ်းအားကို အကြွင်းမဲ့
သယ်ဆောင်လာသည်။

မိုးပြာနဂါး ရှေးကေရာဇ်၏ အရှိန်အဝါက
ကြောက်မက်ဖွယ်ကောင်းသော နဂါးပြာ
အရိပ်တစ်ခုအဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။
မီတာတစ်သောင်းရှည်လျားသော နဂါးပြာပုံရိပ်ကြီးက
ကောင်းကင်ကို တက်လှမ်းကာ
ကျွင်းရှောင်ယောက်အား ဖိနှိပ်လာတော့သည်။

ဤတိုက်ခိုက်မှုသည် အလွန်အစွမ်းထက်ပြီး နတ်မီးတောက်နယ်ပယ်များပင် သေဆုံးသွားရပေလိမ့်မည်။

"ဒါက ရှေးဟောင်းလူထူးဆန်းရဲ့ အင်အားအစစ်အမှန်ပဲလား”

ကျင့်ကြံသူအများစုက တုန်လှုပ်ခြောက်ခြားစွာဖြင့် ကြည့်လိုက်ကြသည်။

အားလုံးက ကျွင်းရှောင်ယောက်ကို ပန်ကေရာင်ဇ်ဓားအား ထပ်မံထုတ်ဖော်တော့မည်ဟု တွေးလိုက်ကြသည်။

သို့သော်လည်း ထိုသို့ မဖြစ်ခဲ့ပါချေ။

ကျွင်းရှောင်ယောက်က လေထဲတွင်ရပ်ပြီး
ခြေတစ်ချက်ဆောင့်လိုက်သည်။

ရှေးဟောင်းမြင့်မြတ်ခန္ဓာ၏ စွမ်းအားများက
ပေါက်ကွဲထွက်ပေါ်လာသည်။ ထို့နောက် ပုံရိပ်များစွာ
ပေါက်ကွဲထွက်ပေါ်လာခဲ့၏။

၎င်းက ရှေးဟောင်းမြင့်မြတ်ခန္ဓာ၏ သဘာဝအာရုံ၊
သူတော်စင်တစ်သောင်း အရိုအသေပေးခြင်း
ဖြစ်သည်။

ရှေးဟောင်းမြင့်မြတ်ခန္ဓာ၏ ဤအာရုံမှာ
အစွမ်းထက်လှသည်။

သို့သော်လည်း မင်းသမီးလုံကျို၏

ဤတိုက်ခိုက်မှုအရှေ့မှာတော့ အကောင်းမြင်စိတ် သိပ်မရှိကြပါချေ။

"ရှေးဟောင်းမြင့်မြတ်ခန္ဓာရဲ့ အာရုံက အားကောင်းပေမဲ့ မင်းသမီးလုံကျိရဲ့ တိုက်ခိုက်မှုကို တွန်းလှန်ဖို့ မလွယ်ဘူး"

ကျင့်ကြံသူတစ်ဦးက သက်ပြင်းချလိုက်သည်။

"ကျွင်းရှောင်ယောက်၊ နင်က ရိုးအလွန်းတာပဲ။ မြင့်မြတ်ခန္ဓာအားကိုးနဲ့ ဒီမင်းသမီးရဲ့ဝှက်ဖဲကို တားဆီးချင်နေတာလား"

မင်းသမီးလုံကျိက လျစ်လျူရှုဟန်ဖြင့် ပြုံးလိုက်သည်။

"ဒီနတ်ဘုရားရဲ့သားတော်မှာ အာရုံတစ်ခုပဲရှိတယ်လို့ ဘယ်သူပြောလဲ"

ကျွင်းရှောင်ယောက်၏ နှုတ်ခမ်းများက
လျှောင်ပြောင်သရော်ဟန်ဖြင့် တွန့်ကွေးသွားခဲ့သည်။

နောက်အခိုက်တွင် သူ့လက်ကို မြှောက်လိုက်ရာ
ရှေးဟောင်းမြင့်မြတ်ခန္ဓာက
အရှိန်အဟုန်ပြင်းပြင်းဖြင့် ထွက်ပေါ်လာပြန်သည်။

ကျွင်းရှောင်ယောက်၏ အနောက်တွင်
မသေမျိုးနတ်များ၏ ခမ်းနားသည့်
အသွင်အပြင်တစ်ခု ပေါ်ထွက်လာပုံရပေသည်။

နတ်မင်းကြီးကဲ့သို့ ထိုပုံရိပ်ထံမှ
သက်ရှိသတ္တဝါအားလုံးကို ကိုးကွယ်စေနိုင်သော
ကြောက်မက်ဖွယ် ဖိအားတစ်ခုလည်း
ထွက်ပေါ်လာခဲ့သည်။

၎င်းက ကျွင်းရှောင်ယောက် နားလည်ထားသော ရှေးဟောင်းမြင့်မြတ်ခန္ဓာ၏ ဒုတိယအာရုံ ဖြစ်သည်။

"ဝုန်း"

မြင့်မြတ်ခန္ဓာ၏ ဒုတိယအာရုံ ထွက်လာသည်နှင့် တိမ်များပြိုကျပြီးကောင်းကင်ကြီးလည်း တုန်ခါလာခဲ့သည်။

"ဒါက အင်မော်တယ်ဘုရင် လင်းကျိုးထျန်းပဲ၊ ဒါက ရှေးဟောင်းမြင့်မြတ်ခန္ဓာရဲ့ အသန်မာဆုံး အာရုံလို့တောင် ပြောနိုင်တယ်။ ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က တကယ်တော်တာပဲ"

"ဟုတ်တယ်၊ မကြာသေးမီက ရှေးဟောင်းမြင့်မြတ်ခန္ဓာတွေဟာ အသုံးမဝင် ဖြစ်လာခဲ့ကြတယ်။ ဒါကြောင့် ကျွင်းမိသားစုရဲ့

နတ်ဘုရားသားတော်က အာရုံတစ်ခုကို
နှိုးဆွနိုင်ခဲ့ရင်တောင် အတော် ရှားနေပြီ။ ဒါပေမဲ့
အခုတော့ ဒုတိယအာရုံကို နိုးထလာခဲ့ပြီပေါ့"

လူတိုင်းက ထိတ်လန့်တုန်လှုပ်ပြီး မယုံကြည်နိုင်
ဖြစ်ကုန်သည်။

ကျွင်းရှောင်ယောက်က ဒုတိယအမြင်ကို
ထုတ်ဖော်သည်၊ ယင်းက ဘယ်အဓိပ္ပာယ်နည်း။

ကျွင်းရှောင်ယောက်က ရှေးဟောင်းမြင့်မြတ်ခန္ဓာ၏
အချုပ်နှောင်ကို တစ်ခုထက်ပို၍ ချိုးဖြတ်ခဲ့ပုံရှိသည်။

ယင်းက တကယ်ကို ကြောက်စရာပင်။

အချုပ်အနှောင်ကို ချိုးဖြတ်လာနိုင်သော ခန္ဓာက မည်မျှထိတ်လန့်စရာကောင်းသနည်း။ ၎င်းသာ ကြီးစွာသောအောင်မြင်မှုရပါက ဧကရာဇ်ကို တွန်းလှန်ပြီး ရှေးဧကရာဇ်ကိုပင် တုန်လှုပ်စေမည့် ကြောက်မက်ဖွယ်ကောင်းသောတည်ရှိမှုမျိုး ဖြစ်လာနိုင်သည်။

လူတိုင်းက ၎င်းတို့၏မျက်လုံးများကိုပင် မယုံနိုင်လောက်အောင် စိတ်လှုပ်ရှားနေကြတော့သည်။

ကျွင်းမိသားစုမှ လူတိုင်းလည်း လေးစားမှုများ ပြည့်နှက်နေသောမျက်လုံးဖြင့် ကြည့်လိုက်ကြသည်။

ကျွင်းရှောင်ယောက်က အကျပ်အတည်းတိုင်းတွင် ဒီရေကိုပြောင်းလဲရန် အံ့သြစရာများနှင့် အံ့ဖွယ်အမှုများကို အမြဲဆောင်ယူလာနိုင်သည်။

ယခုလည်း ကျွင်းရှောင်ယောက်က မြင့်မြတ်ခန္ဓာ၏ အာရုံနှစ်ခုကို တစ်ပြိုင်နက်တည်း ထုတ်ဖော်လိုက်ချေပြီ။

ကျွင်းရှောင်ယောက်၏ နောက်ကွယ်တွင် အင်မော်တယ်ဘုရင် ပုံရိပ်က ကောင်းကင်ကိုးပါးကို ဖြတ်သန်း၍ ရောက်လာသည်။

သူ့ပတ်ဝန်းကျင်မှာလည်း များပြားလှသော သူတော်စင်အရိပ်များက ဦးညွှတ်နေကြဆဲပင်။

ယခုအချိန်တွင် ကျွင်းရှောင်ယောက်က ကောင်းကင်နှင့်မြေပြင်ကြား၌ အမြင့်မြတ်ဆုံးသော နတ်ဘုရင်နှင့် တူသည်။

ထိုမျှသာမကဘဲ ကျွင်းရှောင်ယောက်က
သူ့ခန္ဓာကိုယ်ထဲမှ နတ်ဘုရား၏မူလဖြစ်သော
ဒန်တျန်အတွင်းမှ စွမ်းအားကိုလည်း တစ်ဖန်
လှုံ့ဆော်ခဲ့သည်။

စကြဝဠာ၏မူလ စွမ်းအားက ကျွင်းရှောင်ယောက်၏
ရှေးဟောင်းမြင့်မြတ်ခန္ဓာအာရုံကို ထောက်ပံ့လာသည်။

ချက်ချင်းဆိုသလိုပင် လေထုက ဖရိုဖရဲများဖြင့်
ပြည့်နှက်ပြီး ကမ္ဘာကြီးလည်း ပြိုဆင်းသွားသည်။

အရာအားလုံးသည် စကြဝဠာကြီး၏ မူလအစသို့
ပြန်ရောက်သွားပုံရပေသည်။

မြင့်မြတ်ခန္ဓာ၏ အာရုံနှစ်ခုနှင့် စကြာဝဠာ၏
မူလစွမ်းအားက မင်းသမီးလုံကျိကို

ချေမှုန်းပစ်လိုက်သည်။

ဤအခိုက်အတန့်တွင် မင်းသမီးလုံကျို၏ ကြည်လင်သောမျက်နှာပေါ်၌ ယုံကြည်မှုများ မရှိတော့ပါ။ ထိုအစား ကြောက်ရွံ့မှုများသာ ဖြစ်ပေါ်လာတော့သည်။

---------

အခန်း ( ၂၉၀ ) မင်းသမီးလုံကျို၏ ရှုံးနိမ့်မှု၊ ချို့ယွင်းချက်ကို ကာကွယ်ပေးတတ်သော အားကျိုး၊ နဂါးမိုလ်ချုပ်လေးယောက် ထိတ်လန့်တုန်လှုပ်ခြင်း။

သူက စကြဝဠာကို ဖန်ဆင်းသူဖြစ်သကဲ့သို့၊ အတွေးတစ်ခုသည် အသက်ကို ဖန်တီးကာ အတွေးတစ်ခုသည် ပျက်စီးသွားစေသည်။

အံ့ဩစရာအကောင်းဆုံးမှာ ယခုအချိန်တွင် ကျွင်းရှောင်ယောက်၏ အရှိန်အဝါက ဤကမ္ဘာမှထွက်ခွာသွားပုံရသည်။

ဟုတ်ပေသည်။

ယခုအချိန်တွင် ကျွင်းရှောင်ယောက်က ကောင်းကင်ကိုးပါးနှင့် ကမ္ဘာဆယ်ခုတို့၏ အမှီအခိုကင်းပုံရပြီး သူ၏ အရှိန်အဝါကလည်း နားလည်နိုင်ရန် ခက်ခဲလွန်းလှသည်။

"ဒါက…ဖြစ်နိုင်မလား…ရှောင်ယောက်၊ သူ…"

ကျွင်းကျန်းထျန်းနှင့် တခြားသူများလည်း ကျွင်းရှောင်ယောက်၏ အရှိန်အဝါကို ခံစားရကာ ၎င်းတို့ အိုမင်းသော မျက်လုံးအကြည့်များပင်

အေးခဲသွားကြသည်။

၎င်းတို့ဟာ ဖြစ်နိုင်ချေတစ်ခုကိုတော့စဉ်းစားမိ၏။

သို့ရာတွင် ဤဖြစ်နိုင်ချေက ကျွင်းကျန်းထျန်းကို
ကြက်သီးမွေးညင်းထစေသည်။

ကိုယ်ပိုင်လမ်းကို ဖောက်လုပ်ခြင်း။

ဤလမ်းသည်သာ ကမ္ဘာနှင့် ကင်းကွာရန်
တစ်ခုတည်းသော နည်းလမ်းဖြစ်သည်။ သို့ရာတွင်
ခေတ်ကာလ တစ်လျှောက်လုံး ဤလမ်းပေါ်တွင်
ပါရမီရှင်များ မည်မျှ ကျဆုံးခဲ့သည်ကိုပင်
မသိနိုင်ကြတော့ပေ။

ယခုမှုကား ကျွင်းကျန်းထျန်းဟာ သူ့မြေးဖြစ်သူက
မည်သူမျှ မအောင်မြင်ခဲ့သော ဤလမ်းကို
လျှောက်လှမ်းသွားပြီဟု ခံစားလိုက်ရသည်။

ရောက်ရှိလာသော အကြီးအကဲတချို့လည်း
သေချာမသိလျှင်ပင် အနီးစပ်ဆုံး ခံစားလိုက်ရသည်။

သာမန်ပါရမီရှင်များကတော့ ကျွင်းရှောင်ယောက်၏
အရှိန်အဝါမှာ ပို၍ပင် သေမျိုးများနှင့်
ကင်းကွာသွားသည်ဟုသာ ခံစားနေရတော့သည်။

"ဝုန်း"
ကျွင်းရှောင်ယောက်နှင့် မင်းသမီးလုံကျို၏ နောက်ဆုံး
ထိုးစစ်သည် ပြင်းထန်စွာ တိုက်မိသွားခဲ့သည်။

အချိန်အတိုင်းအတာတစ်ခုအထိ ကမ္ဘာကြီးသည်

ထူးဆန်းစွာ တိတ်ဆိတ်ငြိမ်သက်သွား၏။

မိုးပြာနဂါးပုံရိုပ်နှင့် သူတော်စင်တစ်သောင်း
အရိုအသေပေးခြင်း၊ အင်မော်တယ်ဘုရင်
လင်းကျိုးထျန်းပုံရိပ်ကြီးသော တစ်ခုနှင့်တစ်ခု
တိုက်မိကာ တိတ်တဆိတ် ယှဉ်ပြိုင်နေတော့သည်။

ဤထူးဆန်းသော တိတ်ဆိတ်မှုသည် အသက်ရှူချိန်
အနည်းငယ်သာ ကြာခဲ့သည်။

အသက်ရှူချိန် အနည်းငယ်ကြာပြီးနောက်
တိုက်ခိုက်သံများသည် ကျယ်လောင်လာ၏။

စွမ်းအင်အတက်အကျ ပေါက်ကွဲသံများကလည်း
တောင်တန်းတစ်ခုလုံးကို မြေပြင်ပေါ်သို့
ပြိုကျလုနီးပါး ဖြစ်သွားစေတော့သည်။

အမျိုးမျိုးသော တောင်ထွတ်များ၊ တောင်များ ပျက်သုဉ်း ပြိုကျကာ ဖုန်မှုန့်များနှင့် အပျက်အစီးများအဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။

ပြင်းထန်သော တိုက်ခိုက်မှုများတွင် လူရိပ်တစ်ခုက ရုတ်တရက် လွင့်စဉ်သွား၏။ နောက်ဆုံးမှာတော့ ၎င်းဟာ မြေပြင်သို့ ပြင်းပြင်းထန်ထန် ပြုတ်ကျသွားတော့သည်။

ယင်းက မင်းသမီးလုံကျိ ဖြစ်သည်။

ထို့ပြင် ကျွင်းရှောင်ယောက်က နတ်ဘုရင်ကဲ့သို့ နင်းချလျက် လိုက်ပါသွားခဲ့သည်။

တိတ်ဆိတ်ခြင်း…

သေမင်းတမန် တိတ်ဆိတ်ခြင်း။

မင်းသမီးလုံကျိုက မြေပြင်ပေါ်တွင် လဲကျနေပြီး
သွေးများလည်း အန်ထွက်လာသည်။

သူမ၏ နှင်းဖြူ အသားအရေကလည်း ဖုန်မှုန့်များ၊
သွေးများဖြင့် စွန်းထင်းနေသည်။

သို့ရာတွင် မင်းသမီးလုံကျိုး၏ ရင်ဘတ်ပေါ်ကို
ခြေတစ်ဖက်နင်းတင်ထားသော…
ကျွင်းရှောင်ယောက်၏ အမူအရာကတော့
တည်ငြိမ်ကာ ဘာမျှမထူးခြားပေ။

နောက်ဆုံးတွင် မင်းသမီးလုံကျို ရှုံးနိမ့်သွားခဲ့ပြီ။

သူသည် သာမန် ရှုံးရုံသာမကဘဲ
ရှက်စရာကောင်းလောက်အောင် ရှုံးနိမ့်ခဲ့ရ၏။

သေမျိုးတို့နှင့် အလွန်ဝေးကွာပြီး မရေမတွက်နိုင်သော
ပါရမီရှင်များ မြတ်နိုးရသော မင်းသမီးလုံကျိုသည်
ကျွင်းရှောင်ယောက်၏ နင်းချေခြင်းကို
ခံထားရပေရာ... ဤအခိုက်တွင် ခံစားရနေရမည့်
အရှက်တရားက မည်သူမျှ စိတ်ကူးမယဉ်နိုင်ပေ။

ဤသည်မှာ ရှေးဘုရင်မ၊ နဂါးမျိုးနွယ်၏
မင်းသမီးလေး ဖြစ်သည်။

ဤအခိုက်တွင် ပါရမီရှင်အားလုံး
အမြင်ကျယ်သွားကြသည်။

ရှေးဟောင်းလူထူးဆန်းတွေကို အနိုင်ယူလို့ မရဘူးလို့ ဘယ်သူပြောလဲ။

ယခုအခါ ကျွင်းရှောင်ယောက်က ရှေးဟောင်းလူထူးဆန်းများ၏ လျှို့ဝှက်ဆန်းကြယ်ပြီး မြင့်မြတ်သော အနေအထားကို လုံးလုံးလျားလျား ချိုးဖျက်ပစ်ခဲ့သည်မှာ သံသယရှိစရာမလိုပေ။

ရှေးဟောင်းလူထူးဆန်းများ နတ်ဘုရားများမဟုတ်ပေ။ ၎င်းတို့လည်း ရှုံးနိုင်သည်၊ ရှက်တတ်သည်၊ ဒဏ်ရာရသောအခါတွင်လည်း အထာကျကျ သွေးအန်မိကြပေလိမ့်မည်။

"ကျွင်းရှောင်ယောက်... နင်..."

မင်းသမီးလုံကျိုလည်း ရှက်စိတ်ဖြင့်

ရုန်းကန်လိုက်သည်။

ယခုအခါ ရှေးဟောင်း တောင်ကြီးတစ်လုံးဖြင့် တက်ဖိထားသကဲ့သို့ ခံစားနေရလေသည်။

သူမသည်သာ နဂါးတစ်ကောင်ဖြစ်ပြီး ရုပ်ခန္ဓာကြံ့ခိုင်မှု မမြင့်မားပါက အသားပြားအဖြစ်သို့ နင်းခံရမည်မှာ သေချာသည်။

သို့သော်လည်း ထို့ထက် အရေးကြီးဆုံးအရာကတော့ ကျွင်းရှောင်ယောက်၏ ခြေထောက်က သူမ၏ ဖြူဖွေးသော ယုန်လေးနှစ်ကောင်အပေါ်ကို ဖြစ်နေခြင်း ဖြစ်သည်။

ယင်းက မင်းသမီးလုံကျိုကို အလွန်အရှက်ရစေခဲ့သည်။

"ပြောသားပဲ။ မင်းက ငါတက်စီးဖို့ပဲ ထိုက်တန်ပါတယ်လို့၊ အခု မင်းဒါကို ကျင့်သုံးလိုက်ပါ"

ကျွင်းရှောင်ယောက်က အနည်းငယ် ပြုံးလိုက်သည်။

သူသည် မွေးရာပါ ချောမောပြီး ဤအပြုံးကိုပါ ထည့်ပေါင်းလိုက်လျှင် လူများကို အလိုလို သဘောကျစေမည့် ခံစားချက်မျိုး ပေးစွမ်းသည်။

ကံမကောင်းစွာဖြင့် မင်းသမီးလုံကျို၏ မျက်လုံးတွင် ဤသည်က မကောင်းဆိုးဝါး နတ်ဆိုးတစ်ကောင်၏ အပြုံးမျိုး ဖြစ်သည်။

အားနည်းသော မိန်းကလေးများကို ကူညီပေးရာတွင် နာမည်ရှိပြီး နှလုံးသားလှသော အမျိုးသား

ပါရမီရှင်များပင်လျှင်... ဤအခိုက်တွင်
အနည်းငယ်မျှပင် သနားခြင်းမရှိဘဲ
မင်းသမီးလုံကျိအပေါ် တက်နင်းထားသော
ကျွင်းရှောင်ယောက်ကိုကြည်ကာ လေးစားမှုနှင့်
မနာလိုမှုတို့ကိုပင် လှစ်ဟလာခဲ့ကြသည်။

ရှေးခေတ်မှ ယနေ့အထိ မင်းသမီးလုံကျိ၏
စကတ်အောက်တွင် ကျရှုံးခဲ့သော
လူသားပါရမီရှင်များ မည်မျှရှိကြပါသနည်း။
လူသားပါရမီရှင်များမှာ မင်းသမီးလုံကျိလက်တွင်
ကျရှုံးခဲ့ရသည်သာ ဖြစ်သည်။

ယခုတော့ အနှီမင်းသမီးလုံကျိမှာ
ကျွင်းရှောင်ယောက်၏ နင်းချေခြင်းကို ခံနေရချေပြီ။

တချို့ နတ်ဘုရားမများမှာ ယခုကဲ့သို့ သင်ခန်းစာမျိုး

ပေးရတတ်သည်။ ၎င်းတို့ကို နှစ်ကြိမ်လောက်
ပါးရိုက်ပြီးမှ ကိုယ်ဘာလဲဆိုတာကို
နားလည်လာခဲ့ကြပေမည်။

"ကျွင်းရှောင်ယောက်၊ ထွက်သွားစမ်း"

မင်းသမီးလုံကျိုက နှုတ်ခမ်းကို တင်းတင်းကိုက်ပြီး
အော်ဟစ်လိုက်သည်။ သူသည် ရှက်လည်းရှက်၊
ဒေါသလည်း ဖြစ်နေခဲ့၏။

"မင်း အိပ်မက်မက်နေသေးတာလား"

ကျွင်းရှောင်ယောက်က သူ့ခေါင်းကို အနည်းငယ်
စောင်းငဲ့ကာ ကြည့်လိုက်သည်။

ကျယ်လောင်သော ပေါက်ကွဲသံနှင့်အတူ သူ့ခြေဖဝါးမှ
အင်အားများ ပေါက်ကွဲထွက်လာခဲ့၏။
မင်းသမီးလုံကျိုလည်း  တွင်းနက်ထဲသို့ ထပ်မံ

ထိုးကျသွားတော့သည်။

မင်းသမီးလုံကျိမှာ တစ်ဖန်သွေးအန်ပြီး
ရှက်စရာအခြေအနေ ဖြစ်သွားခဲ့ရသည်။

"အတင့်ရဲလိုက်တာ"

နဂါးဗိုလ်ချုပ်လေးယောက်လည်း
၎င်းတို့၏မင်းသမီးလေး အရှက်ကွဲခြင်းကို
သဘာဝအတိုင်း မကြည့်နိုင်တော့ပါ။

၎င်းတို့ထံမှ သူတော်စင်အရှိန်အဝါလေးခု
ပေါက်ကွဲထွက်ပေါ်လာပြီး ကျွင်းရှောင်ယောက်ကို
ဖုံးလွှမ်းသွားခဲ့သည်။

သူတော်စင်လေးဦးမှ တပြိုင်နက်တည်း
ထုတ်ဖော်လာသော ဖိအားများမှာ

စိတ်ကူးကြည့်ရန်ပင် မလွယ်ပေ။

ထိုအချိန်တွင် စူးရှသော ကုချင်းသံတစ်ခုက
ရုတ်တရက် ထွက်ပေါ်လာသည်။

ဟင်းလင်းပြင်တွင်းမှ သတ်ဖြတ်ခြင်း
ကုချင်းသံစဉ်ဓားများသည်
ကောင်းကင်မှထွက်ပေါ်လာပြီး
နဂါးမိုလ်ချုပ်လေးဦးထံ ကျရောက်သွား၏။

နဂါးမိုလ်ချုပ်လေးဦးက မျက်နှာပျက်ကာ ခုခံရန်
ကြိုးစားလိုက်သော်လည်း တုန်ယင်သွားကာ
လေးဦးစလုံး၏မျက်နှာတွင် ထိတ်လန့်မှုများ
ပြည့်နှက်သွားတော့သည်။

ထိုချိန်တွင် ဟင်းလင်းပြင်အတွင်းမှ လှုပပြီး

ကျက်သရေရှိသော ရုပ်ပုံလွှာတစ်ခု ထွက်ပေါ်လာသည်။

သူမသည် ရိုးရှင်းသော မီးခိုးရောင် ဝတ်စုံကို ဝတ်ဆင်ထားကာ ပကာသနအသွင်များအား ဖုံးကွယ်ထား၏။ သို့သော်လည်း ထိုသည်က သူမ၏ အလှကို မဖုံးကွယ်နိုင်ပေ။

သူက လေထဲတွင် တင်ပျဉ်ခွေထိုင်နေပြီး ကုချင်းတစ်လက်ကလည်း လေထဲတွင် လွင့်မျောနေသည်။

လှပသောမျက်နှာကိုတော့ အပြာရောင်ပိုးသားဖြင့် ဖုံးအုပ်ထား၍ ကြည်လင်သောမျက်နှာတစ်ဝက်ကိုသာ မြင်ကြရလေသည်။

သူမ၏ နက်နဲလှသော မျက်လုံးတစ်စုံမှာတော့ ဘဝ၏ အရိပ်အယောင်များနှင့်အတူ၊ ရှေးဦးဖရိုဖရဲများ ပြန်လည်ပွင့်လာပုံရပြီး ကြောက်မက်ဖွယ်မြင်ကွင်းကို ထင်ဟပ်နေပုံရပေသည်။

၎င်းက ကျွင်းရှောင်ယောက်၏ တာအိုကာကွယ်သူ အားကျိုးပင် ဖြစ်သည်။

"အဲဒါ သူပဲ၊ အဖြူရောင်ဝတ် နတ်ဘုရားဘုရင်ရဲ့ နောက်လိုက် နတ်ဘုရားမျိုးနွယ်ရှစ်မျိုးထဲက တစ်ခုပဲ။ အခုတော့ သူဟာ ကျွင်းမိသားစုက နတ်ဘုရားသားတော်ရဲ့ တာအိုကာကွယ်သူ ဖြစ်လာပြီ"

အချို့က တီးတိုး ပြောဆိုကြသည်။

ယခုအခါ အားကျိုး၏ အထောက်အထားကို

သိနေခဲ့ကြပြီ ဖြစ်သည်။

နောက်ဆုံးတွင် အားကျိုးက ပန်ဝူနတ်ဘုရားမင်းဆက်၏ မြို့တော်၌ ပန်ဝူကေရာဇ်သခင်အရှေ့မှာပင် တတိယမင်းသားကို သတ်ဖူးသည်။

"သခင်လေးကို ခြိမ်းခြောက်ဝံ့တယ်၊ နင်တို့ သေချင်နေပြီလား"

အားကျိုးက အမှောင်ထဲတွင်သာ ပုန်းကွယ်နေလေ့ရှိပြီး အပြင်ထွက်လာခဲလှသည်။

ယခုတော့ ကျွင်းရှောင်ယောက်ဟာ အနည်းငယ်သာ ဖိနှိပ်ခံရသော်လည်း ကိုယ်တိုင်ထွက်လာ၍ ကြိမ်းမောင်းငေါက်ငမ်းနေချေပြီ။

ယင်းက အကဲဆတ်လွန်းသည်။

"မင်း..."

နဂါးမိုလ်ချုပ်လေးယောက်၏ မျက်လုံးများက အရောင်ပြောင်းသွားခဲ့ကြသည်။ သူတို့အားလုံး အားကျိုးထံမှ အန္တရာယ်ကို ခံစားနေကြရ၏။

ထို့ပြင် ကျွင်းရှောင်ယောက်က မည်မျှပင် ရှုးသွပ်နေပါစေ၊ မင်းသမီးလုံကျိုကို ဤနေရာ၌သတ်မည် မဟုတ်တန်ရာပေ။

ယင်းကိုတွေးပြီးနောက် နဂါးလေးကောင်ကလည်း ပြန်လည် နှုတ်ဆိတ်သွားကြသည်။

အားကျိုး တစ်ယောက်တည်းကို မြင်ရရုံဖြင့် သူတော်စင်အဆင့် နဂါးလေးကောင် မဝံ့မရဲဖြစ်သွားခဲ့ရာ တက်ရောက်လာသူအားလုံး အံ့အားသင့်သွားခဲ့ကြသည်။

ယခင် အဖြူရောင်ဝတ် နတ်ဘုရားဘုရင် ကျွင်းဝူဟွေ့၏ နောက်လိုက်ဟူသည့်အတိုင်း သူ၏ခွန်အားနှင့် စိတ်ဓာတ်သည် တကယ်ကို သာမန်မဟုတ်ပေ။

ကျွင်းမိသားစု၏ တစ်ဖက်တွင်... ကျွင်းလုံခန်းက ဤမြင်ကွင်းကို မြင်သောအခါ ခါးသက်သက်ဖြင့် ပြုံးလိုက်သည်။

ယခင်က သူသည် မင်းသမီးလုံကျို၏ ဓားကြောင့် ပြင်းထန်စွာ ဒဏ်ရာရခဲ့သော်လည်း အားကျိုးဟာ

အပြင်ထွက်ရန် နေနေသာသာ စကားပင်
တစ်ခွန်းမဆိုခဲ့ပေ။

တစ်ဖက်တွင် ယခုအခါ ကျွင်းရှောင်ယောက်က
အနည်းငယ်သာ ဖိနှိပ်ခံခဲ့ရသည်။

သို့သော်လည်း အားကျိုးသည် ချက်ချင်း
ထွက်လာခဲ့၏။

ဤကွာဟချက်က ကြီးမားလွန်းလှသည်။

အားကျိုး၏ နှလုံးသားထဲတွင် ကျွင်းရှောင်ယောက်၏
လုံခြုံရေးကသာ အရေးကြီးဆုံး ဖြစ်နေမှာပင်
ကြောက်ရသည်။

ယင်းအပြင် အားကျိုးက တခြားဘာကိုမှ ဂရုမစိုက်ပါ။

'ဟင်း၊ မေ့လိုက်ပါတော့လေ။ ဝမ်းကွဲရှောင်ယောက်၊ အားကျိုးကို စိတ်မပျက်ပါစေနဲ့'

ကျွင်းလုံခန်းလည်း သူ့နှလုံးသားထဲတွင် သက်ပြင်းချလိုက်သည်။

ယခုတော့ ဤဥပါဒါန်ကို လုံးဝ လွှတ်ချခဲ့လေပြီ။

--------

အပိုင်း ( ၂၉၁ ) ကြိုတင်စီစဉ်မယ်၊ လုံအိုထျန်းကို ဒီဇိုင်းဆွဲပြီး ရှောင်ချန်းကို သတ်ခြင်း။

ယခုအချိန်တွင်၊ ပြိုင်ပွဲ၏ရလဒ်က သံသယပွားရန် မလိုတော့ပါ။

အကယ်၍ ကျွင်းရှောင်ယောက်သာ အချိန်မီ ပေါ်မလာပါက မင်းသမီးလုံကျိသည် ကျွင်းလုံခန်းကိုကျော်ပြီး ထီးနန်းတက်မှာ သေချာသည်။

ယင်းက ကျွင်းမိသားစု၏ ဂုဏ်သိက္ခာကိုလည်း ထိခိုက်စေပေမည်။

သို့ရာတွင် ယခုအခါ ကျွင်းရှောင်ယောက်၏ စွမ်းဆောင်မှုက လူတိုင်းကို အံ့အားသင့်သွားစေခဲ့သည်။ ယင်းက လူများ၏ မျှော်လင့်ချက်ထက်ပင် များစွာ ကျော်လွန်သွားပေပြီ။

ကျွင်းရှောင်ယောက်၏ တိုးတက်မှုက မနှေးမှန်း သူတို့သိသည်။

သို့သော်လည်း ကျွင်းရှောင်ယောက်ကို အချိန်တိုလေးအတွင်းမှာ ဤမျှ သန်မာနိုင်မည်ဟု မမျှော်လင့်ခဲ့ကြပေ။

ဤအဖြစ်အပျက်ပြီးနောက် ကျွင်းရှောင်ယောက်၏ ဂုဏ်သိက္ခာသည် အထွတ်အထိပ်သို့ ရောက်ရှိသွားနိုင်ပြီ ဖြစ်သည်။

မျိုးဆက်သစ်လူငယ်များကြားတွင် သူ၏ ပြိုင်ဘက်ကင်း စံချိန်ကလည်း ဆက်လက်ရှိနေဦးမည်ဟု မျှော်လင့်ရပေသည်။

"ကျွင်းရှောင်ယောက်၊ နင့်ရဲ့ အင်မော်တယ်မျိုးစေ့က

ဘာလဲ"

ကျွင်းရှောင်ယောက်၏ နင်းချေမှုကြောင့်
မင်းသမီးလုံကျိဟာ အလွန်အမင်း
မကျေမနပ်ဖြစ်နေသော်လည်း
မသိချင်ယောင်ဆောင်ပြီး မေးလိုက်သည်။

သူမ၏ အင်မော်တယ်မျိုးစေ့သည် ရှေးကေရာဇ်၏
ပြောင်းပြန်အကြေးခွံဖြစ်၍
အလွန်အဆင့်မြင့်နေပြီဖြစ်ပြီး  သာမန်
အင်မော်တယ်မျိုးစေ့များထက် များစွာ
ပိုမိုအစွမ်းထက်သည်။

သို့တိုင် နောက်ဆုံးမှာတော့ ကျွင်းရှောင်ယောက်က
သူမကို  လွှမ်းမိုးထားဆဲပင်။

မြင့်မြတ်ခန္ဓာ အာရုံနှစ်ခုအပြင် ကျွင်းရှောင်ယောက်၏

အခြားစွမ်းအားများက မင်းသမီးလုံကျိကို ထိတ်လန့်သွားစေသည်။

ကျွင်းရှောင်ယောက်က ပြုံးရုံသာပြီး ဘာမှ မပြောပေ။

သို့ပေမည့် သူသည် နတ်ဘုရား၏မူလကို တမင်တကာ ဖုံးကွယ်ထားမည်မဟုတ်ပါ။

သို့ပေသော်ငြား သူဟာ တမင်တကာ ထုတ်ဖော်တာမျိုး မဟုတ်ပြန်ပါ။

"မင်း အများကြီးသိနေစရာ မလိုပါဘူး၊ မင်းသိထားရမှာက မင်းသမီးလုံကျိဆိုတဲ့ မင်းဟာ ငါ့စီးတော် ဖြစ်ထိုက်တယ်"

ကျွင်းရှောင်ယောက်၏ စကားကိုကြားသောအခါ
မင်းသမီးလုံကျိမျက်နှာက နီရဲလာပြီး
နှလုံးသားထဲမှာလည်း ဒေါသနှင့် စွမ်းအားမဲ့သော
ခံစားချက်ကို ခံစားလိုက်ရသည်။

ယင်းကိုမြင်တော့ ကျွင်းရှောင်ယောက်၏
မျက်လုံးထဲမှာ အလင်းရောင်တစ်ချက်
လင်းလက်သွားလေသည်။

သူက မင်းသမီးလုံကျိ၏ နှလုံးသားကို နက်နဲစွာ
ဖြတ်တောက်ပစ်ချင်ရုံမျှသာ ဖြစ်သည်။

ဘိုးဘွားနဂါးသိုက်မှ ဆင်းသက်လာသော
ဤရှေးဘုရင်မသည် တန်ဖိုးကြီးမားနေဆဲပင်။

ကျွင်းရှောင်ယောက်က မင်းသမီးလုံကျိကို ယခု

သတ်ပစ်မည် မဟုတ်ပေ။

သူက ကြင်နာတတ်သူမဟုတ်သော်လည်း အကြောင်း၊ အကျိုးကို တွေးတတ်သည်။

လုံအိုထျန်း...

ကူးပြောင်းလာသူအနေဖြင့် ကျွင်းရှောင်ယောက်သည် လုံအိုထျန်း ဟူသော စကားလုံးသုံးလုံးကို ကိုယ်စားပြုသည့်အရာအား သဘာဝအတိုင်း နားလည်သည်။

ယင်းက ရှုံးသွပ်မှုနှင့် အေးစက်မှုကို ကိုယ်စားပြုပေသည်။

တံခါးပိတ်ကျင့်ကြံရာမှ ထွက်မလာသေးသော
ဘိုးဘွားနဂါးသိုက်၏ ပထမဆုံး
တားမြစ်မျိုးဆက်သည် ကံကောင်းခြင်း၏သားတော်၊
ရှောင်ချန်းနှင့် ရန်ပန်တို့ထက် ပို၍ အဓိကဇာတ်ဆောင်
ပုံစံမျိုး ရှိနိုင်သည်။

နာမည်ကို နားထောင်ရုံဖြင့် လုံအိုထျန်းက
တောက်ပြောင်သော အရောင်ဝါဖြင့်
မောက်မာသူဖြစ်ကြောင်း ခန့်မှန်းနိုင်ပေသည်။

ထိုသို့သောရန်သူကို ကိုင်တွယ်လိုပါက
ကြိုတင်စီမံထားရန်  လိုအပ်သည်။

ကျွင်းရှောင်ယောက်က လုံအိုထျန်းကို
ကြောက်ရွံ့နေတာ မဟုတ်ပေ။

ခွန်အားခြင်း ယှဉ်ကြည့်လျှင် ကျွင်းရှောင်ယောက်က
လုံအိုထျန်းကို ချေမှုန်းနိုင်ဆဲဟု ယုံကြည်မှု ရှိသည်။

သို့သော်လည်း သူ့အမြင်တွင် လုံအိုထျန်းင ရှောင်ချန်း၊
ရန်ပန်နှင့် အခြားသူများထက် ပို၍ဝသော
ကြက်သွန်မြိတ် ဖြစ်သည်။

ထို့ကြောင့် ကျွင်းရှောင်ယောက်ဟာ
ကောင်းကောင်းရိတ်ရပေမည်။

မင်းသမီးလုံကျိကတော့ အသုံးပြုနိုင်သော
အပေါင်ပစ္စည်း ဖြစ်သည်။

ယခင် ရှောင်ချန်းနှင့် အရင်ဆက်ဆံရာမှာ ဝူမင်ယွဲ့ကို
သူအသုံးပြုခဲ့သလိုပင်၊ ထိုစဉ်က ၎င်းမှာ လူများစွာကို
သတ်ပစ်သည်အထိ အကျိုးသက်ရောက်မှုများပင်

ရှိခဲ့ရသည်။

လုံအိုထျန်းပင်လျှင် တံခါးပိတ်ကျင့်ကြံရာမှ မထွက်ခွာသေးမီ ကျွင်းရှောင်ယောက်၏ အကြံအစည်ထဲသို့ ကျရောက်နေပြီဟု စိတ်ကူးမယဉ်မိမှာကို စိုးရိမ်မိသည်။

"ဒီမင်းသမီးရဲ့ တာအိုနှလုံးသားကို အနိုင်ယူချင်ရင် အဲ့လောက်မလွယ်ဘူး"

မင်းသမီးလုံကျိုက သူမ၏ ငွေရောင်သွားများပေါ်သည်အထိ အံကြိတ်ကာ လှပသောမျက်လုံးများဖြင့် ခေါင်းမာစွာ ကြည့်လိုက်သည်။

ရှေးဟောင်း လူထူးဆန်းတစ်ယောက်အနေဖြင့် သူမ၏ စိတ်နေစိတ်ထားသည် သာမန်ပါရမီရှင်များ လုံးဝ

မယှဉ်နိုင်လောက်ပေ။

ဥပမာအားဖြင့်၊ ကျိမိသားစုမှ သူတော်စင်ငယ် ကျိုရွှမ်သည် ကျွင်းရှောင်ယောက်၏ တိုက်ရိုက်ရိုက်နှက်ခြင်းကို ခံခဲ့ရပြီးနောက် တာအိုနှလုံးသား ပြိုလဲသွားကာ ယခုအခါ လုံးဝ အမှိုက်ဖြစ်နေပြီ ဖြစ်သည်။

တစ်ဖက်မှာတော့ ရှေးဟောင်းလူထူးဆန်းတိုင်းသည် အခက်အခဲ၊ အခြေအနေ အမျိုးမျိုးကို တွေ့ကြုံခံစားခဲ့ရပြီး အလွယ်တကူ ပြိုလဲမည်မဟုတ်ပေ။

သို့သောလည်း ကျွင်းရှောင်ယောက်က ဂရုမစိုက်ပါ။

"စိတ်မကောင်းစရာပဲ၊ ဒီနတ်ဘုရားသားတော်က

မင်းရဲ့ တာအိုနှလုံးသားကို စိတ်မဝင်စားဘူး၊ မင်းကို အနိုင်ယူတဲ့သူက ကျွင်းရှောင်ယောက်ဆိုတာကို သတိရဖို့ပဲလိုတယ်"

ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

သူက မင်းသမီးလုံကျိကို ထပ်မံ၍ အရှက်မခွဲလိုတော့ပေ။

မင်းသမီးလုံကျိက ကျွင်းရှောင်ယောက်ကို သူ၏အရိုးထဲထိ ထွင်းထုထားသကဲ့သို့ စိန်းစိန်းဝါးဝါး စိုက်ကြည့်လိုက်သည်။

ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ... အနည်းဆုံးတော့ ကျွင်းရှောင်ယောက်သည် မင်းသမီးလုံကျိကို အထင်ကြီးလေးစားစေနိုင်သော

တစ်ဦးတည်းသော အမျိုးသားဖြစ်သည်။

အထင်ကြီးစရာတစ်ခုရှိလျှင်ပင် ဟာကွက်တစ်ခုရှိ၍ မင်းသမီးလုံကျိကို ကိုင်တွယ်အသုံးပြုရန် အခွင့်အရေးရှိပေသည်။

"ကျွင်းရှောင်ယောက်၊ ဒီကိစ္စက ဒီမှာတင် ပြီးသွားမှာမဟုတ်ဘူး"

မင်းသမီးလုံကျိက ဖြူဖျော့နေသောမျက်နှာဖြင့် ပြောလိုက်သည်။

ယခုချိန်မှာတော့ ကြမ်းတမ်းသည့် စကားတစ်ခွန်း၊ နှစ်ခွန်းလောက် ပြောရုံမှတပါး တခြားဘာမှ မလုပ်နိုင်သေးပေ။

ဤတစ်ခေါက်တွင် မင်းသမီးလုံကျိ မျက်နှာ

လုံးဝပျက်သွားသည်။

ဘိုးဘွားနဂါးသိုက်နှင့်ပင် သူတို့ကိုယ်သူတို့
အရှုးလုပ်မိခဲ့ပေသည်။

မင်းသမီးလုံကျိဟာ ဤအကြောင်းကို
များများတွေးလေ၊ ဒေါသပိုထွက်လေလေ
ဖြစ်လာသည်။

ထို့ကြောင့် စက္ကူကဲ့သို့ဖြူရော်နေသောမျက်နှာနှင့်
ရှောင်ချန်းကို လှည့်ကြည့်လိုက်၏။

အားလုံးက ရှောင်ချန်းကြောင့် ဖြစ်သည်။

သူ့အခြေအနေကြောင့်သာ မဟုတ်လျှင်

မင်းသမီးလုံကျိုက  ကျွှင်းရှောင်ယောက်ကို
မြန်မြန်ဆန်ဆန် တွေ့ရနိုင်မည် မဟုတ်ပေ။

"ရှောင်ချန်း၊ ဒီနတ်ဘုရားသားတော်က မင်းကို
ကြင်နာမှု ပြခဲ့ပြီးပြီ။ အခုတော့ မင်း
စိတ်ဖြောင့်လက်ဖြောင့် သွားပါတော့"

ကျွှင်းရှောင်ယောက်က တန်ဖိုးမရှိသော ရန်သူများနှင့်
လျှို့ဝှက်အန္တရာယ်များကို သဘာဝအတိုင်း
ချန်ထားခဲ့မည်မဟုတ်ပေ။

သူက ကျပန်းလက်ဝါးတစ်ချက်
ရိုက်ထုတ်လိုက်သည်။ ယင်းက ကောင်းကင်ကို
ဖုံးလွှမ်းသွားကာ ရှောင်ချန်းထံသို့ တိုးဝင်သွား၏။

"မဟုတ်ဘူး... ငါ လက်မခံနိုင်ဘူး"

ရှောင်ချန်းက ဒေါသတကြီးဖြင့်
ဟိန်းဟောက်လိုက်သည်။

သူက မပြေးလို၍မဟုတ်ပေ၊ ပြေးမလွတ်တော့၍သာ
ဖြစ်သည်။

နှစ်သစ်၏ ပထမနေ့ကို မရှောင်နိုင်ရင်
နောင်ဆယ့်ငါးရက်ကိုလည်း ရှောင်၍မရပေ။

ထို့ကြောင့် သူ၏တစ်ခုတည်းသောမျှော်လင့်ချက်မှာ
မင်းသမီးလုံကျိုက ကျွင်းရှောင်ယောက်ကို အနိုင်ယူပြီး
သတ်ပင် သတ်ပစ်နိုင်မည်ဟု မျှော်လင့်ခြင်း
ဖြစ်သည်။

ယခုတော့ သူ၏ နောက်ဆုံးအားကိုးရာလည်း
လုံးဝပြိုလဲသွားပေပြီ။

ကျဆင်းလာသော စွမ်းအားများကိုခံစားကာ ရှောင်ချန်းလည်း လိပ်ပြာလွင့်မတတ် ကြောက်လန့်လာသည်။

ထိုအချိန်တွင် သူ့မျက်လုံးထောင့်မှ ပုံရိပ်တစ်ခုကို ရုတ်တရက် မြင်လိုက်ရ၏။ သူ့နှလုံးသားထဲမှ နောက်ဆုံးမျှော်လင့်ချက်လေးမှာလည်း တစ်ဖန် တောက်ပလာပြန်တော့သည်။

"မင်ယွဲ့... မင်ယွဲ့ ငါ့ကိုကယ်ပါဦး။ ငါ အရင်က ဆိုးခဲ့ပါတယ်၊ မင်းကို နာကျင်စေခဲ့မိတယ်။ အခု ငါ့အသက်ကို ကယ်တင်ပေးပါဦး"

ရှောင်ချန်း အော်ဟစ်လိုက်သည်။

သူနှင့် ဝူမင်ယွဲ့က ပြတ်ဆဲသွားပြီဖြစ်သော်လည်း

သူ့မှတ်ဉာဏ်က ကောင်းနေဆဲပင်။

သို့ရာတွင် ထိုအသံကို ကြားလိုက်ရပြီးနောက် ဝူမင်ယွဲ့၏မျက်နှာက အနည်းငယ်နီရဲသွားသည်။

ရှောင်ချန်းက သေကာနီး အချိန်မှာပပင် သူမကို ရေထဲဆွဲနှစ်ရက် မမေ့ခဲ့ဘူးလား။

သခင်လေးရှောင်ယောက်သာ ဤစကားကိုကြားရင် ဘယ်လိုလုပ်မလဲ။

ဝူမင်ယွဲ့၏ မျက်နှာက ချက်ချင်း အေးစက်သွားကာ ရှောင်ချန်းကို ရွံ့ရှာဟန်ဖြင့်ကြည့်၍ လိုက်သည်။

"နင်လို လူပြက်တစ်ယောက်က မြန်မြန်သေတာမှ

ပိုကောင်းတယ်"

ကျွင်းရှောင်ယောက် နားလည်မှုလွဲခြင်းမှ တားဆီးရန် ဝူမင်ယွဲ့က အေးစက်စက်ဖြင့်ပြောပြီး ရှောင်ချန်းနှင့် ပတ်သက်မှုအားလုံးကို ရှင်းထုတ်ခဲ့လေသည်။

"မင်း..."

ရှောင်ချန်းလည်း တစ်ချိန်က သူချစ်ရသော အမျိုးသမီးမှာ ယခုကဲ့သို့ နှလုံးသားမဲ့စွာ ပြောနေသည်ကို ကြားလိုက်သောအခါ စိတ်ဓာတ်ကျသွားသည်။

"ဝုန်း"

ပေါက်ကွဲသံနှင့်အတူ ရှောင်ချန်း မျက်လုံးများက မှောင်လာပြီး အဆုံးမဲ့ အမှောင်ထုထဲသို့ ကျသွား၏။

ရှောင်ချန်း သေဆုံးခဲ့ပေပြီ။

ပါးပါးလှီးထားသော အသားပုံအဖြစ်
ပြောင်းလဲသွားသည့် ရှောင်ချန်းကိုကြည့်ကာ
ကျွင်းရှောင်ယောက်က အကြည့်ပြန်ရုတ်လိုက်သည်။

သူ့အတွက်ကတော့ ဤသည်မှာ
ယင်ကောင်တစ်ကောင်ကို သတ်လိုက်ခြင်းနှင့် ဘာမျှ
မကွာခြားပေ။

မင်းသမီးလုံကျိုကလည်း မတားဆီးပါချေ။

အကယ်၍ ကျွင်းရှောင်ယောက်က မသတ်လျှင်ပင်
ရှောင်ချန်းကို ကိုယ်တိုင် ဖယ်ရှားပစ်တော့မည်

ဖြစ်သည်။

"ကျွင်းရှောင်ယောက်၊ ငါ့ကို စောင့်နေပါ"
မင်းသမီးလုံကျိုက မည်းမှောင်နေသောမျက်နှာဖြင့်
နဂါးနန်းတော်ကို ပြန်လှည့်သွားခဲ့သည်။

သူမသည် ဤနေရာတွင် ဆက်မနေလိုတော့ဘဲ
ထူးဆန်းသည့် အကြည့်များကိုလည်း ခံနိုင်ရာ်
မရှိတော့ပေ။

သူမတွင် ခိုင်မာသည့်တာအိုနှလုံးသားသော်လည်း
ယင်းက  ခံစားချက်မရှိဘူးဟု မဆိုလိုပါချေ။

သူမသည် ရှက်လည်းရှက်၊ ဒေါသလည်း
ထွက်သွားမိသည်။

နဂါးမိုလ်ချုပ်လေးယောက်လည်း
ကျွင်းရှောင်ယောက်ကို  အေးစက်စက်ဖြင့်ကြည့်ကာ
မင်းသမီးလုံကျိအနောက်ကို လိုက်သွားခဲ့လေသည်။

ကျွင်းရှောင်ယောက်က ရယ်မောလိုက်သည်။

"မင်းသမီးလုံကျိဆိုတဲ့ ရေချိုငါးကလေးရေ၊ မင်းက
ဒီနတ်ဘုရားသားတော်ရဲ့ လက်ထဲမှာ ကစားဖို့အတွက်
ထိုက်တန်တယ်"

---------

အခန်း ( ၂၉၂ ) နိဂုံးကမ္ပတ် အဆုံးသတ်လေပြီ၊
ပန်ဂူနတ်ဘုရားမင်းဆက် အကူအညီမဲ့ရခြင်း။

တောက်ရှန်တောင်မှ တိုက်ပွဲကတော့
အထူးပြောနေရန်ပင် မလိုတော့ပေ။

မင်းသမီးလုံကျိနှင့် အခြားသူများသည်
ခေတ္တမျှမနေတော့ဘဲ နဂါးနန်းတော်ကြီးနှင့် အဝေးသို့
တိုက်ရိုက်ပြေးသွားခဲ့ကြသည်။

ဘိုးဘေးနဂါးသိုက်ကဲ့သို့သော
ရှေးဟောင်းတော်ဝင်မိသားစုဝင်များလည်း
နာကြည်းသောအကြည့်နှင့်ကြည့်ပြီး
မျက်နှာမည်းကြီးများနှင့် အသီးသီး
ပြန်သွားကြတော့သည်။

ကိုယ့်မျက်စိနှင့် မမြင်ဖူးရလျှင် မင်းသမီးလုံကျိ
ရှုံးနိမ့်မည်ဟု ဘယ်သူက စိတ်ကူးယဉ်နိုင်ကြမှာလဲ။

တစ်ချိန်တည်းမှာပင် ရုပ်ဆိုးသောမျက်နှာဖြင့် ကြေ့လွင့်နတ်ဘုရားနန်းတော်လည်း ရှိသည်။

ကြေ့လွင့်နတ်ဘုရားနန်းတော်သည် ကျွင်းရှောင်ယောက်ကို မလိုမုန်းထား၍ ၎င်းအရှက်ကွဲခြင်းကို မြင်တွေ့ရရန် လာရောက်ခဲ့ကြခြင်း ဖြစ်သည်။

သို့သော်လည်း အဆုံးတွင် ကျွင်းရှောင်ယောက် အင်အားပြခြင်းကိုသာ မြင်ခဲ့ရလေသည်။

ဤမျှထိတ်လန့်စရာကောင်းသော ခွန်အားဖြင့်၊ ကြေ့လွင့်နတ်ဘုရားသားတော် ကျဆုံးသွားသည်မှာ အံ့ဩစရာတော့မဟုတ်ပေ၊ သူ၏သေဆုံးခြင်းမှာ ဖြစ်သင့်သည်။

ထို့အပြင်၊ ကျိုမိသားစုနှင့် ရဲ့မိသားစုမှ
အကြီးအကဲများနှင့် တပည့်အချို့သည်လည်း
အမှုအရာများ လေးနက်နေကြသည်။

သူတို့က ကျွင်းမိသားစုကို မုန်းတီးမှု
သိပ်မရှိသော်လည်း ပြိုင်ဆိုင်မှုများ ရှိ၏။

ကျွင်းရှောင်ယောက်က ယခုအခါ မတူညီသော
မိုးနှင့်မြေကဲ့သို့ တည်ရှိနေသည်။ အနာဂတ်တွင်
ကောရာဇ်လမ်းဖွင့်ခြင်းအပါအဝင်
အခွင့်အလမ်းအမျိုးမျိုးတို့က ၎င်း၏လက်ထဲကို
ရောက်လုနီးဖြစ်ကာ ကျန်ပါရမီရှင်များအတွက်
အခွင့်အရေးသိပ်မရနိုင်လောက်တော့ပေ။

ကျွင်းရှောင်ယောက် တစ်ယောက်တည်းက

ကျန်ပါရမီရှင်အားလုံးကို လုံးလုံးလျားလျား မှေးမှိန်သွားစေရန် လုံလောက်သည်။

မြောက်ဘက်တွင် တော်ဝင်မိသားစုလည်း ရှိပြီး သူတို့၏ နှလုံးသားထဲတွင် လေးနက်မှု အရိပ်အယောင်လည်း ရှိသည်။

'သူက အရမ်းသန်မာတာပဲ၊ ဒါပေမယ့် ကိစ္စမရှိဘူး။ ငါ့အစ်ကိုက သူ့ထက် အားနည်းနေမှာ မဟုတ်ဘူး'

ဝမ့်ကန်းက လေးနက်သောအမူအရာဖြင့် စိတ်ထဲမှ ရေရွတ်လိုက်သည်။

သူ၏အစ်ကို ဝမ့်ထန့်က မဟာကေရာဇ်ရုပ်သွင်ရှိပြီး ကေရာဇ်ငယ်အဖြစ်ပင် လူသိများသည်။

ကျွင်းရှောင်ယောက်၏ လှုပ်ရှားမှုက ဝမ့်ကန်းကို

ထိတ်လန့်စေသော်လည်း သူ့အစ်ကိုအား
ယုံကြည်နေဆဲပင်။

ရှေးဟောင်းတော်ဝင်မိသားစုမှလွဲ၍ ပတ်ဝန်းကျင်ရှိ
အင်အားစုများကတော့ ယခုအချိန်အထိ
လူစုခွဲခြင်းမရှိသေးပေ။

၎င်းတို့သည် ယခင်က ကျွင်းရှောင်ယောက်၏
ကြီးစိုးမှုနှင့် လွှမ်းမိုးမှုတွင် နှစ်မြှုပ်နေဆဲ ဖြစ်သည်။

ပန်ဝူနတ်မင်းဆက်က ဗိုလ်ချုပ်ကြီးတစ်ဦး၏
မျက်နှာအမူအရာက ပြောင်းလဲသွားကာ ဝူမင်ယွဲ့ထံ
ချဉ်းကပ်၍ ပြောလိုက်သည်။
"တော်ဝင်တော်ဝင်မင်းသမီး၊ ပန်ကေရာဇ်ဓား"

ထိုဗိုလ်ချုပ်၏ ရည်ရွယ်ချက်ကတော့

အသိသာကြီးပင်။ သူက ပန်ကေရာဇ်ဓားကို ပြန်တောင်း၍ ရနိုင်မလားဟု မေးမြန်းနေခြင်း ဖြစ်သည်။

နောက်ဆုံးတွင် ပန်ကေရာဇ်ဓားက ပန်ဝူနတ်ဘုရားမင်းဆက်၏ ကေရာဇ်လက်နက် ဖြစ်သည်။

ဝူမင်ယွဲ့သည် မြင့်မြတ်ဝိညာဉ်အကယ်ဒမီ၏ မြင့်မြတ်ဝိညာဉ်မြို့မှာ ရှိခဲ့စဉ်က ကျွင်းရှောင်ယောက်နှင့် အတော်လေး နီးစပ်ခဲ့သည်။

ထို့ကြောင့် ဝူမင်ယွဲ့နှင့် ကျွင်းရှောင်ယောက်က ပတ်သတ်မှု တစ်စုံတစ်ရာ ရှိလိမ့်မည်ဟု သူတို့ ယုံကြည်ထားလေသည်။

တကယ်တမ်းတွင် ဝူမင်ယွဲ့နှင့်
ကျွင်းရှောင်ယောက်တို့၏ စစ်မှန်သော ဆက်ဆံရေးက
သခင်နှင့် အစေခံဖြစ်ကြောင်း သိသူနည်းလှသည်။

ကျွင်းရှောင်ယောက်က ဝူမင်ယွဲ့၏ ကျွန်တံဆိပ်ကို
ရုတ်သိမ်းလိုက်သော်လည်း ဝူမင်ယွဲ့ဟာ သူ့ကိုယ်သူ
အစေခံမိန်းကလေးအဖြစ် သတ်မှတ်ထားဆဲပင်။

"ပြောစရာမလိုပါဘူး၊ ဒီမင်းသမီးက
ဘာမှပြောစရာမလိုဘူး။ တကယ်လို့ ရှင်ဆိုရင်ကော
ဧကရာဇ်လက်နက်ကို တခြားသူတွေဆီ
လွှယ်လွှယ်ပေးမှာလား"

ဝူမင်ယွဲ့၏ စကားများက မိုလ်ချုပ်ကို
တိတ်ဆိတ်သွားစေခဲ့သည်။

ယင်းက မမှားပေ။

ပန်ကေရာဇ်ဓားသည် ပန်ဂူနတ်ဘုရားမင်းဆက်၏
လက်နက် အမည်ခံဖြစ်သော်လည်း… ယခုအချိန်တွင်
ပန်ကေရာဇ်ဓားကို ရခဲ့သူက ကျွင်းရှောင်ယောက်
ဖြစ်သည်။

ပန်ကေရာဇ်ဓားကို စကားတစ်ခွန်းဖြင့်
ကျွင်းရှောင်ယောက်အား ပြန်လွှဲပေးရန်
တောင်းဆိုတာဟာ နုံအလွန်းလှသည်။

ကျွင်းရှောင်ယောက်ကလည်း သူ့မျက်လုံးထောင့်မှ
ယင်းကို သတိထားမိလေသည်။

သူ့မျက်လုံးများက အရောင်လက်သွားပြီးနောက်
ကျွင်းကျန်းထျန်းနှင့်  အခြားမျိုးနွယ်စု
အကြီးအကဲများကို ပြောလိုက်သည်။

"အဘိုး၊ မျိုးနွယ်စုအကြီးအကဲတွေ အားလုံးပဲ...
ရှောင်ယောက်အစား ဒီပန်ကေရာဇ်ဓားကို  မိသားစုကို
ပေးပို့ပေးပါ"

ကျွင်းရှောင်ယောက်က ပြောပြီးသည်နှင့်
ပန်ကေရာဇ်ဓားကို ကျွင်းကျန်းထျန်းထံသို့
လွှဲပြောင်းပေးလိုက်သည်။

"ဒါ..."
ကျွင်းမိသားစုမှ အကြီးအကဲများလည်း
မျက်လုံးအိမ်များ လှုပ်ခါသွား၏။

ကျွင်းရှောင်ယောက်ကို ဧကရာဇ်လက်နက်အား
မိသားစုထံသို့ လွှဲပြောင်းပေးရန် မည်သူမျှ
အတင်းအကြပ် ခိုင်းစေမည်မဟုတ်ပါ။

သို့ရာတွင် ကျွင်းရှောင်ယောက်ကတော့
လွှဲပြောင်းပေးရန် အစပြုခဲ့သည်။

ကျွင်းရှောင်ယောက်၏ အဓိပ္ပာယ်ကို နားလည်သော
ကျွင်းကျန်းထျန်း၏ မျက်လုံးများက
တောက်ပလာခဲ့သည်။

ကျွင်းရှောင်ယောက်က ကေရာဇ်လက်နက်ကို
လူထုရှေ့မှာ လွှဲပြောင်းပေးခြင်းက
အကြောင်းရင်းရှိသည်။

ပထမဦးစွာ ပြဿနာများစွာ ဖြေရှင်းပြီးပေမည်။

တကယ်တော့ မည်သူကမျှ
ကေရာဇ်လက်နက်ကိုသယ်ကာ
လျှောက်သွားနေမည်မဟုတ်ပေ။

ဤခံစားချက်မျိုးက နောက်ကျောမှာ ရွှေတောင်ကြီးကိုသယ်ပြီး ပြေးလွှားနေသည့် လူတစ်ယောက်နှင့် တူသည်။

ကျွင်းရှောင်ယောက်၏ ဝိသေသလက္ခဏာကြောင့် တော်ရုံလူကတော့ လာရှုပ်ဝံ့မည် မဟုတ်ပေ။

သို့ရာတွင် သူခိုးကို မကြောက်သော်လည်း ဓားပြကို ကြောက်ရသည်။

ကေရာဇ်လက်နက်၏ ဆွဲဆောင်မှုကြောင့် ရူးသွပ်စွာ လှုပ်ရှားလာမည့် တန်ခိုးရှင်မရှိပါဟု ဘယ်သူမှ အာမခံနိုင်မှာ မဟုတ်ပေ။

တာအိုကာကွယ်သူအဖြစ် အားကျိုးရှိသော်လည်း

တစ်ရာ ရာခိုင်နှုန်း ဘေးကင်းမှုကို
အာမခံရန်မဖြစ်နိုင်ပါချေ။

ဒုတိယအချက်မှာ ပန်ဝူနတ်ဘုရားမင်းဆက်၏
ပါးစပ်ကိုပိတ်ရန် ဖြစ်သည်။

ကျွင်းရှောင်ယောက်က ဧကရာဇ်လက်နက်ကို
ကျွင်းမိသားစုထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပေပြီ။

ထိုအတွက် ပန်ဝူနတ်ဘုရားမင်းဆက် ဆန္ဒရှိလျှင်
ကျွင်းမိသားစုကိုသာ ရင်ဆိုင်ရနိုင်သည်။

ကျွင်းမိသားစု၏ နောက်ခံအရတော့
ပန်ဝူနတ်ဘုရားမင်းဆက်ကို ကြောက်ရွံ့နေရန်
အကြောင်းမရှိပေ။

ထိုသို့ဖြင့် ကျွင်းရှောင်ယောက်ဟာ ဒုက္ခအပေါင်းမှ လွတ်မြောက်သွားနိုင်သည်။

နောက်တစ်ခုရှိသေးတာက ကေရာဇ်လက်နက်များကို ဆက်သုံးနေမည်ဆိုလျှင် ကျွင်းရှောင်ယောက်၏ ကိုယ်ပိုင်ခွန်အားအတွက် မကောင်းပေ။

ကေရာဇ်လက်နက်များ ဘယ်လောက်ပင် အားကောင်းနေပါစေ၊ ပြင်ပ အကူပစ္စည်းများသာ ဖြစ်သည်။

ကျွင်းရှောင်ယောက်အတွက် အရေးကြီးဆုံးက သူ့ကိုယ်ပိုင် ခွန်အားကို အားကိုးရန်ပင် ဖြစ်ချေသည်။

"ကောင်းပြီ ရှောင်ယောက်၊ မိသားစုက မင်းအတွက်

ဒီကေရာင်ဇ်လက်နက်ကို သိမ်းထားပေးမယ်"
ကျွင်းကျန်းထျန်းက ပန်ကေရာင်ဇ်ဓားကို လက်ခံယူလိုက်သည်။

မျိုးနွယ်စုမှ အကြီးအကဲများလည်း ဂန္ဓမာကဲ့သို့ ပြုံးပျော်နေကြတော့သည်။

ကျွင်းရှောင်ယောက်သည် ကျွင်းမိသားစုကို မျက်နှာအဖက်ဆည်ရုံ သာမကဘဲ ရှားပါးပြီး အဖိုးတန်သော နယ်ချဲ့လက်နက်ကိုပင် ယူဆောင်လာခဲ့သည်။

ဟုတ်ပေသည်၊ ဤပန်ကေရာင်ဇ်ဓားက ကျွင်းရှောင်ယောက်အပိုင်ဖြစ်ပြီး ကျွင်းမိသားစုမှ ယခုအချိန်တွင် ထိန်းသိမ်းထားခြင်းသာ ဖြစ်သည်။

"အခု ငါထင်တယ်၊ ရှောင်ယောက်က မိသားစုကို အကျိုးပြုတာမဟုတ်ဘူးလို့ ဘယ်သူမှ ပြောဝံ့တော့မှာ မဟုတ်ဘူး"

ကျွင်းကျန်းထျန်းက သူ့မြေးအတွက် အလွန်ဂုဏ်ယူစွာ အော်ဟစ်လိုက်သည်။

ကျွင်းတောက်လင်း၊ ကျွင်းရှီယုနှင့် အခြားသူများလည်း ရှက်ရွံ့စွာဖြင့် ခေါင်းငုံ့သွားလေသည်။

ယခင်က ကျွင်းရှောင်ယောက်သည် ကျွင်းမိသားစု၏ အရင်းအမြစ်မျိုးစုံဖြင့်သာ ပြုစုပျိုးထောင်ခဲ့ပြီး မိသားစုအတွက် အထောက်အကူမပြုသေးသောကြောင့် အနည်းငယ်မကျေမနပ်ဖြစ်ခဲ့သည်။

ယခုတော့ ရလဒ်က မည်သို့ရှိသနည်း။

ကျွင်းမိသားစုကို ဂုဏ်သိက္ခာရှိအောင်
ကူညီပေးရုံသာမက ရှားရှားပါးပါး
ကောရာဇ်လက်နက်တစ်ခုကိုလည်း မိသားစုထံ
ယူဆောင်လာခဲ့ပြီ ဖြစ်သည်။

ယင်းက ကျွင်းမိသားစု၏ စီကွမ်တိုင်း
လုပ်လို့မရသည့်အရာပင်။

ကျွင်းမိသားစုမှ ကျွင်းရှောင်ယောက်ကို
မကျေနပ်သော စီကွမ်အားလုံး ရှက်ရွံ့စွာဖြင့်
ခေါင်းငုံ့သွားကြသည်။

တစ်ဖက်တွင်… ပန်ဝူနတ်ဘုရားမင်းဆက်၏
ဗိုလ်ချုပ်ကြီးမှာ ကျွင်းရှောင်ယောက်က

ကေရာဇ်လက်နက်ကို ကျွင်းမိသားစုထံသို့ လွှဲပြောင်းပေးခဲ့သောကြောင့် မျက်နှာပျက်သွားခဲ့မိသည်။

ကျွင်းရှောင်ယောက်က ကေရာဇ်လက်နက်ကို ထိန်းချုပ်ထားဆဲ ဖြစ်နေပါက ၎င်းတို့အတွက် တစ်နည်းတစ်ဖုံ ကြံဆနိုင်နေဆဲပင်။

ယခုတော့ ဓားပြန်တောင်းရန် ကျွင်းမိသားစုကို မည်သူသွားဝံ့ပါမည်နည်း။

"ဟားဟားဟား၊ မြင့်မြတ်သားတော်ရဲ့ ခွန်အားက တကယ်ကို အားကောင်းတာပဲ။ ဒီနေ့ အမြင်ကျယ်သွားခဲ့ပါပြီ"

မြင့်မြတ်ဝိညာဉ် အကယ်ဒမီဘက်တွင် ပထမအကြီးအကဲက အားပါးတရ ရယ်မောကာ

ပြောလိုက်သည်။

ခေါင်းဆောင်နှင့် အခြားသူများ၏ ဆုံးဖြတ်ချက်က
အလွန်လိမ္မာပါးနပ်သည်ဟု ယခုအခါ
သူတကယ်ခံစားလာရပြီ ဖြစ်သည်။

ယခုအခါ ကျွင်းရှောင်ယောက်က
မြင့်မြတ်ဝိညာဉ်အကယ်ဒမီ၏
မြင့်မြတ်သားတော်ဖြစ်ဆဲဖြစ်၍
မြင့်မြတ်ဝိညာဉ်အကယ်ဒမီနှင့်လည်း သက်ဆိုင်သည်။

အနာဂတ်တွင် တန်ခိုးရှင်ကြီး ဖြစ်လာမည့်
ကျွင်းရှောင်ယောက်နှင့်အတူ
မြင့်မြတ်ဝိညာဉ်အကယ်ဒမီ၏ အနေအထားကလည်း
အမြဲတစေ  တည်ငြိမ်နေတော့မည်။

ဟွာရှီချင်း၏ လှပသောမျက်လုံးများကလည်း တောက်ပနေသည်။ ယနေ့တိုက်ပွဲသည် သူမအား ကျွင်းရှောင်ယောက်ကို အနိုင်းမဲ့အထင်ကြီးစေခဲ့သည်။

ကျွင်းရှောင်ယောက်လည်း ခပ်တိုးတိုး ရယ်မောလိုက်သည်။ ယခုလောက်ဆိုလျှင် မြင့်မြတ်ဝိညာဉ်အကယ်ဒမီအတွက် သူ၏ အရေးပါပုံကို ပို၍ နားလည်လာခဲ့လောက်ပေပြီ။

"ကောင်းပြီ၊ အားလုံးပဲ စိတ်လှုပ်ရှားစရာတွေ ပြီးပြီဆိုတော့ သွားကြစို့"

ကျွင်းရှောင်ယောက်က ပတ်ပတ်လည်ကို ကြည့်လိုက်သည်။

ကျွင်းမိသားစု၏ အရှက်ကွဲပုံကိုမြင်ရရန် တမင် လာရောက်ခဲ့ကြောင်း အင်အားစုများရှိနေကြောင်းကို

သူသိထားပြီး ဖြစ်ချေသည်။

သို့သော်လည်း ကျွင်းရှောင်ယောက်က ဂရုမစိုက်ပါ။ သူ့အင်အားက လုံလောက်အောင် သန်မာနေသရွေ့ အားလုံးကို ဟန့်တားနိုင်စွမ်း ရှိသည်။

"ဟားဟားဟား၊ နတ်ဘုရားသားတော်ရဲ့ အင်အားက အံ့သြစရာပါပဲ"

"ဟုတ်တယ်၊ နောင်အနာဂတ်မှာ အင်မော်တယ်နယ်မြေကြီးရဲ့ မျိုးဆက်သစ်လူငယ်တွေက နတ်ဘုရားသားတော်ကို ဦးညွှတ်နေရလောက်တယ်"

အင်အားစုအသီးသီး၏ အကြီးအကဲများက တုန်ယင်စွာဖြင့် ပြောဆိုလိုက်ကြသည်။

ယနေ့တိုက်ပွဲက အင်မော်တယ်နယ်မြေကြီးတွင် ကြီးမားသောလှိုင်းလုံးများဖြစ်ပေါ်စေဦးမည်မှန်း သိသာထင်ရှားလှပေသည်။

ထို့နောက် ကျွင်းရှောင်ယောက်နှင့် တခြားသူများလည်း ကျွင်းမိသားစုကို အတူတူ ပြန်လာခဲ့ကြသည်။

ကျန်းစန်းယီနှင့် အခြား ကျန်းမိသားစုဝင်များလည်း သူတို့နှင့်အတူ လိုက်ပါသွားခဲ့သည်။

ကျွင်းရှောင်ယောက်က ကြီးမားသော စွမ်းအားကို ပြသခဲ့ရာ ၎င်းတို့၏ ကျန့်မိသားစုကလည်း ဂုဏ်ပြုရပေမည်။

ထိုအချိန်တွင် အခြားအင်အားစုများလည်း
လှုပ်ရှားခဲ့လိုက်ကြသည်။

သို့ရာတွင် ရက်အနည်းငယ်အတွင်း
တောက်ရှုန်တောင်မှ သတင်းများက
အင်မော်တယ်နယ်မြေကြီးတစ်ခုလုံးကို
တုန်ခါသွားစေခဲ့သည်။

ကျွင်းရှောင်ယောက်က လူတိုင်း၏ အသိဉာဏ်ကို
ပြန်လည် ဆန်းသစ်စေခဲ့သည်ဟု
ဆိုနိုင်လောက်ပေသည်။

ခေတ်ပြိုင် ပါရမီရှင်တစ်ဦးက
ရှေးဟောင်းလူထူးဆန်းကို အနိုင်ယူခဲ့သည်။

ထိုသည်က အတိတ်တွင် တစ်ခါမျှ မဖြစ်ခဲ့ဖူးပေ။

ယခုမူကား ထိုဒဏ္ဍာရီမှာ သူတို့ရှေ့တွင် အသက်ရှင်လျက် ရှိလာပြီ ဖြစ်သည်။

"သေချာတယ်၊ အပြိုင်ကမ္ဘာကြီး ပွင့်လာပြီ။ ဒါကြောင့် ရှေးဟောင်းလူထူးဆန်းတွေနဲ့ မွန်းစတားတွေလည်း ထွက်ပေါ်လာခဲ့တာ"

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်၊ သူက အကြီးမားဆုံး ဘီလူးကြီး ဖြစ်နေမှာတောင် ကြောက်ရတယ်။ နောက်ဆုံးတစ်ခေါက် သူ့ဆီကနေ ထွက်ပေါ်လာတဲ့အရှိန်အဝါက ဘုံကိုးပါးနဲ့ ဓာတ်ကြီးငါးပါးကို ကျော်လွန်သွားပြီလို့ ခံစားရတယ်"

"ဘိုးဘွားနဂါးသိုက်နဲ့ တခြား ရှေးဟောင်းတော်ဝင်မိသားစုတွေ အားလုံး

မျက်နှာပျက်သွားခဲ့ကြပြီ၊ အဲဒါကို
ဘယ်လိုဖြေရှင်းကြမလဲ မသိဘူး"

"ဘိုးဘွားနဂါးသိုက်မှာ ထွက်ပေါ်မလာသေးတဲ့
တားမြစ်တည်ရှိမှုတစ်ခု ရှိသေးတာကိုလည်း
မေ့မထားနဲ့ဦးလေ"

"မင်းဆိုလိုတာက… လုံအိုထျန်းလား"

--------

အခန်း ( ၂၉၃ ) ကျွင်းမိသားစုအတွက်
ဘုရင်သုတ်သင် အစီအစဉ်၊ လက်မှတ်ထိုးဝင်ရန်
နေရာအသစ်… အင်မော်တယ် ရှေးကမ္ဘာ(ရှန်ကုကမ္ဘာ)

ရှင်ဘုရင်ကို သတ်ရန် ဂျန်မိသားစု၏ အစီအစဉ်ကို ရည်ရွယ်၍ ဝင်ရောက်ရာနေရာအသစ်၊ ရှေးခေတ်ကမ္ဘာကြီးဖြစ်သည်။

ဘိုးဘွားနဂါးသိုက်၏ ပထမမျိုးဆက်ဖြစ်သော လုံအိုထျန်းသည် ပျက်ဆီးခြင်းကောင်းကင် အင်မော်တယ်နယ်မြေကြီးတွင် နာမည်ကောင်းရှိသည်။

သို့သော်လည်း ၎င်းသည် အမြဲတမ်း တံခါးပိတ်လေ့ကျင့်နေသောကြောင့် လုံအိုထျန်း မည်မျှအားကောင်းသည်မှန်း မည်သူမျှမသိပေ။

တောက်ရှန်တောင်မှကိစ္စသည် ဘိုးဘွားနဂါးသိုက်မှ အဘိုးကြီးနားကို ပြန်ရောက်သွားခဲ့သည်။

"ဝုန်း"

ထိုအဘိုးကြီး၏ ဒေါသသည်
ဘိုးဘွားနဂါးသိုက်တစ်ခုလုံးကို တုန်ခါသွားစေခဲ့၏။

မင်းသမီးလုံကျိ၏ ရှက်စရာကောင်းသော
ရှုံးနိမ့်မှုသည် ဘိုးဘွားနဂါးသိုက်၏ဂုဏ်သိက္ခာအတွက်
ကြီးမားသော ထိုးနှက်ချက် ဖြစ်သည်။

"ကျွင်းမိသားစုရဲ့ ကလေးက လွန်လွန်းသွားပြီ"
ဘိုးဘွားနဂါးသိုက်၏ အဓိပဓိက အေးစက်စက်ဖြင့်
ပြောလိုက်သည်။

"ငါ့ရဲ့ ဘိုးဘွားနဂါးသိုက်က မျိုးဆက်သစ်ဟာ
ကျွင်းမိသားစုက မျိုးဆက်သစ်ကို ရှုံးခဲ့တယ်၊
အောက်ကမ္ဘာရဲ့ မျိုးဆက်သစ်ကလည်း သူ့လက်ထဲမှာ
ရှုံးနိမ့်ခဲ့တာပဲ"
အခြားတစ်ဦးကလည်း အေးစက်စက်ဖြင့်

ပြောလိုက်၏။

"သူ့ကို တားဆီးမဲ့သူ မရှိကြဘူးလား၊ လုံအိုထျန်းရဲ့ အခြေအနေကကော ဘယ်လိုလဲ"

"သူက ကောင်းပါတယ်။ အခု နဂါးမူလ ခြောက်ခုနဲ့ ရောစပ်ပြီးသွားပြီ။ နောက်ထပ် ခုနစ်ခုမြောက်ကို ပေါင်းစပ်ထားသရွေ့ သူပြန်ထွက်လာနိုင်တော့မှာ"

"ဒါထက် အင်မော်တယ်ရှေးကမ္ဘာကို ဖွင့်သင့်ပြီ"

"ကောင်းတာပေါ့၊ အင်မော်တယ် ရှေးကမ္ဘာကြီးကို ဖွင့်ရင် ကျွင်းမိသားစုရဲ့ ကလေးကိုသတ်ဖို့ လုံအိုထျန်းအတွက် အစီစဉ်ဆွဲသင့်တယ်"

"ဟုတ်တယ်၊ နောက်ပြီး ဖီးနစ်ဝိညာဉ်တောင်တန်းနဲ့ ပူးပေါင်းဆောင်ရွက်မှုလိုမျိုး ဂုက်ဖဲတစ်ခုလည်း ကျန်သေးတယ် မဟုတ်လာ"

"မင်းဆိုလိုတာက... ဒဏ္ဍာရီလာ နဂါးဖီးနစ်ခန္ဓာလား"

ဘိုးဘွားနဂါးသိုက်တွင် ဝိညာဉ်အသိများက အချင်းချင်း ဆက်သွယ်နေသည်။

ဒဏ္ဍာရီများတွင်သာရှိသော နဂါးဖီးနစ်ခန္ဓာသည် ဘိုးဘွားနဂါး၏သွေးနှင့် အစစ်အမှန်နဂါးသွေးတို့ကို ပေါင်းစပ်ထားသည့် ကြောက်မက်ဖွယ်ရာ ခန္ဓာတစ်ခု ဖြစ်သည်။

ဤခန္ဓာမျိုး ထွက်ပေါ်လာပါက ခေတ်တစ်ခုလုံး၏ တည်ရှိမှုကို လွှမ်းမိုးသွားနိုင်ပေလိမ့်မည်။

ကျွင်းရှောင်ယောက်နှင့် ကိုင်တွယ်ရန်
ဘိုးဘွားနဂါးသိုက်က နဂါးနှင့်ဖီးနစ်ခန္ဓာကို
လေ့ကျင့်ပေးလိုစိတ် ရှိနေကြကြောင်း ထင်ရှားသည်။

"ဒါထက် ဒီအစီအစဉ်က စတင်ဖို့
အဆင်သင့်ဖြစ်ပြီလား"

"မင်းဆိုလိုတာက ဘုရင်သုတ်သင် အစီစဉ်လား"

"ဟုတ်တယ်"

"ဒါက အလျင်လိုစရာ မလိုပါဘူး၊ မင်း အပြည့်အဝ
ပြင်ဆင်ထားဖို့ လိုတယ်"

ဘိုးဘွားနဂါးသိုက်၏ အဓိပတိက လေးလေးနက်နက်

ပြောလိုက်သည်။

နာမည်အတိုင်းပင် ဘုရင်သုတ်သင်အစီစဉ်က ကျွင်းမိသားစုကို သုတ်သင်ရန် ဖြစ်သည်။

ဤအစီအစဥ်ကို
အပြည့်အဝအကောင်အထည်ဖော်လိုက်ပါက၊
အင်မော်တယ်စစ်ပွဲကြီး စတင်လာပြီး
မရေမတွက်နိုင်သော အင်အားစုများ
ပါဝင်ပတ်သက်လာလိမ့်မည်။

ထို့ကြောင့် ပြီးပြည့်စုံသော ပြင်ဆင်မှုမရှိဘဲ
ဘိုးဘွားနဂါးသိုက်ပင်လျှင် ဘုရင်သုတ်သင်အစီစဉ်ကို
လွယ်လွယ်ကူကူ မစတင်ရဲပေ။

"ဟမ့်၊ ကျွင်းမိသားစု... မင်းတို့ ကြာကြာ

မောက်မာနေနိုင်မှာ မဟုတ်ဘူး"

ဘိုးဘွားနဂါးသိုက်၏ သက်ရှိတစ်ဦးက
အေးစက်စက်ဖြင့် ပြောလိုက်သည်။

.........

တစ်ဖက်တွင်၊ ကျွင်းရှောင်ယောက်တို့ လူစုက
ကျွင်းမိသားစုကို ပြန်လာခဲ့ကြသည်။

ကျွင်းမိသားစု တောင်တံခါးကို ရောက်လာသည်နှင့်
လူများပြည့်နှက်နေကြောင်း ကျွင်းရှောင်ယောက်
မြင်လိုက်ရသည်။

ထိုသူများက ကျွင်းရှောင်ယောက်ကို နှုတ်ဆက်ရန်
ရောက်လာကြသော ကျွင်းမိသားစုဝင်များ

ဖြစ်ချေသည်။

ကျွင်းမိသားစုတွင်
ကျွင်းရှောင်ယောက်၏ဂုဏ်သတင်းက ယခုအခါ
အထွတ်အထိပ်သို့ ရောက်ရှိနေခဲ့ပြီ ဖြစ်သည်။

အနာဂတ်တွင် ကျွင်းရှောင်ယောက်က
ကျွင်းမိသားစု၏ ခေါင်းဆောင်ဖြစ်လိုလျှင်ပင်
မည်သူမျှ ကန့်ကွက်မည်မဟုတ်တန်ရာပေ။

"နတ်ဘုရားသားတော်ကို ကြိုဆိုပါတယ်"
နေရာတွင် ထောင်နှင့်ချီသော မိသားစုဝင်များက
ကျွင်းရှောင်ယောက်ကို လက်ယှက်ကာ
ကြိုဆိုလိုက်ကြသည်။

ထိုရိုကျိုးမှုနှင့် စိတ်ကူးယဉ်ဆန်သော

သဘောထားသည် ကျွင်းဝူရှန့်၊ ကျွင်းမူလန်နှင်
အခြားစီကွမ်များကို အနည်းငယ်
ခါးသီးသွားစေသည်။

ထိပ်တန်း စီကွမ်သုံးဦး စာရင်းဝင်ဖြစ်၍ ၎င်းတို့၏
အဆင့်အတန်းကလည်း မြင့်မားလှပေသည်။
ကျွင်းမိသားစုတွင်း၌ မည်သည့်နေရာသို့
သွားနေပါစေလေးစားမှုကို ခံရသည်။

သို့သော်လည်း ကျွင်းရှောင်ယောက်နှင့် ယှဉ်လျှင်တော့
၎င်းတို့၏ဂုဏ်သိက္ခာမှာ ဘာမျှ မရှိတော့ပါချေ။

"ဟင်း၊ နှိုင်းစရာတောင် မရှိပါဘူး"
ကျွင်းဝူရှန့်က ခါးသက်သက်ဖြင့် ပြုံးလိုက်သည်။

မူလက သူ့ရည်မှန်းချက်က ကျွင်းလုံခန်းကို

ကျော်တက်သွားရန်ဖြစ်သော်လည်း
ကျွင်းရှောင်ယောက်၏ အနေအထားကိုတော့
စိန်ခေါ်ရန်ပင် မတွေးနိုင်တော့ပေ။

"သူက တကယ်ကို မကောင်းဆိုးရွားလေးပဲ"
ကျွင်းမူလန်လည်း အကူအညီမဲ့ဟန်ဖြင့် နှုတ်ခမ်းကို
မဲ့လိုက်သည်။

ကျွင်းရှောင်ယောက်၏ ရောက်ရှိလာခြင်းက
ကျွင်းမိသားစုကို ဆူပွက်စေခဲ့ကြောင်း ထင်ရှားသည်။

ရှေးဟောင်းလူထူးဆန်းကို အနိုင်ယူလာခြင်း၊
မင်းသမီးလုံကျိကို နင်းချေပြီး
ပန်ကေရာဇ်လက်နက်ကို ယူဆောင်လာပေးခြင်း...
စသည်တို့မှာ ကျွင်းမိသားစုရှိ လူငယ်များ၏
လေးစားမှုကို ပိုတိုးစေခဲ့သည်။

ကျွင်းရှောင်ယောက်ကတော့ အပေါင်းအသင်းများဖြင့် ပေါးလားဝါးလားလုပ်ခြင်းကို သဘောမကျ၍ ခဏသာ စကားပြော၍ ကောင်းကင် ဧကရာဇ် နန်းတော်ကို ပြန်သွားခဲ့ပေသည်။

ကျွင်းမိသားစုမှ အကြီးအကဲအချို့ကမူ ကျွင်းမိသားစုတွင် သုံးရက်ကြာ ညှော်ခံပွဲကျင်းပရန် ဆုံးဖြတ်ခဲ့ကြသည်။

ဤပွဲက ကျွင်းမိသားစု၏ အထိမ်းအမှတ်ပွဲဟုပင် ပြောဆိုနိုင်ပေသည်။

ကောင်းကင်ဧကရာဇ်နန်းတော်သို့ ပြန်ရောက်လာပြီး နောက်ဆုံးမှာတော့ ကျွင်းရှောင်ယောက်လည်း ကိုယ့်ကိုယ်ကိုယ် သန့်ရှင်းရေးလုပ်နိုင်ပြီ ဖြစ်သည်။

ထိုအချိန်တွင် ကျန်းရို့က ချက်ချင်း
ရောက်လာခဲ့လေသည်။

"ရှောင်ယောက်၊ မင်း အောက်ကမ္ဘာကို ရောက်နေတာ
ကြာပြီ၊ ဒီအတောအတွင်းမှာ အမေက
မင်းတစ်ခုခုဖြစ်မှာကို တကယ်စိုးရိမ်နေခဲ့တာ"
ကျန်းရို့က ပြောလိုက်သည်။

"အမေ၊ အမေ့သားက ဘာလုပ်နိုင်တယ်ဆိုတာ
မသိဘူးလား၊ ဘာစိုးရိမ်စရာရှိလို့လဲ"
ကျွင်းရှောင်ယောက်က ပြုံးကာ ပြောလိုက်၏။

"ဟုတ်ပါတယ် အမေရဲ့၊ လော့လီက
အစ်ကိုရှောင်ယောက်ကို အကာအကွယ်ပေးနေတာပဲ၊

သူဘာဖြစ်နိုင်မှာလဲ"
ကျန်းလော့လီက အနောက်မှ ဝင်လိုက်လာကာ
ရင်ကော့ပြီး ဂုဏ်ယူဝင့်ကြွားစွာဖြင့် ပြောလိုက်သည်။

ကျန်းရို့လည်း ချစ်ခြင်းမေတ္တာအပြည့်နှင့်
ရယ်မောလိုက်လေသည်။

သွက်သွက်လက်လက်နှင့် သေးသွယ်သော
ဉာဏ်ချစ်စဖွယ်မိန်းကလေး ကျန်းလော့လီကို သူမ
တကယ်နှစ်သက်သည်။

"မင်း ဘယ်လိုခေါ်လိုက်တာလဲ"
ကျွင်းရှောင်ယောက် ဆွံ့အသွားခဲ့သည်။

အမေကို ဒီလောက်ချောချောမောမော

ခေါ်လိုက်တာလား။

"ဟီးဟီး..."

ကျန်းလော့လီက ရှက်ကိုးရှက်ကန်းဖြင့် ခေါင်းကိုကုတ်ကာ ရယ်မောလိုက်သည်။

ကျွင်းရှောင်ယောက်လည်း ဘာပြောရမည်မှန်း မသိတော့ပေ။

တစ်ဖက်တွင် နှင်းကြာပန်းကဲ့သို့ ကျန်းစန်းယီဟာ ကျွင်းရှောင်ယောက်ကို စနောက်ပြီး ပျော်ရွှင်နေသော ကျန်းလော့လီနှင့် သူမ၏ အမေဟုခေါ်သော စကားသံကိုနားထောင်ကာ နှလုံးသားထဲမှ နားမလည်နိုင်သော ဆုံးရှုံးမှုတစ်ခုကို ခံစားလိုက်ရသည်။

သူက စွန့်လွှတ်ဖို့ ဆုံးဖြတ်ထားလျှင် ဤခံစားချက်က ဘာကြောင့်လဲ။

တစ်ခုခု ပျောက်ဆုံးနေသလို ခံစားရသင့်လား။

ကျွင်းရှောင်ယောက်လည်း မျက်လုံးထောင့်မှ ကျန်းစန်းယီ၏ အထီးကျန်ဆန်သော အမူအရာကို သတိထားမိသောကြောင့် ပြုံးကာ ပြောလိုက်သည်။

"အမစန်းယီ၊ မတွေ့ရတာကြာပြီ"

"မတွေ့တာကြာပြီ"

ကျန်းစန်းယီက ခေါင်းညိတ်ပြီး ကျန်းရို့နှင့် စကားပြောရန် ထွက်သွားခဲ့လေသည်။

"ဟမ်"

ကျွင်းရှောင်ယောက် မျက်လုံးများတွင် ထူးဆန်းသော အကြည့်တစ်ခု ပေါ်လာသည်။

သူ့အပေါ် ကျန်းစန်းယီ၏ သဘောထားက အနည်းငယ် အေးစက်နေပုံရသလို အဘယ်ကြောင့် ခံစားနေရပါသနည်း။

ဤမတိုင်မီကလည်း ကျန်းစန်းယီနှင့် သူ စကားပြောဖူးသည်။ သို့ရာတွင် ယခုကဲ့သို့ ဝေးကွာခြင်းမျိုး မခံစားရပေ။

သို့သော်လည်း ကျွင်းရှောင်ယောက် ခေါင်းခါယမ်းကာ ဘာမျှမပြောတော့ပါချေ။

လူတိုင်းမှာ ကိုယ်ပိုင်စိတ်ကူးများ ရှိသည်။ ကျန်းစန်းယီက သူ့ကို စကားမပြောလိုသည့်အတွက်

သူ့ဘက်ကလည်း အတင်းလိုက်ကပ်နေမည်
မဟုတ်ပေ။

ထိုအချိန်တွင် တစ်ဖက်မှ ကျွင်းဝမ်ကျဲက
လက်ယှက်ကာ လေးလေးစားစား ဦးညွှတ်လာသည်။

"ကျေးဇူးတင်ပါတယ် သခင်လေး၊ ငါ့ညီမလေးနဲ့
ပြန်ဆုံခွင့်ရလို့ ကျေးဇူးတင်ပါတယ်"

သူ့နံဘေးမှ ကျွင်းရင်အာကလည်း
ကျွင်းရှောင်ယောက်ကို ဦးညွှတ်နေလေသည်။

ကျွင်းရှောင်ယောက်ကြောင့်သာမဟုတ်လျှင်
ကျွင်းဝမ်ကျဲနှင့် ပြန်ဆုံရရန်
အချိန်ဘယ်လောက်ကြာမလဲ မသိနိုင်ပါချေ။

"ဘာလို့ ယဉ်ကျေးရတာလဲ၊ ငါ မင်းကို

ကတိပေးထားတာပဲလေ"

ကျွင်းရှောင်ယောက်က ပြုံးလိုက်သည်။

သို့သော်လည်း ကျွင်းဝမ်ကျဲနှင့် ကျွင်းရင်အာကတော့ အလွန်ကျေးဇူးတင်နေပြီး ကျွင်းရှောင်ယောက်အနောက်ကို လိုက်ပါလိုသော ဆုံးဖြတ်ချက်က ပို၍ခိုင်မာလာတော့သည်။

ထို့နောက်တွင် ကျွင်းကျန်းထျန်းလည်း ထပ်ရောက်လာသည်။

မိသားစုက ပျော်ရွှင်နေကာ ရိုးရှင်းသည့် မိသားစုညစာစားပွဲကို ကျင်းပခဲ့ကြသည်။

ထို့နောက် ကျွင်းကျန်းထျန်းဟာ ကျွင်းမိသားစု၏ မျိုးဆက်သစ်လူငယ်များအတွက်

ကျွင်းရှောင်ယောက်မှ ရက်အနည်းငယ်အကြာတွင်
တာအိုတရားဟောပြောရန် မိသားစုက
မျှော်လင့်ထားကြောင်း ပြောခဲ့သည်။

ဟုတ်ပေသည်၊ ယင်းက ကျွင်းကျန်းထျန်း၏
အဆိုပြုချက်ကြောင့် ဖြစ်သည်။ ၎င်းက
ကျွင်းရှောင်ယောက်၏ မိသားစုတွင်းမှ
နာမည်ဂုဏ်သတင်းကို အပြည့်အဝ ထူထောင်နိုင်ရန်
ကြိုးစားနေခြင် ဖြစ်သည်။

ကျွင်းရှောင်ယောက်လည်း ဤအတောအတွင်း၌
ခံစားချက် ကောင်းမွန်နေရာ သဘာဝအတိုင်း
သဘောတူလိုက်သည်။

ထို့နောက်တွင် စားသောက်ပြီးသည်နှင့်
ကျွင်းကျန်းထျန်းက ကျွင်းရှောင်ယောက်ထံသို့

တစ်ယောက်တည်း ရောက်လာသည်။

၎င်းက ကိုယ်ပိုင်လမ်း ဖောက်ခဲ့ပြီလောဟု
မေးမြန်းလာခြင်း ဖြစ်ချေသည်။

ကျွင်းရှောင်ယောက်ကလည်း သူ့အဖိုးထံမှ ဖုံးကွယ်ရန်
အကြောင်းမရှိသဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"ကောင်းတယ်...သိပ်ကောင်းတယ်၊
ဝူဟွေ့မြင်ရင်လည်း တကယ် ဂုဏ်ယူနေတော့မှာ"
ကျွင်းကျန်းထျန်းက ပြောလိုက်၏။

ကျွင်းရှောင်ယောက်လည်း
ခေါင်းညိတ်လိုက်လေသည်။

ယခင်ကလည်း နတ်ဘုရား၏မူလကို
ဖွင့်ကြည့်သောအခါ သူ့အသွေးသားမှထွက်လာသော
အစွမ်းထက် အရှိန်အဝါကို ယောင်ဝါးဝါး
ခံစားခဲ့ရသည်။

ထိုအရှိန်အဝါက အမိပမိများကိုပင်
ရှက်ရွံ့သွားစေနိုင်လောက်သည်။

'ဒါက ငါ့အဖေများ ဖြစ်မလား'
ကျွင်းရှောင်ယောက် တွေးလိုက်မိသည်။

ရုတ်တရက် ကျွင်းကျန်းထျန်းက
ကျွင်းရှောင်ယောက်ကိုကြည့်ကာ လေးလေးနက်နက်
ပြောလာသည်။

"ရှောင်ယောက်၊ မင်း 'ကေရာဇ်လမ်းစဉ်ကို
ရှေးခေတ်က ဖွင့်ပေးလိမ့်မယ်' ဆိုတဲ့ စကားမျိုးကို

ကြားဖူးလား"

"ကေရာဇ်လမ်းကို ရှေးခေတ်က ဖွင့်ပေးလိမ့်မယ်"

ကျွင်းရှောင်ယောက်လည်း လိုက်ပါရေရွတ်ကာ မျက်လုံး အရောင်လက်သွား၏။

"ဟုတ်တယ်၊ အင်မော်တယ် ရှေးခေတ်ဆိုတာက အင်မော်တယ် ရှေးခေတ်ကမ္ဘာကို ရည်ညွှန်းတယ်။ အဲဒါက မရေမတွက်နိုင်တဲ့ အခွင့်အလမ်းတွေရှိတဲ့ ရှေးဟောင်း ဝိညာဉ်နယ်မြေ အစိတ်အပိုင်းတစ်ခုပဲ။ အဲဒီမှာ သူတော်စင်ဖြစ်ဖို့ အခွင့်ကောင်းတောင် ရှိနေတယ်"

ကျွင်းကျန်းထျန်း၏ စကားသံဆုံးသွားချိန်တွင်...

ကျွင်းရှောင်ယောက်၏ စိတ်ထဲတွင် စနစ် အသံ

ထွက်ပေါ်လာသည်။

"ဒင်၊ ဂုဏ်ယူပါတယ် ပိုင်ရှင်၊ လက်မှတ်ထိုးဝင်ဖို့ နေရာအသစ်ကို ပြန်လည်ဆန်းသစ်ပြီးပါပြီ၊ ကျေးဇူးပြုပြီး အင်မော်တယ်ရှေးကမ္ဘာမှာ လက်မှတ်ထိုးဝင်ပါ"

--------

အခန်း ( ၂၉၄ ) ရှန်းကုကမ္ဘာမှ အချက်အလက်များ၊ ပန်ဝူကေရာဇ်သခင် အံကြိတ်၍ တပ်ခေါက်ရသည်၊ ခရမ်းရောင်အိမ်တော် မြင့်မြတ်နယ်မြေ လက်အောက်ခံခြင်း။

'လက်မှတ်ထိုးဝင်ဖို့ နေရာအသစ်လား'

ကျွင်းရှောင်ယောက်၏ မျက်လုံးများက

အရောင်လက်သွားသည်။

ယခုအခါ ကျွင်းရှောင်ယောက်
လက်မှတ်မထိုးရသေးသောနေရာက
ကြေးအင်မော်တယ်ခန်းမသာရှိသည်။

သို့ရာတွင် ကြေးအင်မော်တယ်ခန်းမက ဤကမ္ဘာတွင်
ပေါ်လာရန် အခွင့်အရေး လိုအပ်၍
ကျွင်းရှောင်ယောက်အနေဖြင့် များစွာတွေးရန်
မလိုပေ။

ကျွင်းရှောင်ယောက်လည်း ဤရှေးကမ္ဘာကြီးကို
စိတ်ဝင်စားလာမိသည်။

ထို့ကြောင့် ကျွင်းကျန်းထျန်း၏ ရှင်းပြချက်ကို
ဆက်လက်နားထောင်ခဲ့ပေသည်။

"ရှန်းကုကမ္ဘာ၊ အဲတာက သီးခြားနေရာဖြစ်ပြီး
ရှေးဟောင်းဝိညာဉ်ပြည့်ပဲ"

"အဲဒီအထဲမှာ ရှေးဟောင်းဘီလူးတွေ အိပ်စက်နေပြီး
ကေရာဇ်တစ်ပိုင်းရဲ့ အမွေဆက်ခံသူတွေ
အချုပ်နှောင်ခံမိထားကြတယ်၊ အဲဒီမှာ
ရှေးဟောင်းမျိုးနွယ်တွေနဲ့ အစွမ်းထက်
မျိုးဆက်တွေတောင် ရှိနိုင်တယ်"

"အဲဒါက အခွင့်အလမ်းတို့ရဲ့ ရတနာနယ်မြေလို့
ပြောရင်လည်း မမှားဘူး။ အဲဒီမှာ အခွင့်အလမ်း
အမျိုးမျိုးရှိပြီး အဆင့်မြင့်နဲ့ ထိပ်တန်းအဆင့်
အင်မော်တယ် အရင်းအမြစ်တွေကိုတောင်
ရိတ်သိမ်းနိုင်တယ်"

ကျွင်းကျန်းထျန်း၏ စကားကြောင့်
ကျွင်းရှောင်ယောက် အနည်းငယ်
လှုပ်ရှားသွားခဲ့သည်။

ဤသို့ဆိုလျှင် ရှန်းကုကမ္ဘာ၏အခွင့်အရေးက
တကယ်ကို မျက်စိကျစရာပင်။

အခြားအခွင့်အရေးများကို ဘေးဖယ်ထားလျှင်ပင်
အင်မော်တယ်အရင်းအမြစ်တစ်ခုတည်းက
ကျွင်းရှောင်ယောက်ကို စိတ်ဝင်စားစေရန်
လုံလောက်သည်။

နောက်ဆုံးတွင်၊ သူ၏ ထာဝရအင်မော်တယ်အရိုးက
အင်မော်တယ်အရင်းအမြစ် စားသုံးသူ
တွင်းနက်ကြီးတစ်ခု ဖြစ်နေခဲ့သည် မဟုတ်ပါလား။

အဆင့်မြင့် သို့မဟုတ် ထိပ်တန်းအဆင့် အင်မော်တယ် အရင်းအမြစ်များကို လုံလောက်စွာရနိုင်လျှင် ကျွင်းရှောင်ယောက်၏ ထာဝရအင်မော်တယ်ခန္ဓာကို လျင်မြန်စွာ လေ့ကျင့်နိုင်မည်ဖြစ်သည်။

ထို့အတူ ခန္ဓာကျမ်း၏ ဒုတိယတွဲကိုလည်း စတင်နိုင်လိမ့်မည်။

"ဟုတ်တယ်၊ အရေးကြီးဆုံးအချက်က ရှန်းကုကမ္ဘာကြီးမှာ ကေရာဇ်လမ်းပွင့်မှာပဲ"

"ရှန်းကုကမ္ဘာပွင့်လာတာနဲ့ ကေရာဇ်လမ်းလည်း ကမ္ဘာပေါ်မှာ မကြာခင် ပေါ်လာတော့မှာ၊ ရှန်းကုကမ္ဘာကြီးက ပါရမီရှင်တွေ တိုးတက်ရေးအတွက် အကောင်းဆုံး အခွင့်အလမ်းတစ်ခုလို့လည်း ပြောနိုင်တယ်"

ကျွင်းကျန်းထျန်းက ပြောလိုက်သည်။

ကျွင်းရှောင်ယောက်လည်း ရှန်းကုကမ္ဘာ၏ အရေးကြီးပုံကို နားလည်လာကာ ခေါင်းညိတ်လိုက်မိသည်။

ရှန်းကုကမ္ဘာသည် ပါရမီရှင်များ၏ စွမ်းအားကို လျင်မြန်စွာ တိုးတက်စေမည့် ပလက်ဖောင်းတစ်ခုနှင့် ညီမျှသည်။

အကယ်၍ ၎င်းကို လက်လွှတ်မိသွားပါက သို့မဟုတ် အခွင့်အရေးတစ်ခုမျှမရပါက၊ အနာဂတ်တွင် ကောရာဇ်လမ်းပွင့်သောအခါ အားနည်းချက်ထဲသို့ကျပြီး ယှဉ်ပြိုင်နိုင်စွမ်းဆုံးရှုံးမည်မှာ အသေချာပင် ဖြစ်သည်။

"ဒါကြောင့်မို့လို့ ကျွင်းလုံခန်းနဲ့ မင်းသမီးလုံကျိတိုက်ခိုက်တော့ မျိုးနွယ်စုအကြီးအကဲတော်တော်များများက သူ့တို့ကို ဒဏ်ရာအပြင်းအထန် မဖြစ်စေလိုခဲ့ကြတာ၊ ဘာကြောင့်လဲဆိုတော့ သူသာ ဒဏ်ရာပြင်းပြင်းထန်ထန်ရခဲ့ရင် ရှန်းကုကမ္ဘာကြီး ပွင့်လာတဲ့အခါ မလွဲမသွေ ဒုက္ခရောက်လိမ့်မယ်"

ကျွင်းကျန်းထျန်းက ရှင်းပြလိုက်သည်။

"ဒီလိုဆိုရင် ဒီရှန်းကုကမ္ဘာကြီးကို မြေးသွားရမှာပေါ့"

ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

"ဟုတ်တယ်၊ အချိန်ကျလာတဲ့အခါ ကျွင်းမိသားစုက မင်းကို ခေါင်းဆောင်အဖြစ် ခေါ်သွားလိမ့်မယ်။ ရှန်းကုကမ္ဘာကြီးမှာ ကန့်သတ်ချက်တွေ ရှိတယ်လေ၊

ဒါကြောင့် သန်မာသူတွေက ဝင်လို့မရဘူး။ အဲဒါက မင်းတို့ လူငယ်တွေအတွက် သီးသန့်ပဲ"ပဲ"

ကျွင်းကျန်းထျန်းက ကျွင်းရှောင်ယောက်ကို အလွန်အားရကျေနပ်သည်။ ဖြစ်ကောင်းဖြစ်နိုင်သည်မှာ ၎င်းက ရှန်းကုကမ္ဘာကြီးတွင်လည်း နောက်ထပ် အံ့ဖွယ်တစ်ခုကို ဖန်တီးနိုင်လိမ့်မည်။

"ကောင်းပြီလေ၊ ရှန်းကုကမ္ဘာကြီးမဖွင့်ခင် အချိန်နည်းနည်းကျန်သေးတယ်၊ ဒါကြောင့် ငါအလျင်မလိုပါဘူး။ မင်းရဲ့အခြေအနေကို ဖြည်းဖြည်းချင်း ချိန်ညှိနိုင်တယ်"

ကျွင်းကျန်းထျန်းက ပြောလိုက်သည်။

"မြေး သိပါပြီ"

ကျွင်းရှောင်ယောက် ခေါင်းညိတ်လိုက်လေသည်။

နောက်ရက်အနည်းငယ်အတွင်း၌ မိသားစုဟာ ပျော်ပွဲရွှင်ပွဲများဖြင့် ရှိနေခဲ့ကြသည်။

ထိုအချိန်တွင် ဘိုးဘေးဆယ့်ရှစ်ကလည်း ကျွင်းရှောင်ယောက်ကို ဆင့်ခေါ်ပြီး သူ၏ စွမ်းဆောင်မှုအပေါ် အလွန်ကျေနပ်ကာ ချီးမွမ်းပြောဆိုခဲ့သည်။

မူလကတည်းက ကျွင်းမိသားစုသည် ကျွင်းရှောင်ယောက်ကို ပြုစုပျိုးထောင်ရန် အတတ်နိုင်ဆုံး ကြိုးစားခဲ့သည်။

ယခုတော့ ကျွင်းရှောင်ယောက်ကို ဗဟိုပြုလုနီးပင် ဖြစ်လာခဲ့ပေပြီ။

အရင်းအမြစ်မျိုးစုံကိုလည်း... ကျွင်းရှောင်ယောက်က
လိုချင်သရွေ့ မိသားစုမှ ၎င်းတို့ကို ရရှိရန်
နည်းလမ်းကိုရှာကာ ယူပေးပေလိမ့်မည်။

သို့ရာတွင် ကျွင်းရှောင်ယောက်က တောင်းဆိုမှု
အများကြီး မလုပ်ခဲ့ပါချေ။

မိသားစုကို အားကိုးရမည့်အချိန်ရောက်လျှင်
မိသားစုကို အားကိုးမည်။

သို့သော်လည်း ကိုယ်တိုင်လုပ်နိုင်သည့်အရာကိုတော့
သူ့ဘာသာသူ လုပ်ချင်နေဆဲပင်။

ယင်းကပင် ကျွင်းရှောင်ယောက်၏ အလေ့အထတစ်ခု
ဖြစ်သည်။

ဤအတောအတွင်းမှာပင် တခြားအရာတချို့လည်း ဖြစ်ခဲ့ပါသေးသည်။

ဥပမာအားဖြင့်၊ ပန်ဝူနတ်ဘုရားမင်းဆက်၏ ပန်ဝူကေရာဇ်သခင်သည် ကျွင်းမိသားစုသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်လည်ပတ်ခဲ့သည်။

ဟုတ်ပေသည်၊ သူက ပန်ကေရာဇ်ဓားကို ရည်ရွယ်နေခြင်း ဖြစ်သည်။

ပန်ဝူနတ်ဘုရားမင်းဆက်ကလည်း နားလည်သည်။

ရန်ပန်၏သေဆုံးမှုသည် ကျွင်းရှောင်ယောက်နှင့် မဆိုင်လျှင်ပင် သူလုပ်ခဲ့သည်ဟု

ကောက်ချက်ချနိုင်သည်။

သို့သော် ပန်ဝူနတ်ဘုရားမင်းဆက်သည် ဒေါသဖြစ်ရုံမှတပါး ကျွင်းရှောင်ယောက်ကို ဘာမျှမလုပ်နိုင်ပေ။

ပန်ဝူကေရာဇ်သခင်က လူကိုယ်တိုင်လာသော်လည်း ကျွင်းမိသားစုမှ ထွက်၍နှုတ်ဆက်မည့်သူ မရှိပါ။ ထို့ကြောင့် သူသည် သုံးရက်သုံးည အပြင်ဘက်မှာသာ စောင့်နေခဲ့ရသည်။

ထို့ပြင် ပန်ဝူကေရာဇ်သခင်အနေဖြင့် ကျွင်းမိသားစုထဲကို အတင်းမဝင်ဝံ့ပါချေ။

ယခင်က ကျွင်းမိသားစုတွင် အင်အားပြခဲ့သော ဘိုးဘွားနဂါးသိုက်မှ နဂါးကြီး

ဘာဖြစ်သွားသလဲဆိုတာကို အားလုံးသိကြသည်။

ယင်းက အင်အားစုများစွာကို
ပါးစပ်ပိတ်စေခဲ့ပေသည်။

ပန်ဝူနတ်ဘုရားမင်းဆက်သည် အနည်းငယ်
ဆုတ်ယုတ်ပြီး တဖြည်းဖြည်း ကျဆင်းလာသော်လည်း
အင်မော်တယ် နတ်ဘုရားမင်းဆက်အဖြစ် ရှိနေဆဲပင်။

သို့တိုင် ကျွင်းမိသားစုက လုံး၀ မျက်နှာသာမပေးခဲ့ပါ။

နောက်ဆုံးတွင် အကြီးဆုံးမင်းသမီး
ဝူမင်ယွဲ့ပေါ်လာပြီး ကျွင်းမိသားစုဝင်တစ်ဦးမှ
ကျွင်းရှောင်ယောက်ထံ မက်ဆေ့ချ်ပို့ရန်
တောင်းဆိုရသည်အထိဖြစ်သည်။

ထိုမှသာ ကျွင်းမိသားစုက ပန်ဝူကေရာဇ်သခင်ကို
လက်ခံရန် ထွက်လာခဲ့ပေသည်။

ဟုတ်ပေသည်၊ မျက်နှာမကောင်းတာတော့ မရှိပါပေ။

၎င်းတို့က အမြဲပြုံးနေပေမယ့်
ပန်ကေရာဇ်ဓားအကြောင်းကိုတော့
ပါးစပ်ပိတ်ထားသည်။

ဤအရာက ပန်ဝူရောဇ်သခင်ကို
ရှုးသွပ်သွားစေခဲ့သည်။

အဆုံးတွင်၊ ပန်ဝူကေရာဇ်သခင်က
အံ့သြစရာကောင်းအောင် ဝူမင်ယွဲ့နှင့်
ကျွင်းရှောင်ယောက်ကြားမှ ဆက်ဆံရေးကိုတိုးရန်...

ကျွင်းရှောင်ယောက်ကို ပန်ဝူနတ်ဘုရားမင်းဆက်မှ မင်းသမီး၏ ကြင်ယာဖြစ်စေလိုခဲ့သည်။

ယင်းက ကျွင်းမိသားစုဝင်များကို ဆွံ့အသွားစေခဲ့ပေသည်။

ပန်ဝူကေရာဇ်သခင်က သူ့သမီးကို ပန်ကေရာဇ်ဓားအတွက် ရောင်းလိုက်တာလား။

ကျွင်းမိသားစုက ယင်းကို တိုက်ရိုက်မငြင်းသော်လည်း သဘောမတူသေးဘဲ အရာအားလုံးက ကျွင်းရှောင်ယောက်အပေါ်တွင်မူတည်ကြောင်း ပြောဆိုခဲ့သည်။

သို့သော်လည်း ပန်ကေရာဇ်ဓားကို ကျွင်းမိသားစု၏ဆန္ဒဖြင့် လွှဲပြောင်းပေးရန်

မဖြစ်နိုင်ပေ။

အကြောင်းမှာ ဤကေရာဇ်ဓားက ကျွင်းရှောင်ယောက်အပိုင် ဖြစ်နေသောကြောင့်ပင် ဖြစ်သည်။

ကျွင်းမိသားစုက ယင်းကို ထိန်းသိမ်းထားရုံမျှသာ ဖြစ်ချေသည်။

ဟုတ်သည်၊ ကျွင်းရှောင်ယောက်ကလည်း လူမိုက်မဟုတ်ပါ။ သူကလည်း ပန်ကေရာဇ်ဓားကို ပန်ဝူနတ်ဘုရားမင်းဆက်ထံသို့ မပေးအပ်နိုင်ပေ။

ဝူမင်ယွဲ့ ပါလာသော်လည်း… ကျွင်းရှောင်ယောက်ကို ပန်ကေရာဇ်ဓား စွန့်လွှတ်စေလိုလျှင် သူမ မျက်နှာသာက မလုံလောက်ပါချေ။

နောက်ဆုံးတွင် ပန်ဂူကေရာဇ်သခင်လည်း
အံ့အားသင့်သွားပြီး ဒေါသဖြင့်သာ ပြန်သွားခဲ့ရသည်။

ယင်းက ကျွင်းမိသားစု၏ လွှမ်းမိုးချုပ်ကိုင်မှုကို
ပြသခဲ့ပေသည်။

ထို့ပြင် ကြားထဲမှာ နောက်တစ်ခုလည်း ရှိသေးတယ်။

၎င်းက ခရမ်းရောင်အိမ်တော် မြင့်မြတ်နယ်မြေ
ဖြစ်သည်။

နောက်ဆုံးတွင် စုဇီချုံက
ကျွင်းရှောင်ယောက်၏အနားတွင် ရှိနေဆဲပင်။

ခရမ်းရောင်အိမ်တော် မြင့်မြတ်နယ်မြေက
အလွှန်သန်မာသော အင်အားစုတစ်ခုဖြစ်သည်။
၎င်းသည် အင်မော်တယ်
အင်အားစုမဟုတ်သော်လည်း ၎င်း၏အောက်တွင်
ထိပ်တန်းအဆင့်ရှိ အင်အားစု ဖြစ်သည်။

သို့သော်လည်း ၎င်းတို့လာရောက်ခြင်းက
ကျွင်းရှောင်ယောက်ကို ပြဿနာရှာရန် မဟုတ်ပေ။

ထိုအစား ကျွင်းရှောင်ယောက်ကို ဂုဏ်ပြုရန်
လက်ဆောင်များစွာ ယူလာပြီး စုဇီချုံ၏
အခြေအနေကို မေးကြသည်။

ထို့နောက် စုဇီချုံကို ကျွင်းရှောင်ယောက်၏
အစေခံအဖြစ် အမြဲနေခွင့်ပေးရန်
တိုက်ရိုက်တောင်းဆိုခဲ့ပေသည်။

ခရမ်းရောင်အိမ်တော် မြင့်မြတ်နယ်မြေက
ကျွင်းမိသားစု၏ နောက်လိုက်အင်အားစုဖြစ်လာရန်
ဆန္ဒရှိနေခြင်း ဖြစ်သည်။

ကျွင်းမိသားစုကလည်း အိမ်တံခါထိ
ရောက်ရှိလာသော အင်အားစုကို မငြင်းဆန်ခဲ့ကြပေ။

ခုနစ်ရက်ကြာပြီးနောက်...

ထိုနေ့တွင်၊ ကျွင်းမိသားစု၏
ကောင်းကင်ဧကရာဇ်နန်းတော်၌ ခေါင်းလောင်းသံများ
ထွက်ပေါ်လာသည်။

"ကောင်းကင်ဧကရာဇ်နန်းတော်က ခေါင်းလောင်းသံ

ထွက်လာပါလား၊ ဘာဖြစ်တာလဲဟ"

ကျောင်းမိသားစုထဲမှ မသိသေးသော တပည့်တချို့က သံသယများ ဝင်လာခဲ့ကြသည်။

"မင်းမသိသေးဘူးလား၊ နတ်ဘုရားသားတော် တာအိုတရားဟောတော့မယ်လေ။ ဒါက အခွင့်ကောင်းပဲ"

အနားမှဖြတ်သွားသော ကျောင်းမိသားစုဝင်တစ်ဦးက အော်ပြောပြီး ဆက်ပြေးသွားခဲ့လေသည်။

"ဘာ၊ နတ်ဘုရားသားတော် တာအိုတရားဟောမှာလား၊ ငါလည်း လိုက်မယ်"

ကျောင်းမိသားစုဝင် တပည့်လည်း လျင်မြန်စွာ တုံ့ပြန်ပြီး ပြေးလိုက်သွားတော့သည်။

ယေဘူယျအားဖြင့်ပြောရလျှင် ကျောင်းမိသားစုတွင်

အထက်တန်းအဆင့်ရှိ အကြီးအကဲများသာ
တာအိုတရားဟောပြောသွန်ရန် အရည်အချင်း
ပြည့်မီသည်။

မျိုးဆက်သစ်လူငယ်များ၏
ထိပ်တန်းစီကွမ်ဆယ်ဦးပင်လျှင် လူသိရှင်ကြား
တာအိုတရားဟောပြောရန် အရည်အချင်းမရှိပေ။

ယင်းက မျိုးဆက်သစ် အငယ်များ လမ်းမှားလိုက်မိမှာ
စိုးရိမ်သောကြောင့်ပင် ဖြစ်သည်။

အသက်ဆယ့်လေးနှစ်သာရှိသေးသော
ကျွင်းရှောင်ယောက်က လူငယ်များကြားတွင် အသက်
အငယ်ဆုံးပင်

သို့သော်လည်း ကျင့်ကြံခြင်းအကြောင်း

နားလည်မှုတွင် အချို့သော လူလတ်ပိုင်းများနှင့်
အကြီးအကဲများထက်ပင် သာလွန်သည်။

ကျွင်းရှောင်ယောက် မကြာခဏ ထူးကဲစွာပင်
သူ့ကိုယ်ပိုင်လမ်းမှ လျှောက်လှမ်းခဲ့သူ ဖြစ်သည်။

သို့ရာတွင် ဤသတင်းက ပြန့်နှံ့မသွားပေ။
ဤသတင်းသာ လုံးလုံးပြန့်နှံ့သွားခဲ့ပါက
မင်းသမီးလုံကျိုကို အနိုင်ယူခြင်းထက် ဩဇာ
ပိုကြီးလာခဲ့မည် ဖြစ်သည်။

ကျွင်းရှောင်ယောက်က
မျိုးဆက်သစ်လူငယ်များအတွက်
တာအိုတရားဟောရန်
အရည်အချင်းပြည့်မီခဲ့ပေသည်။

---------

အခန်း ( ၂၉၅ ) ကောင်းကင်ဧကရာဇ်နန်းတော်၌
တာအိုတရားဟောပြောခြင်း၊ အဓိက
စီကွမ်ဆယ်ဦးစလုံး ရောက်လာပြီ။

ယခုအချိန်တွင်
ကောင်းကင်ဧကရာဇ်နန်းတော်အပြင်ဘက်၌
လူပင်လယ်ကြီးဖြစ်နေပြီး နေရာအနှံ့တွင်
လူများရှိနေသည်။

မူလက ကောင်းကင်ဧကရာဇ်နန်းတော်သည်
ကျွင်းမိသားစုအတွက် တားမြစ်နေရာဖြစ်ပြီး
အဆင့်အတန်းမြင့်မားသူများသာ
ဝင်ရောက်ခွင့်ရှိသည်။

သို့သော်လည်း ယနေ့တွင် တံခါးဖွင့်
တာအိုတရားဟောခြင်းကြောင့်
ကောင်းကင်ဧကရာဇ်နန်းတော်ကိုလည်း
ဖွင့်လှစ်ခဲ့သည်။

ကောင်းကင်ဧကရာဇ်နန်းတော်အပြင်ဘက် ရင်ပြင်တွင်
ကျွင်းမိသားစု၏ တပည့်များစွာက
ရင်ခုန်စိတ်လှုပ်ရှားစွာဖြင့် စုရုံးနေသည်။

ကျွင်းရှောင်ယောက်ကို တာအိုတရားဟောရန်
အရည်အချင်းမရှိဟု မည်သူမျှမထင်ခဲ့ပေ။

သူတို့အားလုံးက မျှော်လင့်နေခဲ့ကြသည်။

ထိုအချိန်တွင်၊ သက်တန့်အလင်းတန်းများက
ကောင်းကင်မှ ပျံသန်းလာသည်။ ယင်းက

ကျွင်းမိသားစု၏ စီကွမ်များ ဖြစ်ချေသည်။

"အိုး၊ စီကွမ်တွေဟ... သူတို့အားလုံး လာခဲ့ကြတာပဲ"

"ဟုတ်တယ်ဟ၊ ဒါက မမျှော်လင့်ထားတာပဲ"

သက်တန့်အလင်းများကိုကြည့်ကာ ကျွင်းမိသားစုဝင်
တပည့်များစွာတို့ အလွန်အံ့သြသွားကြသည်။

ကျွင်းမိသားစု၏ စီကွမ်ဆယ်ခုတွင်
ကိုယ်ပိုင်အခွင့်အရေးများ အသီးသီးရှိသည်။
ထို့ကြောင့် တစ်နေရာရာသို့ ဆုတ်ခွာသွားခြင်း
သို့မဟုတ် အပြင်တွင် လေ့ကျင့်နေကြသောကြောင့်
အတူတကွစုရုံးခဲလှသည်။

ယခုမူ ကျွင်းရှောင်ယောက်က
တာအိုတရားဟောတော့မည် ဆိုသည်နှင့်
စီကွမ်ဆယ်ဦးစလုံး ပထမဆုံးအကြိမ်
စုရုံးလာခဲ့ကြပေပြီ။

ယင်းက ရှားရှားပါးပါး မြင်ကွင်းတစ်ခု ဖြစ်သည်။

ကောင်းကင်ထက်တွင် ကျွင်းမိသားစုမှ
အကြီးအကဲများလည်း ရှိသေးသည်။

၎င်းတို့အားလုံး၏ မျက်နှာပေါ်မှာတော့ အပြုံးကိုယ်စီ
ရှိနေသည်။ ၎င်းတို့ ဤနေရာကို ရောက်လာရခြင်းက
မတော်တဆ ထိခိုက်မှုများ မဖြစ်စေရန် ဖြစ်ချေသည်။

တာအိုတရားဟောပြောခြင်းကိစ္စက
အလွန်အရေးကြီးသည်။ အနည်းငယ် မှားယွင်းရုံဖြင့်

မျိုးဆက်သစ်များအား လမ်းလွဲသွားစေနိုင်၏။

ဤမျိုးနွယ်စုအကြီးအကဲများက
ကျွင်းရှောင်ယောက်၏ စွမ်းရည်ကို
အယုံအကြည်မရှိသောကြောင့် မဟုတ်ဘဲ
အရေးကြီးသောကြောင့်သာ ဖြစ်သည်။

တချိန်တည်းမှာပင် ကျွင်းရှောင်ယောက်၏
တာအိုအပေါ် နားလည်မှုက
မည်သည့်အတိုင်းအတာအထိ ရောက်ရှိနေပြီကိုလည်း
သိလိုကြသည်။

"မင်းပြောပါဦး၊ ဒီနေ့ ရှောင်ယောက်
တာအိုတရားဟောတဲ့အခါ ဘယ်အဆင့်ကို
တက်နိုင်မှာလဲ"

မျိုးနွယ်စုအကြီးအကဲတစ်ဦးက ပေါ့ပေါ့ပါးပါး

ပြုံးကာ မေးသည်။

"ရှောင်ယောက်က အသက် ဆယ့်လေးနှစ်ပဲ ရှိပါသေးတယ်၊ နောက်ပြီး ဒါက သူ့ဘဝမှာ ပထမဆုံး အကြိမ် တာအိုတရားဟောတာပဲ။ ဒါကြောင့် အမှားမရှိရင်တောင် ကောင်းပါတယ်၊ ဒါပေါ့… သူက အမှားပါရင်တောင် ငါတို့နဲ့မို့ ဘာမှမဖြစ်ဘူး"

ဤမျိုးနွယ်စုအကြီးအကဲများသည် တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ပြုံးရွှင်စွာဖြင့် ပြောလိုက်သည်။ သို့သော်လည်း ၎င်းတို့ထဲမှ တစ်ဦးတစ်ယောက်မျှ ကျွင်းရှောင်ယောက်အပေါ်တွင် မြင့်မားသောတောင်းဆိုမှုများ မရှိခဲ့ပါ။

မတော်လို့ တစ်ခုခုမှားသွားလျှင်လည်း အပြစ်တင်မည် မဟုတ်ပေ။

အချိန်ကြာလာသည်နှင့်အမျှ
ထိပ်တန်းစီကွမ်များအပြင် ကျွင်းရှောင်ယောက်နှင့်
နီးစပ်သူများလည်း ပေါ်လာသည်။

ဝမ့်ချွမ်၊ ကျွင်းလင်းလုံ၊ ရီယု၊ ရန်ချင်းယင်၊
ခေါင်းကိုးလုံးခြသေ့၊ ကျွင်းရင်အာနှင့် စုဇီချုံတို့လည်း
တက်ရောက်ခဲ့ပေသည်။

ကျွင်းရှောင်ယောက်မှ အင်မော်တယ်နယ်မြေကြီးသို့
ပြန်လည်ခေါ်ဆောင်ခြင်းခံရသော
နာလန်လော်ရှီးသည်လည်း ကျွင်းမိသားစုတွင်
အမြစ်တွယ်ခဲ့ပြီ။

သူ့ပတ်ဝန်းကျင်မှ ဤလူများဟာ ပါရမီရှင်
နိမ့်ကျသူများ မဟုတ်ပေ။ ထို့ပြင်

ကျွင်းရှောင်ယောက်ကို အလွန်
သစ္စာစောင့်သိကြသည်။ ဤတစ်ကြိမ်မှာတော့
သူတို့ဟာ စောစောလာပြီး
အကောင်းဆုံးအနေအထားကို
သိမ်းပိုက်ထားခဲ့ကြပေသည်။

ထို့အပြင် ကျန်းလော့လီနှင့် ကျန်းစန်းယီလည်း
လာခဲ့သည်။

နောက်ဆုံးတွင်
လူထောင်ပေါင်းများစွာ၏မျှော်လင့်ချက်အောက်မှ
ကျွင်းရှောင်ယောက် ပေါ်လာသည်။

သူသည် ဖြူစင်ပြီး အညစ်ကြေးကင်းစင်သော
ဝတ်စုံကို ဝတ်ဆင်ထားဆဲပင်။

သူ့တွင် မသေမျိုးကဲ့သို့ အနေအထားရှိရုံသာမကဘဲ
လူများကို ကမ္ဘာကြီးမှ  ခွဲထုတ်လိုသည့်
ခံစားချက်ကိုလည်း ပေးစွမ်းသည်။

ယင်းမှာ ကျွင်းရှောင်ယောက်က ကိုယ်ပိုင်လမ်းကို
ဖောက်လုပ်ခဲ့ခြင်းကြောင့် ဖြစ်ချေသည်။

ကျွင်းရှောင်ယောက်၏ တာအိုအပေါ်
နားလည်မှုကလည်း အလွန်နက်ရှိုင်းသည်။

ထိုအခိုက်တွင် ကျွင်းရှောင်ယောက်က လူအုပ်ကြီးကို
တစ်ချက်ဝေ့ကြည့်လိုက်သည်။

'ငါ့ရဲ့ ပထမဆုံးရပ်တည်မှုက မဆိုးဘူးထင်တယ်'
ကျွင်းရှောင်ယောက်က စိတ်ထဲမှတွေးကာ

ပြုံးလိုက်မိသည်။

ကျွင်းရှောင်ယောက်၏ အပြုံးကို မြင်လိုက်ရသော ကျွင်းမိသားစုမှ  မိန်းကလေးများစွာသည် ချက်ချင်းပင် နှလုံးသားများ ထုံကျင်သွားကြသည်။

"ငါ့ရဲ့နတ်ဘုရားသားတော်က ချောလိုက်တာ"

"ဘာကို နင့်ရဲ့ နတ်ဘုရားသားတော်လဲ၊ ငါ့အပိုင်"

ကျွင်းမိသားစုထဲမှ မိန်းကလေးတချို့ဆိုလျှင် အချီအချပင် ပြောဆိုလိုက်ကြသည်။

"တကယ်ပါပဲ၊ ဒီကောင်မလေးတွေက အထိန်းအကွပ်မဲ့လွန်းတယ်။ အစ်ကိုရှောင်ယောက်က

ချောပေမယ့် ဒါမျိုးကို သိပ်ပြီး ဂရုမစိုက်နိုင်ပါဘူး"
ကျန်းလော့လီက ပြောလိုက်၏။

ကျန်းစန်းယီက အနည်းငယ် ဆွံ့အနေရင်းမှ
လက်ကိုင်ပုဝါကို ထုတ်ယူကာ ပြောလိုက်သည်။
"လော့လီ၊ မင်း နှုတ်ခမ်းထောင့်က တံတွေးတွေကို
သုတ်လိုက်ဦး"

"အယ်..."
ကျန်းလော့လီလည်း ဤတော့မှ တံတွေးများ
စီးကျနေကြောင်း သတိပြုလိုက်မိလေသည်။

ကျွင်းရှောင်ယောက်က
ကောင်းကင်ဧကရာဇ်နန်းတော်ထက်တွင်
တင်ပျဉ်ခွေထိုင်ပြီး အဓိကစီကွမ်ဆယ်ဦးကို

ကြည့်လိုက်သည်။

သူ့စိတ်ထဲမှာလည်း အနည်းငယ်
အံ့အားသင့်သွားခဲ့လေသည်။

ကျောင်းမိသားစု၏ ပထမစီကွမ်ဖြစ်သော
ကျောင်းလုံခန်းတွင် နှစ်သွယ်မျက်လုံး ရှိသည်။

ဒုတိယစီကွမ် ကျောင်းဝူရှန့်တွင် အဓိပဓိအမွေကို
ဆက်ခံခဲ့ပေသည်။

တတိယစီကွမ် ကျောင်းမူလန်ကား စစ်နတ်ဘုရား
သွေးရှိသည်။

စတုတ္ထစီကွမ် ကျောင်းဝူချန်ကတော့

သန့်စင်သောနှလုံးသားရှိပြီး တာအိုဘာသာ၏
ပါရမီရှင် ဖြစ်သည်။

ပဉ္စမစီကွမ် ကျွင်းဝမ်ကျဲက
ကပ်ဘေးမိုးကြိုးတိုက်ခိုက်ရေးခန္ဓာကိုယ်ရှိပြီး
ကောင်းကင်ကပ်ဘေးကို လေ့ကျင့်သည်။

ဆဋ္ဌမစီကွမ် ကျွင်းတောက်လင်းကတော့
ရှေးဟောင်းသူတော်စင်လက်နက် ပုံစံရှစ်ခုအစီရင်နှင့်
မွေးဖွားလာသူဖြစ်ပြီး အစီရင်များ၌ ကျွင်းလိမ္မာသည်။

သတ္တမစီကွမ်ဖြစ်သော ကျွင်းရွယ်ဟွမ်မှာကား
အထူးရေခဲဝိညာဉ်တာအိုခန္ဓာ ရှိသည်။

အဋ္ဌမစီကွမ် ကျွင်းရှီယုကျတော့
မူလကျက်သရေအရိုးဖြင့် မွေးဖွားလာခဲ့သည်။

နဝမစီကွမ် ကျွင်းထျန်းမင်တွင်ကား
တောက်ပသောဘုရင် ခန္ဓာရှိပြီး အလင်းစွမ်းအားကို
ထိန်းချုပ်နိုင်သည်။

ဒသမစီကွမ် ကျွင်းကျန်းကျန့်ကတော့
သဘာဝဓားနှလုံးသားနှင့် မွေးဖွားသူ ဖြစ်သည်။

ဧ၁စီကွမ် ဆယ်ဦးစလုံးက လူများကြားမှ နဂါးများပင်
ဖြစ်ချေသည်။

ယေဘူယျအားဖြင့် အင်အားစုတစ်ခုတွင်
သုံးယောက်ရှိလျှင်ပင် အလွန်ကောင်းနေပြီ ဖြစ်သည်။

သို့ရာတွင် ကျွင်းမိသားစုမှာတော့

လူဆယ်ယောက်ရှိ၏။

ယင်းက စီကွမ်သည ကျွင်းရှောင်ယောက်ကို ထည့်မတွက်သေးပေ။

ကျွင်းရှောင်ယောက်မှစ၍ ကျွင်းမိသားစု၏ လူငယ်မျိုးဆက်တိုင်းမှာ မရိုးရှင်းပါချေ။

'အဓိကစီကွမ် ဆယ်ဦးစလုံးက ငါ့ကို စောင့်ကြည့်နေပုံရတယ်'
ကျွင်းရှောင်ယောက် တွေးလိုက်မိသည်။

ကျွင်းရှောင်ယောက်၏ ဉာဏ်စွမ်းအရ သဘာဝကျကျ နားလည်ခဲ့ပေသည်။

အစိကစီကွမ်ဆယ်ဦးက ဘာအတွက်
ရောက်ချလာတာလဲ။

ယင်းမှာ ကျွင်းရှောင်ယောက်၏ အရည်အချင်းက
ဘယ်လောက်ရှိလဲ သိရအောင် ဖြစ်သည်။

မင်းသမီးလုံကျိကို အနိုင်ယူခြင်းက သူ့ခွန်အားကို
သက်သေပြခဲ့ပြီ။

ဉာဏ်ပညာသာ ပို၍ထက်လျှင် ပြီးပြည့်စုံပြီ
ဖြစ်သည်။

ယင်းက ထိပ်တန်းစီကွမ်ဆယ်ဦးစလုံးကို လုံးလုံးနီးပါး
ခေါင်းညိတ်သွားစေနိုင်လောက်သည်။

ကျွင်းကျန်းထျန်းက ကျွင်းရှောင်ယောက်၏ ဂုဏ်သိက္ခာကို အကြွင်းမဲ့ထူထောင်နိုင်ရန် လမ်းခင်းပေးနေခြင်းသာ ဖြစ်သည်။

ကျွင်းရှောင်ယောက်၏ နှုတ်ခမ်းများက တွန့်ကွေးသွားခဲ့သည်။

သူက ကျွင်းမိသားစု၏ မရေတွက်နိုင်သော တပည့်များနှင့် ရင်ဆိုင်နေရသော်လည်း အနည်းငယ်မျှ စိုးထိတ်ခြင်း မရှိပေ။

သူက စကားစလိုက်သည်။
"အားလုံးပဲ ဒီကျွင်းရဲ့ တာအိုတရား ဟောပြောပွဲကို ရောက်လာတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ကျွင်းရဲ့ ခွန်အားက အကန့်အသတ်ရှိတာကြောင့်

အပေါ်ယံအမှုန်တရားတချို့ကိုပဲ ရှင်းပြနိုင်မှာပါ။
ဒါကြောင့် စိတ်မရှိဖို့ မျှော်လင့်ပါတယ်"

ကျွင်းရှောင်ယောက်၏ ပမာဏ စကားများကို
ကြားလိုက်သောအခါ အားလုံးက ဆွံ့အသွားကြသည်။

ကျွင်းရှောင်ယောက်၏ ခွန်အားက
ကန့်သတ်ချက်ရှိတယ်လို့ ယူဆရင် သူတို့က ဘာလဲ။

"အိုး၊ စိတ်ဝင်စားစရာပဲ၊ နတ်ဘုရားသားတော်က
တာအိုအပေါ်မှာ ဘယ်လိုနားလည်မှုမျိုးရှိလဲဆိုတာ
မြင်ချင်ပါရဲ့"

စတုတ္တစီကွမ် ကျွင်းဝူချန်က ပြုံးကာ
ရေရွတ်လိုက်သည်။

သူက တာအိုနှလုံးသားနှင့် တာအိုပိုင်းတွင်

ထူးချွန်သူတစ်ဦး ဖြစ်ချေသည်။

တာအိုနှင့် ပတ်သက်လျှင် သူ၏နားလည်မှုက
စီကွမ်ဆယ်ဦးကြား၌ ပထမအဆင့် ဖြစ်သည်။

ထို့နောက် ကျွင်းရှောင်ယောက်ဟာ မနှောင့်နှေးဘဲ
တိုက်ရိုက်တရားဟောခဲ့သည်။

ဤသည်မှာ ကျွင်းရှောင်ယောက် ပထမဆုံးအကြိမ်
ဟောပြောခြင်း ဖြစ်သော်လည်း သူ့ကိုယ်ပိုင်
အသိဉာဏ်ကို ထုတ်ပြခဲ့ပေသည်။

နောက်ဆုံးတွင် သူတို့အားလုံးဟာ
မိသားစုတစ်ခုထဲကဖြစ်၍ ဖုံးကွယ်ထားမှာ မဟုတ်ပေ။

ကျွင်းရှောင်ယောက်၏ တရားသံနှင့်...
သူ့ပတ်ဝန်းကျင်တွင် အလင်းတန်းများ ပျံ့နှံ့လာသည်။

ကောင်းကင်နှင့်မြေပြင်ကြားတွင်
လျှို့ဝှက်ဆန်းကြယ်သော တာအိုအသံတစ်ခု
ရှိပုံရပေသည်။

အကြောင်းမှာ ကျွင်းရှောင်ယောက်၏ တာအိုနှင့်
ပတ်သက်၍ နားလည်မှုမှာ
အလွန်နက်ရှိုင်းလာသောကြောင့်ပင် ဖြစ်သည်။

နောက်ဆုံးတွင် သူက ကိုယ်ပိုင်လမ်းဖြင့်
ဖောက်ထွက်ခဲ့သူဖြစ်ကာ လောကသုံးပါးနှင့်
ဓာတ်ကြီးငါးပါးအပြင်ကို ရောက်နေခဲ့ပြီ
မဟုတ်ပါလား။

ဤအချက်တစ်ခုတည်းမှာပင်
ကျွင်းရှောင်ယောက်နှင့်ယှဉ်နိုင်သော
မွန်းစတားအိုကြီးများ မရှိတော့ပါ။

အကြောင်းမူ ထိုမွန်းစတားအိုကြီးများပင်
ကိုယ်ပိုင်လမ်းကို မဖောက်ခဲ့သောကြောင့် ဖြစ်သည်။

အချိန်ကြာလာသည်နှင့်အမျှ၊
ကောင်းကင်နှင့်မြေပြင်ကြားတွင် မြင်ကွင်းအမျိုးမျိုး
ပေါ်လာသည်။

ကောင်းကင်က ဖရိုဖရဲဖြစ်ပြီး၊ မြေပြင်တွင်
ရွှေကြာပန်းများ ပွင့်လာသည်။
တာအိုအမှတ်အသားများလည်း ပျံ့လွင့်နေပြီး
တာအိုသံစဉ်များ ထွက်ပေါ်နေလေသည်။

ကျွင်းမိသားစု၏ တပည့်များအားလုံးသည်လည်း
မဟာတာအို စည်းချက်အတိုင်း
စီးမျောသွားပုံရပေသည်။

အဓိက စီကွမ်ဆယ်ဦးလည်း
အံ့အားသင့်သွားခဲ့ကြသည်။

ကျွင်းရှောင်ယောက်မှ ရှင်းပြသော အမှန်တရားသည်
၎င်းတို့အားလုံးကို ဉာဏ်အလင်း ရရှိစေခဲ့သည်။

သူတို့အထဲမှာ တာအိုကို အမြင့်မားဆုံးနားလည်သူ
ကျွင်းဝူချန်သည်ပင် ယခုအခါ အားနည်းနေပုံရသည်။

သူ အလွန်တရာ တုန်လှုပ်သွား၏။

ယခင်က တာအိုနားလည်မှုတွင် သူက မျိုးဆက်ဟောင်းအချို့နှင့်ပင် ယှဉ်နိုင်မည်ဟု ထင်ခဲ့သည်။

ယခုအခါ ကျွင်းရှောင်ယောက်၏ တာအိုတရားကို နားထောင်ပြီးမှ တာအိုက  ဘာလဲဆိုတာကို သူတကယ်နားလည်လာခဲ့ပြီ။

ယခင်က သူဟာ ရေတွင်းထဲမှ ဖားတစ်ကောင်ကဲ့သို့ပင် ဖြစ်သည်။

--------

အခန်း ( ၂၉၆ ) ကြီးမြတ်သောလမ်းစဉ်ဖြင့် ပွဲတင်ထပ်၍၊ နတ်ဘုရားသားတော်ကို လူတိုင်း လေးစားကြကုန်သည်။

ပြောရလျှင် ကျွင်းဝူချန်၏ လက်ရှိ တာအိုကို
နားလည်မှုက ရေကန်တစ်ခုဟု ဆိုပါလျှင်…

ကျွင်းရှောင်ယောက်နားလည်သော တာအိုက
အကန့်အသတ်မရှိသော ပင်လယ် ဖြစ်သည်။

ထိုနှစ်ခုက လုံးဝ မတူပေ။

"ရှက်စရာ၊ တကယ်ကို ရှက်စရာပဲ။ အခုထိ
ငါနားလည်ထားတဲ့တာအိုက
နတ်ဘုရားသားတော်နဲ့ယှဉ်ရင် တစ်
ရာခိုင်နှုန်းအောက်ပဲ ရှိတယ်"

ကျွင်းဝူချန်က သက်ပြင်းချပြီး ပို၍ လေးနက်စွာ
နားထောင်လိုက်လေသည်။

ထိပ်တန်းစီကွမ်ဆယ်ဦး မဆိုထားနှင့်...

မျိုးနွယ်စုအကြီးအကဲများပင်လျှင် ကောင်းကင်ယံမှ ဤမြင်ကွင်းများကိုကြည့်ရင်း တုန်ယင်သွားကြသည်။

“မင်း တာအိုတရားဟောတုန်းက ကောင်းကင်နဲ့ မြေပြင်က သဘာဝအာရုံတွေ ဒီလို အများကြီး ပေါ်လာတာလား”

မျိုးနွယ်စုအကြီးအကဲတစ်ဦးက ထုံကျဉ်နေကာ မေးလိုက်သည်။

"မဟုတ်ဘူး"

အခြားမျိုးနွယ်စုအကြီးအကဲလည်း အနည်းငယ် အံ့အားသင့်သွားခဲ့၏။

၎င်းတို့ ဤ၌ကို ရောက်နေခြင်းမှာ ကျွင်းရှောင်ယောက် တစ်ခုခု မှားသွားမှာကို စိုးရိမ်သောကြောင့်သာ ဖြစ်သည်။

ရလဒ်အနေဖြင့် ယခုအခါ မှားယွင်းရန် မဆိုထားနှင့်၊ ကျွင်းရှောင်ယောက်၏ နားလည်မှုက ဤ၌မျိုးနွယ်စုအကြီးအကဲများထက်ပင် ပို၍ နက်ရှိုင်းနေသေးသည်။

ထို့နောက် ထိုမျိုးနွယ်စုအကြီးအကဲများလည်း တင်ပျဉ်ခွေထိုင်ကာ ကျောင်းသားများကဲ့သို့ ကျွင်းရှောင်ယောက်၏ တာအိုတရားကို ဂရုတစိုက် နားထောင်လိုက်ကြသည်။

ဤသို့ မိုးနှင့်မြေ၏ အာရုံများက ကျွင်းမိသားစုကို

အတော်လေး တုန်လှုပ်သွားစေခဲ့ပေသည်။

"ဒီလောက်ကြွယ်ဝတဲ့ တာအိုသံစဉ်တွေ ဘယ်ကလာတာလဲ"

"ဒါက ကောင်းကင်ဧကရာဇ်နန်းတော်ကပဲ၊ နတ်ဘုရားသားတော်ရဲ့ တာအိုတရားဟောရာကနေ ဖြစ်ပေါ်လာတဲ့ အာရုံများ ဖြစ်နေလေမလား"

ကျွင်းမိသားစု၏ နေရာတိုင်းတွင် အံ့အားသင့်စွာ ပြောဆိုသံများ ထွက်ပေါ်လာသည်။

တံခါးပိတ်ကျင့်ကြံနေသော ကျွင်းမိသားစုမှ အကြီးအကဲအချို့ပင် ထိတ်လန့်တုန်လှုပ်သွားပြီး ကောင်းကင်ဧကရာဇ်နန်းတော်သို့ တိုက်ရိုက်ပြေးသွားခဲ့ကြသည်။

ဤသို့ဖြင့် ကောင်းကင်ဧကရာဇ်နန်းတော်တွင် လူများ ပို၍ စုဝေးကြပြန်တော့သည်။

ကျွင်းရှောင်ယောက်က တင်ပျဉ်ခွေထိုင်ကာ မိုးနှင့်မြေ၏ အမှန်တရားကို  ဟောပြနေသော နတ်သမီးတစ်ပါးကဲ့သို့ ပွဲတင်ထပ်သံများလည်း ထွက်ပေါ်နေသည်။

ယင်းက ကျွင်းမိသားစုမှ လူငယ်များစွာကို ဉာဏ်အလင်းပွင့်စေရုံသာမက၊  မြင့်မားသော ကျင့်ကြံခြင်းအခြေခံရှိသည့် မျိုးနွယ်စုအကြီးအကဲများကိုပင် ထိုးထွင်းသိမြင်မှုများ ရှိစေခဲ့ပေသည်။

"ဝုန်း"

ရုတ်တရက် လူငယ်တစ်ဦး၏ ခန္ဓာကိုယ်က

တုန်ခါသွားကာ အရှိန်အဝါများ မြင့်တက်လာသည်။
သူကား နယ်ပယ်တစ်ခုကို ဖြတ်ကျော်သွား၏။

သူသာမကဘဲ အခြားလူများလည်း
အဆင့်တက်ကုန်သည်။

တာအိုတရားဟောရုံဖြင့် အောင်မြင်မှုအသီးသီး
ရကုန်ခြင်းမှာ စိတ်ကူးမယဉ်နိုင်ပေ။

"ငါ့နယ်ပယ်က နည်းနည်းတော့ ပြေလျော့လာပြီ"
မျိုးနွယ်စု အကြီးအကဲတစ်ဦးက အံ့အားသင့်သွားကာ
လွန်စွာပျော်ရွှင်မှုများအား လှစ်ဟလာသည်။

ကျင့်ကြံခြင်း မြင့်မားလာပါက အဆင့်တက်ရ
ပိုခက်လာစမြဲပင်။

ဤလူငယ်များ အဆင့်တက်ခြင်းက
နားလည်ပေးနိုင်သည်။

သို့ရာတွင် သူတော်စင်နယ်ပယ်အထက်ရှိ
မျိုးနွယ်စုကြီးများသည်ပင် နယ်ပယ်များ
ပြေလျော့သွားခြင်းကတော့ အနည်းငယ်
ကြောက်စရာကောင်းသွားခဲ့ပေပြီ။

ကျွင်းရှောင်ယောက်က ကျွင်းမိသားစုအတွက်
တာအိုသစ်သီးတစ်လုံးပင် ဖြစ်သည်။

"ရှောင်ယောက်၊ အဖိုးက မင်းကို လျှော့တွက်မိတုန်းပဲ"
ကျွင်းကျန်းးထျန်းလည်း ဤမြင်ကွင်းကို ကြည့်ကာ
သက်ပြင်းချလိုက်မိသည်။

သူတောင် များစွာ အမြတ်ရခဲ့၏။

ယခုတစ်ကြိမ်တွင်၊ ကျွင်းရှောင်ယောက်၏ ဂုဏ်သတင်းကို တည်ထောင်လိုသည့် သူ့ရည်ရွယ်ချက် ပြီးပြည့်စုံမည့်ပုံ ရသည်။

ကျွင်းမိသားစု၏ စီကွမ်အားလုံးလည်း အမြတ်ရကာ နယ်ပယ်များ ပြေလျော့သွားခဲ့ကြလေသည်။

အချိန်တစ်ခုကြာပြီးနောက် ကျွင်းရှောင်ယောက် ရပ်လိုက်သည်။

မျက်စိပုံကာ နားလည်ဆင်ခြင်နေသော၊ သို့မဟုတ် အဆင့်တက်ကုန်သော မိသားစုဝင်များကိုကြည့်ကာ

ကျွင်းရှောင်ယောက်လည်း ပြုံးလိုက်မိလေသည်။

တဖက်တွင် ဂုဏ်သိက္ခာကို ထူထောင်သည်။

တစ်ဖက်မှာလည်း ကျွင်းမိသားစုမှ လူတိုင်းကို ကောင်းချီးပေးခဲ့၏။

ယင်းက အလွန်ကောင်းမွန်သည်။

ဤသို့ဖြင့် သုံးရက်နှင့် သုံးညတာ ကုန်လွန်သွားခဲ့ပြီ။

လူတိုင်းက သတိပြန်ဝင်လာခဲ့ကြသည်။

"ကြင်နာမှုအတွက် နတ်ဘုရားသားတော်ကို ကျေးဇူးတင်ပါတယ်"

"နတ်ဘုရားသားတော်ရဲ့ ကျေးဇူးက ကောင်းကင်ထောက်တိုင်ကြီးလို လေးနက်တယ်၊ ဒါကို ငါ့တစ်သက် မမေ့နိုင်တော့ပါဘူး"

ကျွင်းမိသားစုမှ တပည့်များစွာတို့သည် ကျွင်းရှောင်ယောက်အား ဦးညွှတ်၍ လေးလေးစားစားး ပြောဆိုလိုက်ကြသည်။ ၎င်းတို့ဟာ ဖော်မပြနိုင်အောင် စိတ်လှုပ်ရှားနေကြလေသည်။

ကျွင်းရှောင်ယောက် ယခုအခါ ၎င်းတို့၏ ကျော်ကြားသော ဆရာတစ်ပိုင်း ဖြစ်လုနီးပါးပင် ဖြစ်သည်။

ကျွင်းဝူရှန့်၊ ကျွင်းမူလန်၊ ကျွင်းဝူချန်နှင့် အခြားစီကွမ်များပင်လျှင် ၎င်းတို့၏ မျက်နှာများတွင် ရှုပ်ထွေးသော အမူအရာများ ရှိလာကြသည်။

ကျွင်းရှောင်ယောက်က ၎င်းတို့ကို ကောင်းချီးပေးခဲ့ပြီး သူတို့ကြားမှ ကွာဟချက်ကိုလည်း နားလည်ခဲ့ပေပြီ။

ဤကွာဟချက်သည် ခွန်အားဉ်သာမကဘဲ တာအိုပိုင်းတွင်လည်း သိသာနေသည်။

“ကျေးဇူးတင်ပါတယ် နတ်ဘုရားသားတော်"
စီကွမ်အားလုံး လက်ယှက်ကာ ပြောလိုက်ကြသည်။

ကျွင်းရှောင်ယောက်က စီကွမ်များကို တစ်ချက်ကြည့်လိုက်ပြီးနောက် ကျွင်းမိသားစုမှ လူအားလုံးကို ကြည့်ကာ ပြောလိုက်သည်။

"အားလုံးပဲ ကျေးဇူးတင်နေဖို့ မလိုပါဘူး၊ တူညီတဲ့ မျိုးနွယ်ဝင်တစ်ယောက်ဖြစ်မှတော့ ဒီကျွင်းက

အကောင်းဆုံး လုပ်မှာပါ"

ကျွင်းရှောင်ယောက်က ရည်ရွယ်ချက်ရှိရှိလား
သို့မဟုတ် မရည်ရွယ်ဘဲလား မသိသော်လည်း
အဝေးမှ ကွက်လပ်ကို လှမ်းကြည့်လိုက်သည်။

ထိုအဝေးမှ လျှို့ဝှက်နက်နဲသော
ဟင်းလင်းပြင်နေရာတွင် ထူးဆန်းသော
ဝိညာဉ်အသိအမြင်များ ထွက်ပေါ်လာခဲ့၏။

"ရှောင်ယောက်က ငါတို့ကို ရှာတွေ့ခဲ့တာ ဖြစ်နိုင်မလား
"

ယင်းက ဘိုးဘေးဆယ့်ရှစ်၏ ဝိညာဉ်အသိ ဖြစ်သည်။

"အဟမ်း...အဟမ်း၊ မဟုတ်လောက်ပါဘူး၊ ငါတို့

အဲဒါကို ကောင်းကောင်း ဖုံးကွယ်ထားတာပဲ"

ဘိုးဘေးဆယ့်ခြောက်၏ ဝိညာဉ်အသိကလည်း ထွက်လာခဲ့လေသည်။

မြင့်မြတ်သော ဘိုးဘေးနှစ်ဦးသည်ပင် ကျွင်းရှောင်ယောက်၏ တာအိုတရားကို လာရောက် နားထောင်ခဲ့ကြသည်။

ဤအကြောင်းသာ ပျံ့သွားရင်တော့ ကျွင်းမိသားစုဝင်များ ဘယ်လောက်ထိ အံ့သြသွားမလဲ မသိနိုင်ပေ။

ထို့ကြောင့်ပင် သူတို့နှစ်ဦးက ဟင်းလင်းပြင်တွင် ပုန်းခိုနေခဲ့ခြင်း ဖြစ်သည်။

"ကိုယ်ပိုင်လမ်းကို ဖောက်လုပ်ခဲ့သူ ဆိုတဲ့အတိုင်း

ငါတို့ကိုတောင် အကျိုးရှိစေခဲ့တာပဲ"

ဘိုးဘေးဆယ့်ရှစ်က သက်ပြင်းချလိုက်သည်။

"ငါ့ကျွင်းမိသားစုမှာ ဒီလို နတ်ဘုရားသားတော်
ရှိနေတာကို မင်းဘာလို့စိတ်မချမ်းသာရတာလဲ။
ကျွင်းမိသားစုအပေါ် မကောင်းတဲ့ အတွေးအမြင်ရှိတဲ့
အင်အားစုတွေလည်း အနှေးနဲ့အမြန်
နောင်တရလိမ့်မယ်"

ဘိုးဘေးဆယ့်ခြောက်၏ ကလေးဆန်သော
မျက်နှာတွင် အေးစက်သောအကြည့်များ
ပေါ်လာသည်။

"မင်းဆိုလိုတာက ဘိုးဘွားနဂါးသိုက်ရဲ့
နောက်ကွယ်က လုပ်ဆောင်ချက်လေးလား"

ဘိုဘေးဆယ့်ရှစ်၏ မျက်လုံးများက
နက်ရှိုင်းသွားခဲ့သည်။

"သူတို့က ငါတို့ ကျွင်းမိသားစုကို မသိဘူးလို့ ထင်နေပုံရတယ်။ သူ့ဘိုးဘွားနဂါးသိုက်က အင်မော်တယ်စစ်ပွဲကို တကယ် ပြုလုပ်ဝံ့မလားဆိုတာ ကြည့်စမ်းမယ်"

ဘိုးဘေးဆယ့်ခြောက်က ရေရွတ်လိုက်သည်။

“ဟုတ်တယ်၊ ဘိုးဘွားခန်းမကိုသွားပြီး အဘိုးကြီးတချို့ကို တူးထုတ်ရမှာပဲ"

ဘိုးဘေးဆယ့်ရှစ်က ပေါ့ပေါ့ပါးပါး ပြုံးလိုက်သည်။

ဘိုးဘေးနှစ်ဦး၏ စကားကိုတော့ သဘာဝအတိုင်း မည်သူမျှ မကြားရပေ။ ယခုအချိန်တွင် ကျွင်းမိသားစုဝင်အားလုံးက ကျွင်းရှောင်ယောက်ကို လေးလေးစားစားဖြင့် ကြည့်နေကြသည်။

ကျွင်းမိသားစုဝင်များအပြင် ရီယု၊ ရန်ချင်းယင်၊ ဝမ့်ချွမ်၊ ခေါင်းကိုးလုံးခြသေ့်နှင့် အခြား ကျွင်းရှောင်ယောက်နှင့်နီးစပ်သူများလည်း များစွာအကျိုးရှိခဲ့သည်။

အလားတူပင် ကျန်းလော့လီနှင့် ကျန်းစန်းယီလည်း ရှိသေးသည်။ ။

အထူးသဖြင့် ကျန်းစန်းယီသည် သန္တောစွမ်းအင်တာအိုသန္ဓေနှင့် မွေးဖွားခဲ့၍ တာအိုများနှင့် နီးစပ်သည်။

ကျွင်းရှောင်ယောက်၏ တာအိုတရားအပြီးတွင် ကျန်းစန်းယီက များစွာသဘောပေါက်၍ သူမပတ်ဝန်းကျင်၌ပင် တာပိုသင်္ကေတများ ဖြစ်ပေါ်လာခဲ့ရသည်။

သူသည် အခြားသူများထက် များစွာပို၍ အမြတ်များခဲ့သည်။

"ကျေးဇူးတင်ပါတယ်"

ကျန်းစန်းယီက အနီရောင်နှုတ်ခမ်းများကို အနည်းငယ် ကိုက်၍ ရှုပ်ထွေးသော မျက်လုံးများဖြင့်ကြည့်ကာ ပြောလိုက်သည်။

သူက ကျွင်းရှောင်ယောက်နှင့် နီးကပ်စွာမနေတော့ရန် ဆုံးဖြတ်ထားခဲ့သော်လည်း... ဤတစ်ခါတော့ ကျေးဇူးတင်ရပေဦးမည်။

"ဘာလို့ ယဉ်ကျေးရတာလဲ"

ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါး ပြုံးလိုက်သည်။

ထိုအချိန်တွင် ကျွင်းကျန်းကျန့်၏ မျက်လုံးများက အရောင်လက်သွား၍ ထရပ်ကာ ပြောလိုက်သည်။

"ဒသမစီကွမ် ကျွင်းကျန်းကျန့်က နတ်ဘုရားသားတော်ကို လေးစားပါတယ်"

သူပြောပြီးသည်နှင့် ကျွင်းရှယ်ဟွမ်ကလည်း ထရပ်ပြီး ပြောလေသည်။

"သတ္တမစီကွမ် ကျွင်းရှယ်ဟွမ်က နတ်ဘုရားသားတော်ကို လေးစားပါတယ်"

"ပဉ္စမစီကွမ် ကျွင်းဝမ်ကျဲက နတ်ဘုရားသားတော်ကို လေးစားပါတယ်"

ကျွင်းဝမ်ကျဲကလည်း လက်ယှက်ကာ ပြောလိုက်၏။

ဤကဲ့သို့သော အသွင်အပြင်က
ပတ်ဝန်းကျင်တစ်ခုလုံးကို ငြိမ်သက်သွားစေသည်။

ကျွင်းကျန်းထျန်းလည်း မျက်လုံးကို အနည်းငယ်
မှိတ်ထားလိုက်လေသည််

ကျွင်းမိသားစု၏ မျိုးဆက်သစ်များအား
စည်းလုံးနိုင်မလားဆိုသည်မှာ ဤအချိန်အပေါ်တွင်
မူတည်သည်။

ယခုအခါ စီကွမ်သုံးဦးကတော့ ကျွင်းရှောင်ယောက်ကို
ဦးညွှတ်ခဲ့ချေပြီ။

"နဝမစီကွမ် ကျွင်းထျန်းမင်က
နတ်ဘုရားသားတော်ကို လေးစားပါတယ်"

ကျွင်းထျန်းမင်က ထရပ်လာကာ ပြောလိုက်သည်။

ကျွင်းရှောင်ယောက်၏ ခွန်အားနှင့် ပါရမီအပြင် ဉာဏ်နားလည်နိုင်စွမ်းတို့က သူ့ကိုယုံကြည်ခဲ့၍ လေးစားသွားရန် ဆန္ဒရှိခဲ့ပြီ။

ကျွင်းရှောင်ယောက်ကတော့ တည်ငြိမ်စွာပင် ပြုံးနေဆဲ ဖြစ်သည်။

သူက ကျွင်းမိသားစု၏ စီကွမ်များကို သူ့နောက်လိုက်ရန် အတင်းအကြပ်လုပ်မှာ မဟုတ်ပါ။

သို့သော်လည်း အတူတူအလုပ်လုပ်နိုင်လျှင်တော့ ပိုကောင်းသည်။

ကျွင်းတောက်လင်း၊ ကျွင်းရှီယုနှင့် တခြားသူများ၏ မျက်လုံးထဲမှာတော့ ရှုန်းကန်မှုများ ရှိနေဆဲပင်။

ထိုအချိန်တွင် အံ့အားသင့်ဖွယ်ရာ မြင်ကွင်းတစ်ခု ဖြစ်လာသည်။

တည်ငြိမ်သော မျက်နှာထားဖြင့် ကျွင်းလုံခန်းက အမှန်တကယ် မတ်တတ်ထရပ်၍ လက်ယှက်လိုက်လေသည်။

"ငါ ပထမစီကွမ် ကျွင်းလုံခန်းက နတ်ဘုရားသားတော်ကို လေးစားလိုပါတယ်"

--------

အခန်း ( ၂၉၇ ) အဓိကစီကွမ်ဆယ်ဦးစလုံး ဦးညွတ်ပြီ၊ ကျန်းလော့လီက ထမင်းရရန်

ဆန်စိမ်းလိုချင်သည်။

ကျွင်းလုံခန်းက မတ်တပ်ရပ်ပြီး
ကျွင်းရှောင်ယောက်၏ အခြေအနေကို
အသိအမှတ်ပြုလိုက်သည်။

ယင်းက လူများ မမျှော်လင့်ထားသောအရာပင်။

ကျွင်းမိသားစု၏ မျိုးဆက်သစ်ထဲမှာဆိုလျှင်
ကျွင်းရှောင်ယောက်၏ ဂုဏ်သိက္ခာကို မည်သူ
အမှီလိုက်နိုင်မှာလဲ။

ယင်းက ပထမစီကွမ် ကျွင်းလုံခန်းသာ ရှိသည်။

ထို့ကြောင့် ယခုအခါ ကျွင်းလုံခန်း၏ သဘောထားက

လူများစွာကို အံ့သြစေခဲ့သည်။

သို့သော်လည်း ကျွင်းလုံခန်းက သူ့အစွဲအလမ်းကို လုံးလုံးလျားလျား စွန့်လွှတ်ပြီး နှလုံးသားတွင် ထုံးဖွဲ့ထားသည်ကို အပြင်လူများက မသိကြပေ။

ကျွင်းလုံခန်း၏ သဘောထားကို မြင်ရသောအခါ ကျွင်းတောက်လင်း၊ ကျွင်းရှီယုနှင့် အခြားသူများအတွက် သဘာဝအတိုင်း စိုးရိမ်စရာ မရှိတော့ပါ။

အားလုံးက ကျွင်းရှောင်ယောက်ကို လက်ယှက်ပြီး လေးစားကြကြောင်း ဝန်ခံလိုက်ကြသည်။

ထို့နောက်တွင် ကျွင်းဝူရှန်၊ ကျွင်းမူလန်နှင့် တခြားသူများလည်း တစ်ယောက်ကို တစ်ယောက်

ကြည့်ကာ ခါးသက်သက်ဖြင့် ပြုံးလိုက်ကြလေသည်။

ကျွင်းရှောင်ယောက်ကို အနိုင်ယူဖို့ မဖြစ်နိုင်တော့ဘူး။

"ငါ ဒုတိယစီကွမ် ကျွင်းဝူရှန့်က
နတ်ဘုရားသားတော်ကို လေးစားပါတယ်"

"တတိယစီကွမ် ကျွင်းမူလန်က
နတ်ဘုရားသားတော်ကို လေးစားပါတယ်"

"စတုတ္ထစီကွမ် ကျွင်းဝူချန်က နတ်ဘုရားသားတော်ကို
လေးစားပါတယ်"

ကျွင်းမိသားစု၏ ထိပ်တန်းစီကွမ်ဆယ်ဦးစလုံးက
ကျွင်းရှောင်ယောက်ထံတွင် ဦးညွှတ်ကြပြီး

စီကွမ်သုညဟူသော မြင့်မြတ်သည့်အဆင့်အတန်းကို အသိအမှတ်ပြုခဲ့သည်။

ဤမြင်ကွင်းကို မြင်ရသော ကျွင်းမိသားစု၏ မျိုးဆက်သစ်လူငယ်များလည်း စိတ်လှုပ်ရှားသွားခဲ့လေသည်။

ကျွင်းမိသားစု၏ ထိပ်တန်းစီကွမ်ဆယ်ဦးမှာ အလွန်မောက်မာပြီး မည်သူ့ကိုမျှအလျှော့မပေးဘဲ အမြဲ ယှဉ်ပြိုင်နေသူများ ဖြစ်သည်။

သို့သော်လည်း ယခုအခါ ကျွင်းရှောင်ယောက်က အားလုံးကို ဦးညွတ်စေနိုင်ခဲ့ပေပြီ။

ကျွင်းမိသားစု၏ စီကွမ်များ ပထမဆုံးအကြိမ် ညီညွတ်ခဲ့ကြပြီ ဖြစ်သည်။

"ကောင်းတယ်"

ကျွင်းကျန်းထျန်းလည်း ပြုံးလိုက်သည်။

ကျွင်းမိသားစု၏ စီကွမ်များက ညီညွတ်ကြလျှင်
ရှန်းကုကမ္ဘာဖြစ်စေ၊ ဧကရာဇ်လမ်းတွင်ဖြစ်စေ...
အနည်းဆုံးတော့ အတွင်းပိုင်းအငြင်းပွားမှုများ
မရှိနိုင်တော့ဘဲ တညီတညွတ်တည်း
ဖြစ်သွားပေလိမ့်မည်။

မိသားစုတစ်ခုအတွက် စည်းလုံးမှုသည်
အရေးကြီးဆုံးအရာ ဖြစ်သည်။

ကျွင်းရှောင်ယောက်က လက်ကိုအနည်းငယ်ကာပြပြီး
ပြောလိုက်သည်။

"ငါ့ကို ထောက်ပံ့ပေးတာ ကျေးဇူးတင်ပါတယ်၊

အနာဂတ်မှာ ငါတို့မိသားစုအတွက်
အတူတူလုပ်ကြတာပေါ့"

ထိုမြင်ကွင်းကိုကြည့်ကာ
မိသားစုအကြီးအကဲများလည်း ကျေနပ်စွာ
ခေါင်းညိတ်လိုက်ကြသည်။

ကျွင်းရှောင်ယောက်၏ ဦးဆောင်မှုအောက်တွင်
ကျွင်းမိသားစုမှ မျိုးဆက်သစ် လူငယ်များ
ရှင်သန်ကြီးထွားရန် လိုသည်။

ထို့နောက်မှာတော့ တာအိုတရားဟောပြောပွဲ
ပြီးဆုံးပြီဖြစ်ရာ ကျွင်းမိသားစုဝင်
လူငယ်လေးများလည်း တွန့်ဆုတ်စွာဖြင့် ပြန်လည်
ထွက်ခွာသွားတော့သည်။

ကျွင်းမိသားစုမှ အကြီးအကဲအချို့ပင်
မပြီးဆုံးသင့်သေးသော လုပ်ငန်းကဲ့သို့ ခံစားခဲ့ရသည်။

သို့သော်လည်း အဓိကစီကွမ်ဆယ်ဦးကတော့
ထွက်မသွားကြသေးပေ။

"အမက မင်းနဲ့ ဆွေးနွေးချင်တယ်ဆိုရင် ရနိုင်မလား"
ကျွင်းမူလန်က သန်မာသော တိုက်ခိုက်လိုစိတ်ဖြင့်
ရုတ်တရက် စကားစလာသည်။

သူမတွင် စစ်နတ်ဘုရားသွေးရှိပြီး
တိုက်ခိုက်နိုင်စွမ်းတွင် အလွန်သန်မာသည်။

ယခုအခါ ကျွင်းရှောင်ယောက်ကလည်း
အလွန်သန်မာသောကြောင့် တိုက်ခိုက်လိုစိတ်ကို

ထိန်းမရတော့ပေ။

ကျွင်းမူလန်သည် ကျွင်းရှောင်ယောက်ကို
အနိုင်ယူရန်တော့ ဘယ်တုန်းကမှ မတွေးခဲ့ပေ၊
နောက်ဆုံးတွင် ယင်းက  လက်တွေ့မကျပါ။

ကျွင်းရှောင်ယောက်က ကျွင်းမူလန်ကို
တစ်ချက်ကြည့်လိုက်သည်။ မိန်းမကြမ်းကြီးကဲ့သို့
ဤမိန်းကလေး၏ နာမည်ကိုတော့ ကြားဖူးသည်မှာ
ကြာခဲ့ပြီ။

ကျွင်းမူလန်သည် မိန်းကလေးတစ်ဦးဖြစ်သော်လည်း
ပြတ်သားသောကိုယ်ရည်ကိုယ်သွေးရှိ၍
ကျွင်းရှောင်ယောက်က မငြင်းတော့ပါ။

"ကောင်းပြီ၊ ငါလက်တစ်ဖက်ပဲသုံးမယ်"

ကျွင်းရှောင်ယောက် ဘယ်လက်ကို နောက်မှာထားပြီး ညာလက်ကိုသာ ဆန့်ထုတ်လိုက်သည်။

"မင်းက အစ်မကို အရမ်းနှိမ့်ချနေတာပဲ၊ အမက အပြင်လောကမှာ ဒဏ္ဍာရီတစ်ခု ဖြစ်နေတုန်းပဲနော်" ကျွင်းမူလန်က မျက်ခုံးပင့်လိုက်သည်။

သူက စစ်နတ်ဘုရားသွေးကိုလှုံ့ဆော်ကာ စတင်တိုက်ခိုက်လိုက်၏။

ကျွင်းရှောင်ယောက်က နှုတ်ခမ်းကို အနည်းငယ်တွန့်ကွေး၍ ပြုံးလိုက်သည်။ သူက လက်တစ်ဖက်ကို ဆန့်ထုတ်လိုက်ရာ သန်မာသော စွမ်းအင်များ ပေါက်ကွဲထွက်လာခဲ့၏။

ကျွင်းမူလန်နှင့် ကျွင်းရှောင်ယောက်က အနီးကပ်

တိုက်ခိုက်ခဲ့ကြသည်။

ကျွင်းရှောင်ယောက်က ဂျင်ဆယ်သန်းအင်အားကို ထုတ်မသုံးခဲ့ပေ၊ သို့တိုင် ကျွင်းမူလန်ကို ဖိနှိပ်ရန်တော့ လုံလောက်သည်။

ကျွင်းမူလန်က အစွမ်းကုန်ကြိုးစားသော်လည်း လက်တစ်ဖက်တည်းရှိသည့် ကျွင်းရှောင်ယောက်ကို အနိုင်မယူနိုင်ခဲ့ပေ။

ယင်းက ကျွင်းဝူရှန့်နှင့် အခြားသူများကို ပို၍ အံ့သြသွားစေပြီး တစ်ချိန်တည်းမှာပဲ သူတို့၏ ရွေးချယ်မှုက ပညာရှိသကဲ့သို့ ခံစားခဲ့ရသည်။

ကျွင်းရှောင်ယောက်သာလျှင် ကျွင်းမိသားစုတစ်ခုလုံး၏ လူငယ်မျိုးဆက်ကို

ဦးဆောင်ရန် အရည်အချင်းပြည့်မီပေလိမ့်မည်။

နောက်ဆုံးတွင် တိုက်ကွက်အနည်းငယ်ကြာပြီးနောက် ကျွင်းရှောင်ယောက်က ကျွင်းမူလန်ကို လက်တစ်ဖက်ဖြင့် တားဆီးပြီး နှင်းဖြူကုကဲ့သို့ ဖွေးဖွေးဥဥ ဝမ်းဗိုက်အား ဖက်ထားကာ အနိုင်ယူသွားခဲ့သည်။

ယင်းက ကျွင်းမူလန်၏ သူရဲကောင်းဆန်သောမျက်နှာကို နီရဲစေကာ ဒေါသတကြီးဖြင့် ပြောလိုက်သည်။

"မင်းအမရဲ့ တိုဟူးစားချင်လို့လား"

"တိုက်ပွဲတစ်ခုမှာ ယောက်ျားနဲ့ မိန်းမ ကွာခြားမှု မရှိပါဘူး"

ကျွင်းရှောင်ယောက်က ပြုံးပြီး ကျွင်းမူလန်ကို

လွှတ်ပေးလိုက်လေသည်။

"အမ မင်းကို ယုံပါတယ်၊ ဒါပေမယ့် မင်း ငါ့ကို မယှဉ်နိုင်တဲ့ နေရာတစ်ခုတော့ ရှိတယ်"
ကျွင်းမူလန်က အော်လိုက်သည်။

"အိုး၊ ဘယ်မှာလဲ"
ကျွင်းရှောင်ယောက် သိလိုသွားခဲ့၏။

ကျွင်းမူလန်က သူမ၏ တင်ပါးပေါ် လက်တင်ကာ အမွှာတောင်ထွတ်များကို ပို၍မို့မောက်စေရင်း အလှတရားများအား ပေါ်လွင်စေလိုက်သည်။

"ဒီမှာလေ၊ မင်းရဲ့ ရင်သားက အစ်မလောက် ကြီးလို့လား"

ကျွင်းမူလန်က ဂုဏ်ယူစွာဖြင့် ပြောလိုက်သည်။

"အယ်၊ အဟမ်း..."

ကျွင်းရှောင်ယောက် ခဏတာ ကြောင်အသွားပြီး ခြောက်ကပ်ကပ်ဖြင့် ချောင်းဟန့်လိုက်သည်။

ဒီနေရာမှာတော့...

တကယ်ကို ယှဉ်လို့မရပါဘူး။

"ဟားဟားဟား"

ထိုအခြေအနေကြောင့် အခြားစီကွမ်များ ရယ်မောလိုက်ပြီး လေထုကလည်း အလွန်သဟဇာတ ဖြစ်ခဲ့သည်။

စီကွမ်များကြားရှိ ပြိုင်ဆိုင်မှုများနှင့်
မလိုလားမှုများလည်း ခဏတာ
မေ့ပျောက်သွားခဲ့ကြလေသည်။

နောက်ဆုံးတွင် ကျွင်းမူလန်နှင့် အခြားသူများလည်း
၎င်းတို့၏ ထိုးထွင်းသိမြင်မှုနှင့် အောင်မြင်မှုများကို
ချေဖျက်ရန် တစ်ယောက်ပြီးတစ်ယောက်
ထွက်ခွာသွားခဲ့သည်။

ကျွင်းလုံခန်းကတော့ နောက်ဆုံးမှသာ ထွက်ခွာသွားသူ
ဖြစ်သည်။ သူမက မသွားမီ ကျွင်းရှောင်ယောက်ကို
ပခုံးပုတ်၍ ပြောလေသည်။

"ဝမ်းကွဲရှောင်ယောက်၊ မင်း အားကျိုးကို
စိတ်မပျက်ပါစေနဲ့"

"ဒါ..."

ကျွင်းရှောင်ယောက်လည်း တိတ်ဆိတ်သွားခဲ့၏။

ကျွင်းလုံခန်းက တစ်ခုခုကို နားလည်မှုလွဲနေပြီဟု သူခံစားမိသည်။

သူက အားကျိုးကို တာအိုကာကွယ်သူအပြင် များစွာ မတွေးခဲ့ဖူးပေ။

"ဒါထက် မင်းကို ပြောစရာတစ်ခုရှိသေးတယ်"
ကျွင်းလုံခန်းက ခဏတိတ်ဆိတ်နေပြီးနောက် ပြောလိုက်သည်။

"ဘာများလဲ"
ကျွင်းရှောင်ယောက် မေးလိုက်၏။

"ငါတို့ အဓိကစီကွမ်ဆယ်ဦးက မင်းကို
လေးစားပေမယ့် ကျွင်းမိသားစုရဲ့
မျိုးဆက်သစ်တွေက ငါတို့ချည်းပဲ မဟုတ်ဘူး"
ကျွင်းလုံခန်းက လေးလေးနက်နက် ပြောလိုက်သည်။

"ဟင်"

ကျွင်းရှောင်ယောက် မျက်ခုံးပင့်လိုက်၏။

ကျွင်းမိသားစုမှာ တခြားနောက်ခံများ
ရှိနေသေးလို့လား။

"ရှန်းကုကမ္ဘာကြီးမှာ အိပ်စက်နေတဲ့ ငါတို့ မိသားစုရဲ့
ရှေးဟောင်းလူထူးဆန်းတွေ ရှိနေကြသေးတယ်"
ကျွင်းလုံခန်းက ပြောလိုက်သည်။

"ဒီလိုကိုး"

ကျွင်းရှောင်ယောက် အံ့သြသွားသည်။

ရှန်းကုကမ္ဘာသည်
ကြွယ်ဝသောဝိညာဉ်စွမ်းအင်များနှင့် ထိပ်တန်းအဆင့်
အင်မော်တယ် အရင်းမြစ်အမျိုးမျိုးရှိသည်။ ယင်းက
ရှေးဟောင်းလူထူးဆန်းများကို တံဆိပ်ခတ်ရန်
အကောင်းဆုံးနေရာပင်။

မရေမတွက်နိုင်သော ခေတ်များမှ အမွေဆက်ခံခဲ့သော
ထိပ်တန်းအင်အားစုအနေဖြင့် ကျွင်းမိသားစုတွင်
ရှေးဟောင်းလူထူးဆန်းများ မရှိမှသာ အံ့သြစရာ
ဖြစ်မည်။

ယခုအခါ ကျွင်းရှောင်ယောက် အလွန်သိချင်မိ၏။
ရှန်းကုကမ္ဘာရှိ ကျွင်းမိသားစု၏

ရှေးဟောင်းလူထူးဆန်းများသည် မည်မျှ
အစွမ်းထက်သနည်း။

"ရှေးကမ္ဘာမှာ ရေဏ္ဍားဟောင်းလူထူးဆန်းတွေအပြင်
အခြား အင်မော်တယ်နယ်မြေကြီးက...၊ အာ...
ထားပါလေ၊  နောင်တစ်ချိန်မှာ မင်းကို
တစ်ယောက်ယောက်က ဒီအကြောင်းကို
ပြောပြလိမ့်မယ်"

ကျွင်းလုံခန်းက တံ့ဆိုင်းသွားပြီး နောက်ဆုံးတွင်
ခေါင်းယမ်းလိုက်သည်။

ကျွင်းရှောင်ယောက်ကလည်း ကျွင်းလုံခန်းကို
အတင်းမပြောခိုင်းခဲ့ပေ။

ယခုအခါ ကျွင်းမိသားစု ရေပင်လယ်ကြီးစက
အလွန်နက်ရှိုင်းသကဲ့သို့ သူခံစားရသည်။

ဤသည်က ဘိုးဘေးဆယ့်ရှစ် ပြောခဲ့ဖူးသော
စကားကို ပြန်လည်အမှတ်ရလာစေသည်။

ကျောင်းရှောင်ယောက် အသက် ဆယ့်ရှစ်နှစ်
ပြည့်သောအခါ ဘိုးဘေးဆယ့်ရှစ်က ကျောင်းမိသားစုနှင့်
သူ့အဖေ၏ လျှို့ဝှက်ချက်အချို့ကို
ပြောပြပေလိမ့်မည်။

ကျောင်းမိသားစုရဲ့ လျှို့ဝှက်ချက်ဆိုတာ ဘာလဲ။

ယခုအခါ သူ၏ ကျောင်းမိသားစုအပေါ် နားလည်မှုက
အလွန်အားနည်းသေးပုံ ရသည်။

တစ်နည်းဆိုရသော် ကျောင်းမိသားစု၏
နောက်ခံကိုယ်တိုင်က စူးစမ်းလေ့လာရန်

အလွန်နက်နဲနေဆဲပင်။

'ဘိုးဘွားနဂါးသိုက်၊ ဖီးနစ်ဝိညာဉ်တောင်တန်း၊ စတဲ့ ရှေးဟောင်းတော်ဝင်မိသားစုတွေက ဘာကြောင့် ကျွင်းမိသားစုကို လွယ်လွယ်နဲ့ အင်အားမသုံးဝံ့ကြတာလဲဆိုတာကို ငါခန့်မှန်းလို့ရလာပြီ၊ ဒါက သူတို့တွေ အရမ်းကြောက်ကြရလို့ပဲ'

ကျွင်းရှောင်ယောက်က တွေးလိုက်သည်။

သို့သော်လည်း ကျွင်းရှောင်ယောက်ဟာ ကျွင်းမိသားစု၏ ငြိမ်းချမ်းရေးကာလက ကြာရှည်စွာ မတည်မြဲနိုင်ဟု ဝေဝါးဝါး ခံစားနေရလေသည်။

'ရှန်းကုကမ္ဘာကို ငါ့အတွက် ပြီးပြည့်စုံတဲ့ အခွင့်အလမ်းအဖြစ် ပြောင်းလဲရမယ်'

ကျွင်းရှောင်ယောက်၏ မျက်လုံးများက အရောင်လက်သွားသည်။

နောက်ပိုင်းကာလတွင် ကျွင်းရှောင်ယောက်လည်း ဆက်လက်လေ့ကျင့်နေခဲ့သည်။

အရာအားလုံးကတော့ ငြိမ်သက်သွားပေပြီ။

ထိုအချိန်၊ ကောင်းကင်ဧကရာဇ်နန်းတော်နှင့် မနီးမဝေးမှ အခြားခန်းမတစ်ခုတွင် ကျန်းလော့လီက လူသူလေးပါးကြည့်၍ လူတစ်ဦးနှင့် တွေ့ဆုံနေသည်။

ယင်းက သူ့ဝမ်းကွဲ ကျန်းရှီလင်းပင် ဖြစ်ချေသည်။

"ဝမ်းကွဲအစ်ကို၊ နင် တစ်ခုခု ယူလာသေးလား"

ကျန်းလော့လီက လေသံတိုးတိုးဖြင့် မေးသည်။

"ဝမ်းကွဲ၊ နင်ဒါကို ဘာဖြစ်လို့ လိုချင်တာလဲ"

ကျန်းရှီလင်းက ထူးဆန်းစွာဖြင့် ကြည့်လိုက်သည်။

အကြောင်းမှာ ကျန်းလော့လီက သူ့အား နွေဦးဆေးတစ်မျိုးကို မေးနေသောကြောင့်ပင် ဖြစ်သည်။

ဤဆေးမျိုးသည် မရှားပါးသော်လည်း ယောကျ်ားများသာ ဆောင်ယူလေ့ရှိ၏။

မိန်းကလေးတစ်ဦးက ဤဆေးမျိုးကို ဘာကြောင့် လိုချင်နေသနည်း။

"နင် အဲဒါကို မလေ့လာချင်ဘူးလား။ စိတ်မပူပါနဲ့၊ ပေးမှာသာ ပေးစမ်းပါ"

ကျန်းလော့လီက စိတ်အားထက်သန်စွာ ပြောဆိုနေပြီး သူမ၏ မြင်းမြီးဆံပင်များပင် ပွတက်လာသယောင် ရှိသည်။

ကျန်းရှီလင်းက ဆေးမှုန့်အထုတ်ငယ် တစ်ထုပ်ကို ထုတ်ကာ သတိပေးစကား ထပ်ဆိုလိုက်လေသည်။

"ဝမ်းကွဲညီမ၊ ဒါက ကျွင်းမိသားစုနော်၊ နင်အရမ်း မရှုပ်နဲ့ဦး။ နောက်ပြီး ဒီအရာက
အရမ်းအစွမ်းထက်တာ၊
သာမန်နတ်ဘုရားအဆင့်တွေတောင် အဲဒါကို ခုခံနိုင်မှာ မဟုတ်ဘူး"

"စိတ်မပူပါနဲ့"

ကျန်းလော့လီက ဆေးမှုန့်အထုပ်ကိုယူကာ

တက်ကြွစွာဖြင့် လှည့်ထွက်လာခဲ့သည်။

သူမက နှုတ်ခမ်းကို တင်းတင်းစေ့ထားရင်း တည်ကြည်လေးနက်သောမျက်နှာဖြင့် စိတ်ထဲမှ ရေရွတ်လိုက်သည်။

'အစ်ကိုရှောင်ယောက်မှာ မိန်းမလှတွေ ပိုများလာနေပြီ။ ငါနှောင့်နှေးလို့ မရတော့ဘူး၊ လော့လီက ထမင်းရဖို့ ဆန်စိမ်းလိုချင်နေပြီ'

--------

အခန်း ( ၂၉၈ ) မိမိကိုယ်ကို အနိုင်ယူခြင်း၊ ကျန်းစန်းယီ ရောက်လာပြီ။

ကောင်းကင်ဧကရာဇ်နန်းတော်တွင်၊ ကျွင်းရှောင်ယောက်က တင်ပျဉ်ခွေထိုင်ကာ လေ့ကျင့်နေသည်။

ဤတာအိုတရားဟောခြင်းက သူကိုယ်တိုင်အတွက် အလွန်အကျိုးရှိပေသည်။

သူ့လမ်းကြောင်းကလည်း ပို၍ ရှင်းသွားပုံရသည်။

'နတ်ဘုရားရဲ့မူလ၊ မူလဆိုတာ အစမှတ်ကို ကိုယ်စားပြုတယ်၊ အဲဒီနောက်မှာတော့ အပြောင်းအလဲတွေ ကျိန်းသေပေါက် ရှိလာခဲ့မှာ၊ ဖြစ်ကောင်းဖြစ်နိုင်တာက ဒါကိုသုံးပြီး ကျင့်စဉ်အသစ်တွေတောင် ဖန်တီးနိုင်လိမ့်မယ်'

ကျွင်းရှောင်ယောက်က တွေးလိုက်သည်။

ရွှေ့ပြောင်းလာသူတစ်ဦးအနေဖြင့် သူ့တွင် ကွဲပြားသော တွေးခေါ်မှု ရှိပြီး အခြားသူများနှင့် ကွဲပြားသော အမြင်မျိုး ရှိသည်။ သူသည် သဘာဝတရားနှင့် ဆန့်ကျင်နေသော တည်ရှိမှုဟု ဆိုလျှင်လည်း မမှားပေ။

အခြား ကျင့်ကြံသူများအတွက်မူ ကျင့်စဉ်အသစ် ဖန်တီးခြင်းကဲ့သို့သော အရာကို တွေးတောရန်ပင် မဖြစ်နိုင်ပါချေ။

အခြားကျင့်ကြံသူများ၏ စိတ်ထဲတွင် မိမိကိုယ်တိုင် ဖန်တီးထားသော ကျင့်စဉ်ဟုခေါ်သည့် အယူအဆ မရှိပါ။

သို့ရာတွင် ကျွင်းရှောင်ယောက်က ရှိသည်။

'ဒီကိစ္စမျိုးက သိပ်တော့ အရေးမကြီးပါဘူးလေ၊
အခုထိတော့ ငါ့ရဲ့အခြေခံအုတ်မြစ်က
အားနည်းလွန်းနေသေးတယ်'

ကျွင်းရှောင်ယောက်လည်း အလျင်လိုမနေဘဲ
ခေါင်းကို အနည်းငယ်ခါယမ်းလိုက်သည်။

ဤကိစ္စမျိုးမှာ ရှုးသွပ်ဖွယ်ဖြစ်ပြီး လက်ရှိသူ
ပြုလုပ်နိုင်သောအရာ မဟုတ်ပေ။

သို့ရာတွင် သူလုပ်နိုင်ပါက ခေတ်အဆက်ဆက်
သုံးနိုင်လိမ့်မည်ဟု ထင်ရသည်။

ထိုအချိန်တွင် ကျွင်းရှောင်ယောက်က ကျင့်ကြံခြင်း
ခေတ်သစ်တစ်ခုကိုပင် ဖွင့်လှစ်နိုင်ဖွယ် ရှိပေသည်။

ဟုတ်သည်၊ ဤအရာမျိုးက လက်ရှိ

ကျွင်းရှောင်ယောက်နှင့် အလှမ်းဝေးနေသေး၍
အလျင်လိုစရာ မဟုတ်ပါချေ။

ထမင်းစားလျှင်ပင် တစ်ကြိမ်ကို
တစ်လုပ်သာစားရမည်ဖြစ်ပြီး လမ်းကိုလည်း
တစ်လှမ်းပြီးမှတစ်လှမ်း
လျှောက်လှမ်းသွားရပေလိမ့်မည်။

ကျွင်းရှောင်ယောက်ဟာ တွေးနေရာမှ
တံခါးအပြင်ဘက်ကို လှမ်းကြည့်ပြီး ပြောလိုက်သည်။

"လာပါ၊ ရောက်လာမှတော့ ဘာလို့
ဝင်မလာသေးတာလဲ"

ကျွင်းရှောင်ယောက်၏ အသံကိုကြားလိုက်ရသည်နှင့်
တံခါးအပြင်ဘက်မှ သေးသွယ်သော
ခြေထောက်တိုတိုလေးတစ်စုံ ပေါ်လာသည်။ ယင်းက

ဖျတ်ဖျတ်လက်လက်ရှိကာ ချစ်စရာကောင်းသော ကျန်းလော့လီပင် ဖြစ်ချေသည်။

သူမက လက်နှစ်ဖက်စလုံးတွင် လက်ဖက်ရည်ခွက်နှစ်ခွက်ကို ကိုင်ထားပြီး အပြစ်ရှိဟန်ဖြင့် မဝံ့မရဲ တစ်ချက်ကြည့်လိုက်သည်။

"တစ်ခုခုမှားနေလို့လား"
ကျွင်းရှောင်ယောက်က တည်ငြိမ်စွာပြောသည်။

"အစ်ကိုရှောင်ယောက်၊ လော့လီက အစ်ကို လက်ဖက်ရည်သောက်ရတာ ကြိုက်မှန်း သိတယ်။ အဲတာကြောင့် နှစ်တစ်သိန်း သက်တမ်းရှိတဲ့ လက်ဖက်ရွက်နဲ့ နှင်းရေစက်က်ကနေ ချက်ထားတဲ့ လက်ဖက်ရည်ကို ယူလာပေးတာပါ။ အစ်ကိုရှောင်ယောက် သောက်ကြည့်ပါဦးလား"

ကျန်းလော့လီက လက်ဖက်ရည်ခွက်နှစ်ခွက်ကို စားပွဲပေါ်တင်လိုက်သည်။

ယခုအခါ သူမ၏ မျက်နှာလေးက အနည်းငယ် နီရဲရဲစပြုလာခဲ့ပေပြီ။

ကျွင်းရှောင်ယောက်လည်း ပေါ့ပေါ့ပါးပါး ပြုံးလိုက်မိသည်။

ဤမိန်းကလေးသည် တစ်ခါတစ်ရံ မိုက်မဲသလို ရှိသော်လည်း ဂရုစိုက်သင့်သည့်အခါတွင် အလွန်ဂရုစိုက်ဆဲ ဖြစ်သည်။

ကျွင်းရှောင်ယောက်ဟာ ဤကောင်မလေး၏စိတ်ကို နားလည်ထားပြီး ဖြစ်သော်လည်း ဤတစ်ခေါက် သူ၏စိတ်အတွေးများကိုတော့ နားမလည်တော့ပေ။

ကျွင်းရှောင်ယောက်က လက်ဖက်ရည်ခွက်ကို ကောက်ယူလိုက်ပြီး သူ့နှုတ်ခမ်းကို ဖြည်းညှင်းစွာ ကပ်လိုက်သည်။

ကျန်းလော့လီကတော့ ကျွင်းရှောင်ယောက်၏ လှုပ်ရှားမှုများကို မျက်ခြည်မပြတ် စောင့်ကြည့်နေသည်။ သူဟာ စိတ်လှုပ်ရှားစွာဖြင့် တံတွေးကို မျိုချလိုက်ပြီး ချွေးအနည်းငယ်ပင် စို့လာလေသည်။

ကျွင်းရှောင်ယောက်က ဆက်မသောက်သေးဘဲ ခေတ္တရပ်ကာ လှပစွာ မျက်နှာနီမြန်းနေသော ကျန်းလော့လီကိုကြည့်၍ ပြောလိုက်သည်။

"မင်း ပူနေတာလား"

"မဟုတ်ပါဘူး၊ ဒီနေ့ ရာသီဥတုက
အရမ်းသာယာတာပဲ၊ အဟီး"

ကျန်းလော့လီက ခေါင်းခါယမ်းပြီး ရယ်ကာ
ပြောလိုက်သည်။

"ငါတို့ ကျွင်းမိသားစုမှာ ဝက်ပါတွေရှိတယ်လေ၊
ဒါကြောင့် ဥတုသုံးပါးလုံး  အမြဲတမ်း နွေဦးလိုပါပဲ"

ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

"ဟုတ်... ဟုတ်လား၊ အင်း... ဟုတ်တယ်နော်"

ကျန်းလော့လီမှာ စိတ်မတည်ငြိမ်နိုင်ဘဲ
ကယောင်ခြောက်ခြား ဖြစ်နေသည်။

ကျွင်းရှောင်ယောက်လည်း ခေါင်းညိတ်ကာ
ကျန်းလော့လီကို တစ်ချက်ကြည့်ပြီး

လက်ဖက်ရည်အား သောက်မည်အပြုတွင်...

ထိုအချိန်တွင် ကျန်းရို့၏ အသံက တံခါးအပြင်ဘက်မှ ထွက်ပေါ်လာသည်။

"ရှောင်ယောက်ရေ၊ အမေ မင်းကိုပြောစရာရှိတယ်"

ကျန်းရို့က လှမ်းဝင်လာပြီးနောက် ကျန်းလော့လီကိုတွေ့သောအခါ ပြုံးလိုက်သည်။

"လော့လီ၊ မင်းလည်း ဒီကိုရောက်နေတာပဲ"

"အိ၊ အမေ... ဒါဆို အမေတို့ ပြောစရာရှိတာ ပြောကြပါ၊ လော့လီက အစ်ကိုရှောင်ယောက်နဲ့ ဘာမှမလုပ်ပါဘူး"

ကျန်းရို့ ရောက်လာသည်ကိုမြင်သောအခါ ကျန်းလော့လီက ပို၍ ရှက်ရွံ့လာပြီး ကြောက်ရွံ့နေသော ယုန်လေးတစ်ကောင်ကဲ့သို့

ချက်ချင်း ပြေးထွက်သွားတော့သည်။

အခန်းထဲမှာတော့ ကျန်းရို့နှင့် ကျွင်းရှောင်ယောက်သာ ကျန်ခဲ့သည်။

"ဒီကောင်မလေး"

ကျန်းရို့က ရယ်မောလိုက်ပြီး ကျွင်းရှောင်ယောက်ကို လှည့်ပြောလိုက်သည်။

"ရှောင်ယောက်၊ မင်း မလှုပ်ရှားသေးဘူးလား၊ အမေတော့ ဒီကောင်မလေးကို တအား သဘောကျတယ်"

ကျွင်းရှောင်ယောက်လည်း လက်ဖက်ရည်ခွက်ကိုပြန်ချကာ အကူညီမဲ့ဟန်ဖြင့် ပြောလိုက်လေသည်။

"အမေ၊ သားက ငယ်သေးတယ်၊ ဒါကြောင့်

ဒီလိုစိတ်ကူး မရှိသေးပါဘူး"

"ဆယ့်လေးနှစ်ဆိုတာ ငယ်တော့တဲ့အရွယ်မှ မဟုတ်တာသားရယ်၊ မြန်မြန် မြေးချီရအောင် ကြိုးစားစမ်းပါ"

ကျန်းရို့က ပြုံးကာ ပြောလိုက်သည်။

ကျွင်းရှောင်ယောက်လည်း ခါးသက်သက်ဖြင့် ပြုံးလိုက်လေသည်။

"ဒါထက် အမေသားကိုရှာနေတာ ဘာကိစ္စရှိလို့လဲ"

ကျွင်းရှောင်ယောက်က စကားလမ်းကြောင်း ပြောင်းလိုက်သည်။

ထိုအခါ ကျန်းရို့ မျက်နှာပေါ်၌ အပြုံးက

ပျောက်ကွယ်သွားပြီး ညှိုးငယ်မှုများဖြင့် အစားထိုးလာသည်။

"တကယ်တော့ အိမ်မှာ တစ်ခုခုဖြစ်နေပြီ၊ အဲတာ မင်းကို ပြောခဲ့သင့်တယ်"

ကျန်းရို့က ပြောလိုက်သည်။

'ကျွင်းမိသားစုကတော့ အခြေအနေကောင်းနေပုံရတယ် မဟုတ်လား'

ကျွင်းရှောင်ယောက်က တွေးလိုက်သည်။

လက်ရှိ ကျွင်းမိသားစုသည် မိသားစု တစ်ခုလုံး တည်ငြိမ်အေးချမ်းနေပြီး ပျော်ပွဲများပင် ဆင်နွှဲနေကြသည်။

သို့သော်လည်း ယင်းကို စဉ်းစားမိရာ ချက်ချင်း ပြောလိုက်သည်။

"အမေပြောတာ ကျန်းမိသားစုကိုလား"

ကျန်းရို့လည်း မျက်မှောင်ကြုတ်ကာ အနည်းငယ် ခေါင်းညိတ်ပြီး ပြောလိုက်သည်။

"ဟုတ်တယ်၊  မင်းအဘိုး ကျန်းတောက်ရှီ သိပ်ပြီး နေမကောင်းဘူး၊ သူသိပ်ပြီး ကြာကြာနေနိုင်မယ်လို့တောင် မထင်တော့ပါဘူး"

"အဖိုးလား..."

ကျွင်းရှောင်ယောက် တွေးလိုက်မိသည်။ သူသည် မွေးလာကတည်းက ကျန်းမိသားစုကို တစ်ခါမှ မရောက်ဖူးပေ။ သူ့အနေဖြင့် ကျန်းမိသားစုမှ ဆွေမျိုးများနှင့်ပင် မတွေ့ဖူးဘူးဟု ဆိုနိုင်သည်။

"မင်းအဖိုးက အစွမ်းထက်တဲ့ အဓိပမိ တန်ခိုးရှင်တစ်ဦးပါပဲ၊ ဒါကေမဲ့ အစောပိုင်းနှစ်တွေမှာ ကျန်းမိသားစုအတွက် တိုက်ပွဲဝင်ခဲ့ရတယ်။ ရှေးဟောင်းတော်ဝင်မိသားစုကို တိုက်ခိုက်တယ်၊ တားမြစ်နယ်မြေကို တိုက်ခိုက်တယ်၊ ရှေးဟောင်းသင်္ချိုင်းမြေကို ဖောက်ဖျက်ခဲ့တယ်၊ နောက်ဆုံးမှာတော့ ရောဂါကျွမ်းတဲ့အခြေအနေကို ရောက်သွားခဲ့တာပဲ"

ကျန်းရို့၏ မျက်လုံးများက အနည်းငယ်နီလာသည်။

ကျန်းရို့၏ဖခင်၊ ကျွင်းရှောင်ယောက်၏ အဖိုး ကျန်းတောက်ရှီက ဒဏ္ဍာရီလာ တန်ခိုးရှင်တစ်ဦး ဖြစ်သည်။

သူသည် ငယ်စဉ်အခါက ကျန်းမိသားစု၏ ပါရမီရှင် ဖြစ်ခဲ့ဖူးသည်။ နောက်ပိုင်း သူကြီးပြင်းလာသောအခါ ကျန်းမိသားစု၏ အဓိကလူဖြစ်လာပြီး နေရာတိုင်းတွင်

တိုက်ပွဲဝင်လာခဲ့ပေသည်။

သူသည် နောက်ပိုင်းတွင် အဓိပဓိနယ်ပယ်သို့ အောင်မြင်စွာ ချိုးဖြတ်ခဲ့ပြီး ကျန်းမိသားစု၏ အဓိကအမွေအနှစ် ဖြစ်လာခဲ့ရသည်။

သို့သော်လည်း တိုက်ပွဲများစွာ ရင်ဆိုင်ပြီးနောက် ရောဂါတစ်ခု စွဲကပ်လာခဲ့ရပေသည်။

မကြာသေးမီနှစ်များအတွင်း ကျန်းတောက်ရှီ၏ ရုပ်ပိုင်းဆိုင်ရာ အခြေအနေမှာ ပိုဆိုးလာသည်။

"ရှောင်ယောက်၊ မင်းရဲ့ ဆယ်နှစ်မြောက်မွေးနေ့ပွဲတုန်းကလည်း မင်းအဖိုးဟာ လာချင်ပေမယ့် သူ့ရုပ်ခန္ဓာ အခြေအနေကြောင့် မလာနိုင်ခဲ့ဘူး"

ကျန်းရို့က လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

"အဖိုးရဲ့ အမှောင်ရောဂါကို ကုသဖို့ နည်းလမ်းမရှိဘူးလား"
ကျွင်းရှောင်ယောက် မျက်မှောင်ကြုတ်လိုက်သည်။

ဤအဘိုးကို ယခုအချိန်အထိ မမြင်ဖူးသေးပေ။

သို့ရာတွင် သူတို့က
သွေးရင်းသားရင်းဖြစ်သောကြောင့် သဘာဝအတိုင်း
နှာစေးနေ၍ မရပါချေ။

"ဟင်း...ပြောဖို့ခက်တယ်"
ကျန်းရို့က သက်ပြင်းချလိုက်သည်။

ကျွှင်းရှောင်ယောက်လည်း စဉ်းစားလိုက်လေသည်။
ကျန်းမိသားစု၏ နောက်ခံဖြင့်ပင်
ကျန်းတောက်ရှီအတွက် ပြီးပြည့်စုံသော အဖြေကို
ရှာတွေ့ရန် ခက်ခဲနေပုံရပြီး သူ့အသက်ကိုရှည်အောင်
ထိန်းထားရုံသာဖြစ်နေပုံရသည်။

"ရှောင်ယောက်၊ ရက်အနည်းငယ်ကြာရင်
မင်းအဘိုးဆီ သွားလည်ဖို့ အမေနဲ့ လိုက်ခဲ့ပါ"
ကျန်းရို့က ပြောလိုက်သည်။

"ကောင်းပါပြီ"
ကျွှင်းရှောင်ယောက်လည်း ခေါင်းညိတ်လိုက်သည်။

ထို့နောက် ကျန်းရို့ ပြန်ထွက်သွားလေသည်။

ကျွင်းရှောင်ယောက်လည်း စိတ်ထဲမှ တွေးလိုက်သည်။

သူ့အဖိုး ကျန်းတောက်ရှီကို ကူညီသင့်သည်။

ထို့ပြင် ကျန်းတောက်ရှီက ကျန်းမိသားစု၏
မဏ္ဍိုင်တစ်ခုလည်း ဖြစ်သေးသည်။

ယင်းက ကျွင်းရှောင်ယောက် မြင်လိုသည့်အရာ
မဟုတ်ပေ။

ထို့ပြင်၊ သူက ကျန်းမိသားစုဝင် တစ်ပိုင်း ဖြစ်သည်။

'တစ်လှမ်းချင်း လျှောက်ကြတာပေါ့၊
အဘိုးကိုတွေ့ပြီးမှပဲ ကြည့်စီစဉ်မယ်'
ကျွင်းရှောင်ယောက်က စိတ်ထဲမှ တွေးလိုက်မိသည်။

ထိုအချိန်တွင် တံခါးအပြင်ဘက်မှ
ခြေသံများထွက်လာသည်။

ကျွင်းရှောင်ယောက်လည်း ကျန်းရို့ပဲဟုထင်ကာ
ပြန်လှည့်ကြည့်လိုက်၏။

ကြည့်လိုက်ပြီးနောက် ကျွင်းရှောင်ယောက်
အနည်းငယ် အံ့သြသွားမိသည်။

ရောက်လာသူက ကျန်းစန်းယီပင် ဖြစ်နေသည်။

ကျန်းစန်းယီ၏ မျက်နှာက အပြစ်ကင်းစင်သော
လနန်းတော်မှ နတ်သမီးကဲ့သို့ ကြည်လင်နေဆဲပင်။

"အမစန်းယီလား"

ကျွင်းရှောင်ယောက်ဟာ ကျန်းစန်းယီက
သူ့ဆီလာမည်ဟု မျှော်လင့်မထားခဲ့ပေ။

ကျန်းစန်းယီ၏ ယခင်သဘောထားအရ သူနှင့်
ဝေးကွာသွားသည့်ပုံ ရသည်။

ယခုအခါမှာတော့ ယခင်မှ တည်ငြိမ်မှုနှင့်
လျစ်လျူရှုခြင်းများ ဆုံးရှုံးသွားခဲ့ဟန်ဖြင့် သူမ၏
မျက်နှာအမူအရာမှာ အနည်းငယ်
လှုပ်ရှားနေပုံရလေသည်။

"အမစန်းယီ၊ လက်ဖက်ရည်သောက်ပါဦး"
အဆင်မပြေသောလေထုကို ဖြေလျှော့ရန်အတွက်
ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

သူကိုယ်တိုင်လည်းလည်း လက်ဖက်ရည်တစ်ခွက်ကို ကောက်ကိုင်လိုက်ကာ အနည်းငယ် သောက်လိုက်၏။

ကျန်းစန်းယီလည်း သူ့စိတ်ကို တည်ငြိမ်စေရန် လက်ဖက်ရည်ခွက်ကို ကောက်ယူ၍ တစ်ကျိုက်တည်း မော့သောက်လိုက်တော့သည်။

--------

အခန်း ( ၂၉၉ ) ကျန်းစန်းယီ၏ အမှန်တရား၊ အဆင်မပြေသော အနေအထား။

"အမစန်းယီ၊ တစ်ခုခု ပြောစရာရှိလို့လား"

ကျွင်းရှောင်ယောက်က မေးလိုက်သည်။

"အမကျန်းရှိ့က ကျန်းမိသားစုအကြောင်းကို
ပြောထားပြီးပြီ မဟုတ်လား"

ကျန်းစန်းယီက ပြောလိုက်သည်။

"ဟုတ်ပါတယ်၊ ရက်ပိုင်းအတွင်းမှာပဲ အဖိုးကို
သွားကြည့်ဖို့ ကျန်းမိသားစု အိမ်ကို ပြန်ဦးမယ်"

ကျွင်းရှောင်ယောက်က ခေါင်းညိတ်ကာ ပြောလိုက်၏။

ထို့နောက် နှစ်ယောက်သား စကားမဆက်ဖြစ်ဘဲ
တိတ်ဆိတ်သွားခဲ့သည်။

အတန်ကြာမှ ကျန်းစန်းယီက သူ့နှုတ်ခမ်းကို ကိုက်ကာ
ခပ်တိုးတိုး ပြောလိုက်လေသည်။

"လွန်ခဲ့တဲ့ ရက်အနည်းငယ်က

တာအိုတရားဟောပေးလို့ ကျေးဇူးတင်ပါတယ်၊
အဲဒါက ငါ့ကို အများကြီး လှုံ့ဆော်ပေးခဲ့တယ်"

ကျန်းစန်းယီသည် တာအိုသန္ဓေနှင့်
မွေးဖွားလာသူဖြစ်၍ တာအိုနှင့်များစွာ
လိုက်ဖက်သည်။

ထိုနေ့တွင် ကျွင်းရှောင်ယောက်၏ တာအိုတရားက
သူမအတွက် အမှန်ပင် အထောက်အကူ ဖြစ်ခဲ့သည်။

"အမစန်းယီ ဘယ်တုန်းက
ဒီလောက်ယဉ်ကျေးလာတာလဲ။ အခိပခိယွမ်ထျန်းရဲ့
လျှို့ဝှက်ရတနာသိုက်မှာ ရှိတုန်းကတောင် အမက
ကျွန်တော်နဲ့ စကားစမြည်ပြောပြီး ရယ်မောနေတုန်းပဲ၊
ဘယ်လို အကွာအဝေးမှ မရှိဘူး"

ကျွင်းရှောင်ယောက်က လျစ်လျူရှုစွာ

ပြောလိုက်သည်။

သူသည် မည်သည့်အမျိုးသမီးကိုမျှ ဆန္ဒမရှိသေး၍
ကျန်းစန်းယီနှင့်  ပတ်သက်၍လည်း
အပိုတွေးတောစရာ မရှိပါ။

သို့ရာတွင် သူ့အပေါ် ကျန်းစန်းယီ၏ သဘောထားက
ကျွင်းရှောင်ယောက်ကို  အနည်းငယ်
ထူးဆန်းသွားစေသည်။

ယခင်က ကျန်းစန်းယီသည် သူ့အပေါ်
အလွန်ကြင်နာသော သဘောထားရှိပြီး
မကြာခဏလည်း စကားစမြည်ပြောကာ ရယ်မောရင်း
လှပသော အပြုံးကို ပြသတတ်သည်။

ယင်းက ဘေးအိမ်မှ ကြင်နာပြီး နူးညံ့သိမ်မွေ့တဲ့

အမကြီးတစ်ယောက်လိုပင် ခံစားရလေသည်။

ယခုမူ ကျန်းစန်းယီက သူ့ကို တမင်တကာ ရှောင်နေရုံသာမကဘဲ ပြိုးခဲရယ်ခဲလှသည်။

"မဟုတ်... မဟုတ်ပါဘူး"

ကျန်းစန်းယီ၏ လှပသော မျက်နှာက အနည်းငယ် သဘာဝမကျသလို ဖြစ်သွားသည်။

"ရှောင်ယောက်က အမစန်းယီကို မုန်းတီးအောင်လုပ်ခဲ့မိတယ်ဆိုရင်လည်း ပွင့်ပွင့်လင်းလင်း ပြောလို့ရပါတယ်၊ ရှောင်ယောက် ဘယ်လိုမှ မထင်ပါဘူး"

ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

"မဟုတ်... မဟုတ်ပါဘူး၊ ငါက မင်းကို ဘယ်လို မုန်းနိုင်မှာလဲ"

ကျန်းစန်းယီက ကျွင်းရှောင်ယောက် နားလည်မှုလွဲမှာကို ကြောက်သွားသကဲ့သို့ ကမန်းကတန်း ပြန်ပြောလိုက်သည်။

"ဒါဆို အကြောင်းပြချက်က..."

ကျွင်းရှောင်ယောက် တုံ့ဆိုင်းသွားလေသည်။

ကျန်းစန်းယီလည်း ခေါင်းကို ငုံ့ထားရင်းမှ မျက်နှာအမူအရာများ ရှုပ်ထွေးနေသည်။

ကျွင်းရှောင်ယောက်ကို တကယ်မုန်းမိပါက ကျန်းစန်းယီအဖို့ သက်ပြင်းချနိုင်ပါဦးမည်။

သို့ရာတွင် ကံမကောင်းစွာပဲဖြင့် ကျန်းစန်းယီက
မုန်းတီးသည့်ထက် ပို၍ သဘောကျ
နှစ်သက်နေမိသည်။

သူက ကျွင်းရှောင်ယောက်၏
အဒေါ်သာဖြစ်လျှင်ပင်...

သို့ပေသော်ငြား သူတို့နှစ်ယောက်ကြားတွင်
သွေးရင်းသားရင်း ဆက်ဆံရေးက မရှိသလောက်ပင်
ဖြစ်သည်။

ဤလောက၌ သွေးသားဆွေမျိုးများကြား၌ပင်
အိမ်ထောင်ရေးရှိခြင်းများက သာမန်ကိစ္စသာ
ဖြစ်သည်။

သို့ရာတွင် ကျန်းစန်းယီအတွက်တော့

သူ့ခံစားချက်များကို ထုတ်ပြောဖို့ရာ ခက်လှသည်။

ထို့ပြင် ကျန်းမိသားစုက သူ့ကို ကျွင်းရှောင်ယောက်နှင့် ကျန်းလော့လီအား အဆင်ပြေကြရန် အောင်သွယ်လုပ်စေလိုနေသည်။

ကျန်းစန်းယီအနေဖြင့် ကျန်းလော့လီထံမှ လူတစ်ယောက်ကို မျက်နှာပျက်ခံပြီး မည်သို့ဆွဲထုတ်နိုင်မည်နည်း။

ယင်းကို သူမလက်မခံနိုင်ပေ။

သူ့ရှေ့က ကျွင်းရှောင်ယောက်၏ ပြီးပြည့်စုံစွာ ချောမောသော မျက်နှာကို မော့ကြည့်ရင်း ကျန်းစန်းယီ ဘာစကားမျှ ပြောမထွက်ခဲ့ပါချေ။

ကျွင်းရှောင်ယောက်လည်း ကျန်းစန်းယီ၏
စိတ်ခံစားချက်များကို သတိပြုမိပြီး
အံ့သြသွားခဲ့သည်။

ကျွင်းရှောင်ယောက်သည် တစ်ခါတစ်ရံ ရေခဲတုံးကဲ့သို့
ဖြောင့်မတ်စွာ ပြုမူသော်လည်း
အလွန်ဂရုစိုက်တတ်နေဆဲပင်။

မဟုတ်လျှင် ပိုင်ယုအာနှင့် ဝူမင်ယွဲ့ကဲ့သို့
မိန်းကလေးများနှင့် ကစားဖို့ရာ မဖြစ်နိုင်ပါချေ။

'မဟုတ်ဘူး မဟုတ်လား'

ဤဖြစ်နိုင်ခြေကို တွေးပြီးသောအခါ
ကျွင်းရှောင်ယောက် အနည်းငယ် အံ့သြသွားမိသည်။

ထိုအခိုက်တွင်၊ ကျွင်းရှောင်ယောက်ဟာ သူ့ခန္ဓာကိုယ်မှ အပူစီးကြောင်းများ ရုတ်တရက် ထွက်ပေါ်လာသည်ကို သတိပြုလိုက်မိသည်။ သူ့ဝမ်းဗိုက်အောက်ပိုင်းမှလည်း ဖော်မပြတတ်သော မီးတောက်တစ်ခု ထွက်ပေါ်လာပုံ ရ၏။

"ဒါက..."

ကျွင်းရှောင်ယောက်၏ အမူအရာက အနည်းငယ် ပြောင်းလဲသွားသည်။

တစ်ချိန်တည်းမှာပင်၊ ကျန်းစန်းယီလည်း တစ်ခုခုမှားနေတာကို သတိပြုမိသွား၏။

သူ့တကိုယ်လုံး ရုတ်တရက် ထူပူလာပြီး သွေးကြောများထဲမှာလည်း မီးတောက်များ

စီးဆင်းနေပုံရသည်။

ကြောက်မက်ဖွယ်ကောင်းသော အပူရှိန်ကြောင့် ကျန်းစန်းယီဟာ သူ့အဝတ်အစားများကိုပင် ချွတ်ချင်လာသည်။

"ဒါ... ငါဘာတွေဖြစ်နေတာလဲ"

ကျန်းစန်းယီ ခဏအကြာ စိတ်ရှုပ်ထွေးသွားပြီး အနည်းငယ် မူးဝေလာသည်။ သူမ၏ ဖြူနုသော မျက်နှာလေးကလည်း ပန်းနုရောင် သန်းလာခဲ့ပေပြီ။

ကျွင်းရှောင်ယောက်ကို တစ်ဖန်ပြန်ကြည့်ပြီးနောက် ပေါင်းစည်းလိုသော ခံစားချက်များက သူမ၏ နှလုံးသားထဲတွင် တဟုန်ထိုး ထွက်ပေါ်လာသည်။

ဤအရာက ကျန်းစန်းယီကို အနည်းငယ်

စိတ်ရှုပ်ထွေးသွားစေသည်။

'ဒါက လက်ဖက်ရည်ကြောင့် ဖြစ်နိုင်မလား'

ယခုအချိန်တွင် ကျွင်းရှောင်ယောက် တွေးနိုင်သည့် တစ်ခုတည်းသော ဖြစ်နိုင်ချေမှာ ဤလက်ဖက်ရည်နှစ်ခွက်ပင် ဖြစ်သည်။

ဤလက်ဖက်ခြောက်တွင် အမည်မသိသော ဆေးအချို့ ရှိရပေလိမ့်မည်။

'ကျန်းလော့လီ၊ အဲဒီကောင်မလေး...'

ကျွင်းရှောင်ယောက် စိတ်ထဲမှ တွေးလိုက်သည်။

ယခုအခါ အစောပိုင်းက ကျန်းလော့လီကို အဘယ်ကြောင့် အပြစ်ရှိပုံပေါက်နေကြောင်း

သူနားလည်သွားပြီ။

ထိုအချိန်ကတော့ ကျွင်းရှောင်ယောက်ဟာ သိပ်ပြီး မစဉ်းစားခဲ့ပေ။

ယခုမှသာ ဤမိန်းကလေးက သူ့အကြောင်း အန္တရာယ်များသော အတွေးများ ရှိနေပုံရသည်။

'မိုက်မဲလိုက်တာကွာ'

ကျွင်းရှောင်ယောက်လည်း တိတ်တဆိတ် ဆူပူကြိမ်းမောင်းလိုက်သည်။

ကျွင်းရှောင်ယောက်က အနည်းငယ်သာ သောက်မိသောကြောင့် ပြဿနာသိပ်မရှိပေ။

သို့ရာတွင် ကျန်းစန်းယီက
လက်ဖက်ရည်တစ်ခွက်လုံးကို သောက်လိုက်ပြီ
ဖြစ်သည်။

"အမစန်းယီ၊ တစ်ခုခုဖြစ်"
ကျွင်းရှောင်ယောက်က ပြောလိုက်တော့မည့်
အချိန်တွင်...

မွှေးပျံ့ကာ နူးညံ့သော ခန္ဓာကိုယ်လေးက
သူ့ရင်ခွင်ထဲသို့ တိုးဝင်လာသည်။

ကျန်းစန်းယီကို သူကြည့်လိုက်တော့ သူမ၏
မျက်လုံးများကို မှိတ်ထားသည်။ သူမ၏
နူးညံ့ချိုအီပုံရသော ချယ်ရီသီး နှုတ်ခမ်းအစုံကား
အနည်းငယ် ပွင့်ဟနေ၏။ နှစ်ယောက်ကြားမှ
အကွာအဝေးက နီးကပ်လွန်းရာ သူ့ထံမှ ပူနွေးသော

ဝင်လေ၊ ထွက်လေကိုပင် ခံစားနေရသည်။

"ရှောင်ယောက်… တစ်ခုခုမှားနေပြီ…"
ကျန်းစန်းယီက ပူပြင်းစွာဖြင့် ပြောလိုက်သည်။

"အမစန်းယီ၊ ဒါကို မင်းရဲ့စွမ်းအင်နဲ့ ဖိနှိပ်နိုင်မလား"
ကျွင်းရှောင်ယောက် အနည်းငယ်
အကူအညီမဲ့သွားသည်။

သူက စွမ်းအင်ဖြင့် နှိမ်ချင်သော်လည်း ဖိနှိပ်ရန်
ခက်ခဲနေလေသည်။

သူက လက်ဖက်ရည် အနည်းငယ်သာ သောက်ခဲ့၍
အဆင်ပြေသေးပြီး တည်ငြိမ်မှုရှိနိုင်သည်။

သို့ရာတွင် ကျန်းစန်းယီကတော့ မတူတော့ပါ။

သူမက မိန်းကလေးတစ်ဦးလည်းဖြစ်ပေရာ ခံနိုင်ရည်နည်းလှသည်။

အရေးကြီးဆုံးကတော့ ပစ်မှတ်က ကျွင်းရှောင်ယောက် ဖြစ်နေခဲ့ခြင်းပင်။

အကယ်၍ အခြားလူတစ်ဦးဆိုလျှင် ကျန်းစန်းယီက ဆေးမိလျှင်ပင် သတိကို ထိန်းသိမ်းထားဦးမည် ဖြစ်သည်။

သို့ရာတွင် ကျွင်းရှောင်ယောက်နှင့် ရင်ဆိုင်ရချိန်မှာတော့  သူ့နှလုံးသားထဲမှာ ရုန်းကန်မှုများနှင့် တုံ့ဆိုင်းမှုများ ရှိလာခဲ့ချေပြီ။

ဤဆေးသည် ဖျူးနှင့် ပိုတူပြီး
ကျန်းစန်းယီနှလုံးသားတွင်း၌ နစ်မြုပ်နေသော
ခံစားချက်များကို လောင်ကျွမ်းစေသည်။

"ရှောင်ယောက်၊ မင်း အောက်ကမ္ဘာကိုသွားတော့
မင်းအကြောင်းကိုပဲ ငါအမြဲတွေးနေခဲ့တာပါ၊ ဒါပေမဲ့
လော့လီက ထွက်လာတဲ့အတွက် ငါမလိုက်နိုင်ခဲ့ဘူး"

"ဘာကြောင့်လဲဆိုတာတော့ ငါမသိပါဘူး၊ ဒါက
ငါ့ရဲ့တာအိုသန္ဓေသားနဲ့
ရှေးဟောင်းမြင့်မြတ်ခန္ဓာကြားက
ပဲ့တင်ထပ်နေတာကြောင့် ဒါမှမဟုတ်
တခြားကြောင့်လည်း ဖြစ်နိုင်တယ်"

"ဒီအတွက် ငါမင်းကို ဘယ်လိုရင်ဆိုင်ရမှန်း

မသိခဲ့ဘူး..."

"ငါတို့ကြားက အကွာအဝေးကို ထိန်းထားနိုင်ရင် ဖြည်းဖြည်းချင်း အဆင်ပြေသွားမယ်လို့ ငါထင်တယ်"

"ဒါပေမဲ့လည်း ငါလက်မလွှတ်နိုင်သေးဘူး၊ ဒါကြောင့် မင်းဆီကို ငါလာခဲ့တာ..."

ပြောရင်းဖြင့် ကျန်းစန်းယီ၏ နူးညံ့သော ခန္ဓာကိုယ်ဟာ ကျွင်းရှောင်ယောက်နှင့် အလွန်နီးကပ်လာသည်။ ထို့နောက် သွယ်လျသော လက်တစ်စုံကို ဆန့်ထုတ်ကာ ကျွင်းရှောင်ယောက် လည်ပင်းကို ပွေ့ဖက်လိုက်၏။

ကျွင်းရှောင်ယောက်သည် အသက်ဆယ့်လေးနှစ်သာ ရှိသေးသော်လည်း အရပ်အမောင်း မြင့်မားသည်။

ကျန်းစန်းယီကိုယ်တိုင်က အရပ်ရှည်သူဖြစ်သော်လည်း ကျွင်းရှောင်ယောက် အရှေ့တွင် အနည်းငယ် နိမ့်ကျသေးသည်။

"အမစန်းယီ၊ မင်း..."

ကျွင်းရှောင်ယောက် လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့သည်။

သူက သူတော်စင်မဟုတ်သလို ဘုန်းကြီးလည်းမဟုတ်ပေ။

ဖြတ်ကျော် ကူးပြောင်းလာသူအနေဖြင့် သူ့ခန္ဓာက ဆယ့်လေးနှစ်သာ ရှိသေးသော်လည်း စိတ်ကတော့ လူကြီးတစ်ဦး ဖြစ်နေခဲ့ပေပြီ။

သို့သော်လည်း ကျွင်းရှောင်ယောက်တွင်
ကိုယ်ပိုင်မှုများရှိပြီး ဦးနှောက်မဲ့သူ မဟုတ်ပါ။

မဟုတ်ပါက ကျွင်းရှောင်ယောက်၏ အနေအထားဖြင့်
ထောင်ချီသော မိန်းမလှများကို အလွယ်တကူ
ရနိုင်ပေလိမ့်မည်။

ထို့ပြင် ကျွင်းရှောင်ယောက်၏ ခန္ဓာကိုယ်ကို
မလိုချင်သော မိန်းကလေး မရှိဘဲနေခဲ့လို့လား။

ပိုင်ယုအာ၊ ဝူမင်ယွဲ့၊ စုဇီချို…

သို့သော်လည်း ကျွင်းရှောင်ယောက်ကတော့ ၎င်းတို့ကို
အလေးအနက် မထားခဲ့ပေ။

ကျွင်းရှောင်ယောက်၏ ပထမဆုံးအကြိမ်ကို
ဘယ်မိန်းကလေးကမှ မရသေးပေ။

ကျွင်းရှောင်ယောက်ကလည်း ထိုအကြောင်းများကို
မတွေးလိုသေးပါ။

သို့ရာတွင် လက်ရှိအခြေအနေက
ကျွင်းရှောင်ယောက်ကို  အနည်းငယ်
ရှက်ရွံ့လာစေသည်။

ကျန်းစန်းယီက သူ၏ အမည်ခံအဒေါ်သာ ဖြစ်သည်။

ယခုအချိန်တွင် သူက ဆေးစွမ်းအားများကို
ချိုးနှိမ်ထားနိုင်သည်။

သို့သော်လည်း ကျန်းစန်းယီမှာ မတတ်နိုင်တော့ဘဲ နှလုံးသားမှ ပူလောင်လာခဲ့ပြီ။

သူသည် နဂိုကမှ ကျွင်းရှောင်ယောက်ကို ချစ်မြတ်နိုးနေသူဖြစ်ရာ ဆေးစွမ်းအားဖြင့် လှုံ့ဆော်ခံရပြီးနောက် ခုခံရန် ပို၍ပင် မဖြစ်နိုင်တော့ပေ။

ကျန်းစန်းယီ၏ မျက်လုံးများက မှုန်ဝါးလာသည်။ ထို့နောက်တော့ ခြေဖျားထောက်ကာ သူမ၏ အနီရဲရဲ နှုတ်ခမ်းများကို ကျွင်းရှောင်ယောက်၏ နှုတ်ခမ်းပေါ်သို့ ဖိကပ်လိုက်တော့သည်။

'ငါပဲ ဘာဖြစ်လို့ အမြဲတမ်း အတင်းအကြပ် ဖြစ်နေရတာလဲ'

ကျွင်းရှောင်ယောက် စိတ်ထဲမှ တွေးလိုက်မိသည်။

ယခင်ကလည်း ကျန်းလော့လီသည် သူ့ကို ပြင်းပြင်းထန်ထန် နမ်းခဲ့ဖူးသော်လည်း ယခုအခါ ကျန်းစန်းယီနှင့် အစားထိုးလိုက်ပြီ ဖြစ်သည်။

--------

အခန်း ( ၃၀၀ ) ငါက ဘာမှမလုပ်ခဲ့ဘူးဆိုတာ အသိသာကြီးပဲလေ၊ အခု ငါက နှလုံးသားမဲ့သလို ဘာလို့ ခံစားရတာလဲ။

ကျွင်းရှောင်ယောက်က မည်သည့်မိန်းမနှင့်မျှ ရင်းနှီးရန် အစပြုခြင်းမရှိပေ။

အကြောင်းမှာ သူ့ကို စိတ်ဝင်စားစေနိုင်သူအား မတွေ့သေးသောကြောင့်ပင် ဖြစ်သည်။

အပြင်လူများ၏အမြင်တွင် ကျွင်းရှောင်ယောက်က အမျိုးသမီးတိုင်း မျှော်လင့်ရှိသော မျှော်လင့်နိုင်သည့် အေးမြသော အဖြူရောင်လ ဖြစ်သည်။

ယခုမူ ဖြူစင်သော သူ့ကို အတင်းအဓမ္မနမ်းခြင်း ခံနေရပေပြီ။

အတင်းအကြပ် နမ်းခြင်း သာမကဘဲ ဤအခြေအနေက ဘလာ ဘလာ...

ဟုတ်သည်၊ ဤစကားလုံးများဖြင့်ပင် နားလည်ကြပေမည်။

ကျွင်းရှောင်ယောက်က လှုပ်ရှားသွားသော်လည်း
ကျန်းစန်းယီကို ဖယ်ခွာပေးလိုက်ဆဲ ဖြစ်သည်။

ယခုအချိန်တွင် ကျန်းစန်းယီ၏ လှပသော
မျက်လုံးများက ဝေဝါးနေပြီး
တည်ငြိမ်ခြင်းမရှိတော့ပေ။

သူမ၏ နှင်းဖြူဝတ်စုံမှာလည်း အနည်းငယ်
ဖရိုဖရဲဖြစ်လာသည်။

သူမသည် ဖြူစင်သော နတ်သမီးလေးအဖြစ်မှ
ဆွဲဆောင်မှုရှိသော မိစ္ဆာမလေးအသွင်
ပြောင်းလဲသွားပုံရလေသည်။

သန့်စင်သောနတ်သမီးမှ စွဲမက်ဖွယ်ကောင်းသော

မိစ္ဆာမလေးအဖြစ်သို့ အသွင်ပြောင်းခြင်းသည်
မည်သူမဆို အသိစိတ် ဆုံးရှုံးစေပြီး ရူးသွပ်သွားစေရန်
လုံးဝလုံလောက်သည်။

ထို့ပြင် ကျန်းစန်းယီကိုယ်တိုင်ကလည်း
အလွန်တက်ကြွ၏။

သို့သော် ကျွင်းရှောင်ယောက်က စိတ်ကို
ထိန်းချုပ်ထားဆဲပင်။

ယခုအချိန်တွင် သူ့စိတ်က
မငြိမ်မသက်ဖြစ်နေသော်လည်း ဤအတိုင်း
စီးမျောလိုက်လျှင် ဘာဖြစ်သွားနိုင်မှန်း သူသိသည်။

သို့ဆိုလျှင် ကျန်းစန်းယီ နိုးလာပြီးနောက် မည်သို့
ရင်ဆိုင်ရမည်နည်း။

ကျွင်းရှောင်ယောက်က တစ်ခါတစ်ရံတွင်
နှလုံးသားမရှိသော်လည်း ရန်သူများနှင့်
အသုံးချခံများအပေါ်တွင်သာ ဖြစ်သည်။

ကျန်းစန်းယီကတော့ ကျန်းမိသားစုဝင်တစ်ဦးဖြစ်ပြီး
သူနှင့် ရင်းနှီးသူဖြစ်သောကြောင့်
ဤအခြေမနေမျိုးဖြင့် မပြစ်မှားချင်ပေ။

သို့ရာတွင် ကျန်းစန်းယီ၏ ချစ်မြတ်နိုးမှုကတော့
သူကိုယ်တိုင် မျှော်လင့်မထားသော အရာဖြစ်သည်။

'ဒါက တာအိုသန္ဓေသား ခန္ဓာကိုယ်နဲ့
ရှေးဟောင်းမြင့်မြတ်ခန္ဓာရဲ့ ပတ်သက်မှုကြောင့်ပဲလား'
ကျွင်းရှောင်ယောက်လည်း ဒါကိုသာ
အပြစ်တင်နိုင်သည်။

"ရှောင်ယောက်..."

ကျန်းစန်းယီ၏ မျက်နှာက နီမြန်းနေပြီး သူ့အသံကလည်း ချွဲနွဲ့ကာ ချိုမြိန်သည်။ ယင်းကို ဖရိုဖရဲဖြစ်နေသော အဝတ်အစားများအောက်မှ နှင်းဖြူအသားရေ တစွန်းတစကို ပေါင်းစပ်လိုက်လျှင်... ခံနိုင်ရည်ရှိမည့် ယောကျ်ားဟူ၍ ရှိဦးမည်ပင် မထင်ပေ။

'ဒီကောင်မလေး လောဲ့လီ၊ နောက်တစ်ခါတွေ့မှ ပြင်းပြင်းထန်ထန် ရိုက်ရမယ်'

ကျွင်းရှောင်ယောက် သက်ပြင်းချလိုက်သည်။

နောက်ပိုင်းတွင်၊ ကျွင်းရှောင်ယောက်က သူ့ကိုယ်ပိုင်ဆေးအစွမ်းကို ဖိနှိပ်ရင်း ကျန်းစန်းယီကိုလည်း ကူညီဖိနှိပ်ပေးခဲ့သည်။

ကံကောင်းထောက်မစွာဖြင့် အဆုံးတွင်
ဘာမှမမှားခဲ့ပါချေ။

ထိုမိန်းကလေး ကျန်းလော့လီကတော့ အပြစ်ရှိသော
ရှက်စိတ်ကြောင့် ကောင်းကင်ဧကရာဇ်နန်းတော်မှ
ပြန်ပြေးသွားသည်မှာ ကြာခဲ့ပြီ ဖြစ်သည်။

ဤအကျိုးသက်ရောက်မှုက အချိန်အတော်ပင်
ကြာမြင့်ခဲ့ပေသည်။

ကျန်းရှီလင်း၏ စကားများက လိမ်ညာခြင်း
မဟုတ်ပါ။ ဤဆေးစွမ်းအားက အမှန်ပင်
ပြင်းထန်လွန်းလှသည်။

အချိန်အတော်ကြာမှ ကျန်းစန်းယီ

သတိပြန်ဝင်လာခဲ့လေသည်။ သူမ၏ နဖူးကြောများကတော့ တွန့်ကွေးနေပြီး ဝေဒနာတစ်ခု ရှိနေသေးပုံရသည်။

သူက သူမ၏ နဖူးကို လက်နှင့် ခပ်ဖွဖွပွတ်ကာ ဖြစ်ပျက်ခဲ့သည်များကို ပြန်တွေးနေစဉ်... နွေးထွေးသော အသံကို ကြားလိုက်ရသည်။

"အမစန်းယီ၊ နိုးပြီလား"

ကျန်းစန်းယီ ကြည့်လိုက်သောအခါ အေးဆေးတည်ငြိမ်စွာ ထိုင်နေသော ကျွင်းရှောင်ယောက်ကို မြင်လိုက်ရ၏။

"ရှောင်ယောက်၊ ငါဘယ်လိုဖြစ်သွားတာလဲ..." ကျန်းစန်းယီက မျက်မှောင်ကြုတ်ပြီး

ပြန်စဉ်းစားလိုက်သည်။

နောက်တော့ အမှတ်ရစရာများဟာ ပြန်ပေါ်လာခဲ့၏။

သူမက ချိုမြိန်သောအနမ်းဖြင့် အစပြုခဲ့ပြီး
ကျွင်းရှောင်ယောက်ကိုလည်း
တွန်းအားပေးလိုခဲ့ပေသည်။

"ဘယ်လို...ဘယ်လိုဖြစ်ရတာလဲ..."

ကျန်းစန်းယီလည်း မိုးကြိုးပစ်ခွင်းသကဲ့သို့ နေရာတွင်
အေးခဲသွားကာ မျက်နှာတစ်ခုလုံး စက္ကူကဲ့သို့
ဖြူဖျော့သွားခဲ့သည်။

ဒီလိုမျိုးကို သူမက မည်သို့ လုပ်နိုင်ခဲ့သနည်း။

အစိပ်ပွါယ်မရှိပေ။

ယင်းက ရယ်စရာကောင်းလှသည်။

"အစ်မစန်းယီ၊ နားလည်မှုလွဲတာပါ…"

ကျွင်းရှောင်ယောက်က ရှင်းပြလိုသော်လည်း မည်သို့ ရှင်းပြရမှန်း မသိပေ။

ကောင်မစုတ်လေး ကျန်းလော့လီက လက်ဖက်ရည်ထဲမှာ ဆေးထည့်ထားသည်ဟု သူပြော၍မရပေ။

ရလဒ်အနေဖြင့် ဤသည်မှာ အမှားတစ်ခုဖြစ်သော်လည်း ကျန်းစန်းယီ၏ အနီးဦးအား ရရှိခဲ့ရသည်။

ဤဇာတ်ကွက်က အလွန်မိုက်ပြီး
ကျွင်းရှောင်ယောက်ကိုပင် ကျော်ဖြတ်ခဲ့လေသည်။

"မပြောနဲ့၊ မင်း အဲဒီစကားတွေကို ကြားသွားပြီ..."

ကျန်းစန်းယီ၏ မျက်နှာက ရှက်ရွံ့မှုကြောင့် နီရဲကာ
နားရွက်လေးများပင် ရဲတွတ်လာသည်။

သူမရည်ညွှန်းသော စကားလုံးများကတော့
သဘာဝအတိုင်း ဖွင့်ဟ ဝန်ခံခြင်းကဲ့သို့သော
စကားလုံးများပင် ဖြစ်သည်။

ကျွင်းရှောင်ယောက်လည်း အနည်းငယ်
တိတ်ဆိတ်နေပြီးနောက် ခေါင်းညိတ်လိုက်လေသည်။

"မေ့လိုက်ပါ ရှောင်ယောက်၊ ဒီစကားတွေကို မေ့လိုက်ပါ"

ကျန်းစန်းယီကထရပ်ပြီး ချက်ချင်းထွက်သွားရန် ဟန်ပြင်လိုက်သည်။

ကျွင်းရှောင်ယောက်က အနည်းငယ် မော့ကြည့်ပြီး ပြောလိုက်လေသည်။

"ဒါပေမဲ့ အဲဒါကို ကျွန်တော် သဘောကျပါတယ်၊ ဒါက အမိပမိယွမ်ထျန်း ရတနာသိုက်ထဲက နူးညံ့သိမ်မွေ့ပြီး ဖော်ရွေတဲ့ အမစန်းယီနဲ့ ပြန်ပြီး စကားပြောနေရသလို ခံစားရတယ်"

ထိုစကား၌ ကျန်းစန်းယီ၏ခြေလှမ်းများ ရပ်တန့်သွားကာ  ကြည်လင်ပြတ်သားသော မျက်လုံးများတွင်လည်း အလင်းရောင်တချို့ ပေါ်လာသည်။

သူမ ဆက်နေရမလား၊ ထွက်သွားရမှာလား။

'ဟင်း၊ ဒီလို ဇာတ်ကွက်မျိုးက ငါ့အတွက် တကယ်ဖြစ်လာလိမ့်မယ်လို့ တခါမှ တွေးမထားခဲ့ဘူး၊ ဒီလိုမျိုးထက်  မင်းသမီးလုံကျိ ဆယ်ယောက်ကိုပဲ ငါ ရင်ဆိုင်လိုက်ချင်တယ်'

ကျွင်းရှောင်ယောက် အမှန်ပင် ခေါင်းကိုက်နေခဲ့သည်။

ဟုတ်ပေသည်၊ ယောက်ျားနှင့် မိန်းမကြားမှ ဆက်ဆံရေးနှင့်ပတ်သက်လာလျှင် ကျွင်းရှောင်ယောက်က အလွန်ဟတိထားပြီး ပေါ့ပေါ့တန်တန် ဘာမှကတိမပေးပေ။ ယင်းက နှစ်ဦးလုံး၏ တစ်ဘဝလုံးစာနှင့် ပတ်သက်သောအရာ ဖြစ်သည်။

ထိုအတွက် ယခုအချိန်ထိတော့ သူဟာ
ခံစားချက်မရှိသော လေ့ကျင့်ရေးစက်သာ
ဖြစ်ချင်သည်။

သားသမီးများနှင့် မိသားစု၏ ချစ်ခြင်းမေတ္တာက
သူ၏တိုးတက်မှုကို နှောင့်နှေးစေလိမ့်မည်။

သို့ရာတွင် ကျန်းစန်းယီ၏ ရုပ်ဆင်းသွင်ပြင်၊
အရည်အချင်း၊ ခွန်အားနှင့် အဆင့်အတန်းက
အင်မော်တယ်နယ်မြေကြီးတစ်ခုလုံးတွင်
သူမနှင့်နှိုင်းယှဉ်နိုင်သော အမျိုးသမီး များစွာ မရှိပေ။

ထို့ပြင် ဤသည်က ရုတ်တရက် ဖြစ်သွားခြင်း
ဖြစ်သည်။ ကျွင်းရှောင်ယောက်လည်း
ကိုယ့်ကိုယ်ကိုယ် မထိန်းချုပ်နိုင်ခဲ့ပေ။

ထို့ထက် ကျန်းစန်းယီ၏ အထောက်အထားမှာ သူ၏ ဒေါ်လေးဖြစ်နေခြင်းက...

အဟာမျိုး... အဟာမျိုး။

ဂျင်းတို့သည် သွေးသားရင်း မဟုတ်သော်လည်း အနည်းငယ် ထိလွယ်ရှလွယ် ရှိနေပါသေးသည်။

တစ်ဖက်တွင်၊ ကျန်းလော့လီက ကောင်းကင်ဧကရာဇ်နန်းတော်မှ လှုပ်ရှားမှုမရှိခြင်းကြောင့် လှုပ်လှုပ်ရှားရှား ဖြစ်နေသည်။

'ငါ့ဝမ်းကွဲက ပေးလိုက်တဲ့ဆေးက အလုပ်မဖြစ်လို့လား၊ ဒါမှမဟုတ် အစ်ကိုရှောင်ယောက်က မသောက်လိုက်လို့လား"

မယူခဲ့ဘူးလား'
ကျန်းလော့လီ အနည်းငယ် မျက်လုံးဝိုင်းသွားသည်။

ရိုးရိုးသားသားပြောရလျှင် သူမ
အနည်းငယ်ရှက်သွားသည်။

မူလကတော့ သူဟာ ဘာမျှမတွေးခဲ့မိပေ။

ကျွင်းရှောင်ယောက်၏ အနားတွင် ရန်ချင်းယင်ကဲ့သို့
မိန်းမလှများစွာ ရှိနေခြင်းကြောင့် စိုးရိမ်ခဲ့ရသည်။

ယင်းက ကျန်းလော့လီကို အမှန်ပင် မလုံခြုံသလို
ခံစားရစေသည်။

ယခု သူမ အသိပြန်ဝင်လာသောအခါမှ သူမ

အဆင်သင့်မဖြစ်သေးတာကို သိခဲ့ရလေသည်။

သူမက ဤအကြောင်းများကို ဘာမျှ မသိသေးပါ။

အောက်ကမ္ဘာတွင် ရှောင်မိုရှန်းက ကျွင်းရှောင်ယောက်ကို စနောက်နိုင်သော်လည်း သူမ ဘာမျှ မသိခဲ့ပါချေ။

'ထားပါ၊ ငါနည်းနည်း ကြီးပျင်းလာမှပဲ အစ်ကိုရှောင်ယောက်နဲ့ ထမင်းချက်စားမယ်' ကျန်းလော့လီက သူ့ကိုယ်သူ နှစ်သိမ့်လိုက်သည်။

ဤသို့ဖြင့် ရက်အနည်းငယ်ကြာသွားခဲ့လေသည်။

လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်း၊

ကျွင်းရှောင်ယောက်သည် ကျန်းလော့လီအား
သွားတွေ့ခဲ့သည်။

ကျန်းလော့လီကလည်း နာခံမှုရှိပြီး
အမြန်ဝန်ခံခဲ့လေသည်။

ထိုအခါ ကျွင်းရှောင်ယောက်က သူမ၏ တင်ပါးကို
လက်ဖြင့်ရိုက်ကာ ဆုံးမလွှတ်လိုက်သည်။

သို့သော်လည်း ကျန်းစန်းယီ အကြောင်းကိုတော့
ဘာမျှ မပြောခဲ့ပါချေ။

ကျန်းလော့လီနှင့် ကျန်းစန်းယီက
ညီအစ်မများကဲ့သို့ပင် ရင်းနှီးသည်။

ဤအကြောင်းများသာ သိကုန်ပါက အဆုံးတွင် မည်ကဲ့သို့ ဖြစ်လာမည်ကို ဘုရားမှသာ သိနိုင်ပေလိမ့်မည်။

သည့်ထက် ပိုခက်ခဲသည်များပင် ဖြစ်လာနိုင်သည်။

ထိုကဲ့သို့ မလိုအပ်သော ပြဿနာများကို ရှောင်ရှားရန် ကျွင်းရှောင်ယောက်က ပြောမပြခဲ့ပေ။

ယင်းက ကျွင်းရှောင်ယောက်နှင့် ကျန်းစန်းယီကြားမှ လျှို့ဝှက်ချက်တစ်ခု ဖြစ်သည်။

ထို့နောက် ကျွင်းရှောင်ယောက်သည် ခရီးထွက်ရန် အသင့်ပြင်ပြီး ကျန်းမိသားစုသို့ သွားခဲ့သည်။

ရိုးရိုးသားသားပြောရလျှင် ယင်းက
ကျွင်းရှောင်ယောက်၏ မိခင်မျိုးနွယ်ဆီကို ပထမဆုံး
ခရီးစဉ် ဖြစ်သည်။

ကျွင်းရှောင်ယောက်လည်း ရှေးဟောင်း
မိသားစုသုံးစုထဲမှ တစ်ခုဖြစ်သည့်
ကျန်းမိသားစုအကြောင်းကို သိချင်မိလေသည်။

ဤတစ်ခေါက်တွင် အဖိုးဆီသို့
အလည်သွားခြင်းဖြစ်သောကြောင့်
ကျွင်းရှောင်ယောက်သာ မည်သည့်နောက်လိုက်ကိုမျှ
မခေါ်ခဲ့ပါချေ။

ကျန်းရို့၊ ကျန်းစန်းယီ၊ ကျန်းလော့လီ၊
ကျန်းရှီလင်းတို့နှင့်သာ အတူတကွ သွားခဲ့ကြသည်။

သူတို့နှစ်ယောက်ကလည်း ကျန်းမိသားစုကို
အတူပြန်ကြပေလိမ့်မည်။

ကျွင်းမိသားစု၏ တောင်တံခါးအပြင်ဘက်
လေထဲတွင် လှုပသော သင်္ဘောကြီးတစ်စင်း
ရှိနေသည်။

ကျွင်းရှောင်ယောက် ရောက်လာသောအခါ ကျန်းရှို့နှင့်
အခြားသူများက ကြိုရောက်နေကြောင်း
မြင်လိုက်ရလေသည်။

ကျန်းစန်းယီလည်း ထိုနေရာတွင် ရှိသည်။

သူမ၏ နှင်းဖြူအဝတ်အစားများသည်
အညစ်အကြေးများ ကင်းစင်ပြီး လေအတိုးတွင်
လွင့်ပျံနေကာ နတ်သမီးတစ်ပါးသဖွယ် ရှိနေသည်။

သူမက လေထဲတွင် ကခုန်နေသော
လိပ်ပြာလေးတစ်ကောင်ကဲ့သို့ ယခုအချိန်တွင်
ထူးခြားသော အလှတစ်မျိုး ရှိနေလေသည်။

ကျန်းစန်းယီက ကျွင်းရှောင်ယောက် လာနေသည်ကို
မြင်ရသော်လည်း မျက်နှာအမူအရာ မပြောင်းလဲပေ။
သူမက တည်ငြိမ်လွန်းပြီး ထိုအဖြစ်အပျက်ကို
လုံးဝမေ့သွားသကဲ့သို့ပင် ဖြစ်သည်။

ကျွင်းရှောင်ယောက်ကလည်း အများကြီး မပြောခဲ့ပေ။

ဆန့်ကျင်ဘက်အနေဖြင့် ကျန်းလော့လီက
ပြုံးပြုံးရွှင်ရွှင်နှင့် ရှေ့ကိုလှမ်းကာ
ကျွင်းရှောင်ယောက်၏လက်ကို ဆွဲခေါ်လိုက်သည်။
"အစ်ကိုရှောင်ယောက်၊ ဒါက ကျန်းမိသားစုက အိမ်ကို

ပထမဆုံးသွားရတာ မဟုတ်လား"

ကျွင်းရှောင်ယောက်က ခေါင်းညိတ်ပြီး
ကျန်းလော့လီ၏ ခေါင်းလေးကို
ခပ်ဖွဖွပုတ်လိုက်သည်။

ထိုအခိုက်တွင် သူ့မျက်လုံးထောင့်မှတဆင့်
ကျန်းစန်းယီသည် ကျန်းလော့လီတို့၏ ပျော်နေကြပုံကို
မမြင်လိုဟန်ဖြင့် တစ်ဖက်သို့ မျက်နှာလွှဲသွားကြောင်း
သူတွေ့လိုက်ရသည်။

ကျွင်းရှောင်ယောက် တိတ်ဆိတ်သွား၏။

ငါက ဘာမှမလုပ်ခဲ့ဘူးဆိုတာ အသိသာကြီးပဲလေ၊
အခု ငါက နှလုံးသားမဲ့သလို ဘာလို့ ခံစားရတာလဲ။

-----------

စာစဥ် ( ၂၉ ) ပြီးပါပြီ။